# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁) ရက် ၊ တနင်္လာနေ့ ၊ (30-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၈၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဌမမြောက်နေ့ပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လေ့ကျင့်ရေးကဇာတ်ရုံ၌ ကျင်းပပြုလုပ်လျက်ရှိသည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဌမမြောက်နေ့ပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့အမျိုးသားယဉ်ကျေးမှုကို မြှင့်တင်ထိန်းသိမ်း

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-II) ၌ အောက်တိုဘာ ၂၄ ရက်တွင် စတင်ဖွင့်လှစ်သော (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်ကို တွေ့ရသည်။

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များကို ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက်(၄) ရပ်ဖြင့် ကျင်းပနေခြင်းဖြစ်ပေသည်။

**“မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် ပြိုင်ပွဲအမျိုးအစားများကို အရေအတွက်အရရော၊ အရည်အသွေးအရပါ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်စီစဉ်ပေးခဲ့ပါကြောင်း၊ ယခုနှစ် (၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင်လည်း မိမိတို့၏စိတ်ဆန္ဒအလျောက် မြန်မာ့အနုပညာကို စိတ်ပါဝင်စားမြတ်နိုးသူများတိုးပွားလာမှု၊ မိဘပြည်သူများ၏ အားပေးမှု၊ နိုင်ငံတော်၏အားပေးချီးမြှင့်မှု၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှတာဝန်ရှိသူများ၏ ထောက်ပံ့ကူညီမှုတို့ကြောင့် ယခင်နှစ် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲထက် ပြိုင်ပွဲဝင်ဦးရေတိုးတက်များပြားလာသည်ကိုလည်း အားရကျေနပ်ဖွယ်ရာတွေ့ရပါကြောင်း”** အောက်တိုဘာ ၂၄ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-II) ၌ ကျင်းပပြုလုပ်သော (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ခဲ့ကြသည့် မျိုးဆက်သစ်များအနေဖြင့် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပြီး အတူတကွ ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေး ဆက်လက်ကြိုးစားတည်ဆောက်သွားကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာလူမျိုးတို့၏ ထူးခြားမြင့်မြတ်သည့် အစဉ်အလာများနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ပိုမိုထွန်းတောက်ရေး၊ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟု ဝင့်ဝင့်ထည်ထည် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိမြဲမြံစွာဖြင့် မြန်မာ့အမျိုးသားယဉ်ကျေးမှုကို ဆက်လက်မြှင့်တင်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့်အာလူးများ တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ဖြင့် ဈေးကောင်းရရှိလာ

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေး ဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့် အာလူးများ တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ဖြင့် ဈေးကောင်းရရှိလာကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း ပခုက္ကူ၊ ရေဦးနှင့် နောင်ချိုဘက်မှ ထွက်ရှိသည့်အာလူးများ အများဆုံး အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့်အာလူးများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

“အခု ပခုက္ကူနဲ့ ရေဦးဘက်က ထွက်တဲ့အာလူးတွေ မန္တလေးဈေးကွက်အတွင်း လက်ကျန်တော်တော်လေးများနေတယ်။ နောင်ချိုဘက်ကထွက်တဲ့ အရည်အသွေးကောင်းတဲ့အာလူးတွေကတော့ မန္တလေးဈေးကွက်အတွင်းမှာ လက်ကျန်နည်းလာတာကြောင့် ဈေးကောင်းပြန်ရလာပါတယ်”ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှ ထွက်ရှိသည့် အာလူးဈေးနှုန်းမှာ အောက်တိုဘာလ တတိယပတ်က တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာ ၂၈ ရက်တွင် နောင်ချိုဘက်မှထွက်ရှိသည့် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

“အခုလောလောဆယ်ကတော့ အာလူးဈေးကွက်က အရောင်းအဝယ် ပြန်ပြီးကောင်းလာတယ်။ ပြည်တွင်းကထွက်ရှိတဲ့ အာလူးတွေ အရောင်းအဝယ် ဒီထက်ပိုကောင်းလာနိုင်ပြီး ဈေးကောင်းလဲရလာနိုင်ပါတယ်”ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

## သီတင်းကျွတ်လပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိ



**မန္တလေး အောက်တိုဘာ ၂၉**

အဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်လပြည့်နေ့ (ယနေ့)တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့ကျရောက်သော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ နေ့ထူးနေ့မြတ်ဖြစ်သည့် အဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်လပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဆီမီးပူဇော်ခြင်း၊ အမွှေးနံ့သာပန်းမန်များ ကပ်လှူခြင်း စသည် ကုသိုလ်ပြုလုပ်သော အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

“သီတင်းကျွတ်လပြည့်နေ့ဟာ မြန်မာလူမျိုးတို့ရဲ့ နေ့ထူးနေ့မြတ်ဆိုတော့ မဟာမုနိရုပ်ရှင်တော်မှာ မနက်ကတည်းက ဘုရားဖူးတွေ အများအပြားပါပဲ။ လူစည်ကားတဲ့အတွက် ခိုးဆိုးလုနှိုက်မဖြစ်ပွားဖို့ လုံခြုံရေးအပြည့်ယူထားပါတယ်။ ဒီနေ့တစ်ရက်မှာတော့ ဘုရားကို ည ၈ နာရီထိ အချိန်တိုးဖွင့်လှစ်ပေးခဲ့ပါတယ်။ ဂေါပကအဖွဲ့က ဦးဆောင်ပြီးတော့ ညပိုင်းမှာ ဘုရားဖူး ရဟန်းရှင်လူပြည်သူ အလှူရှင်တွေက ဆီမီး ၂၀၀၀၀ ထွန်းညှိပူဇော်ကြပါတယ်”ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို ယနေ့ညနေထိ ဘုရားဖူး ၅၃၉၆၇၂ ဦး လာရောက်ဖူးမြော်ကြပြီး ဘုရားဖူးများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက် ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ရှိ အထင်ကရ နေရာများဖြစ်သည့် မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့၌လည်း ဘုရားဖူးများဖြင့် နံနက်အစောပိုင်းမှစ၍ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။ (၁၈၅)

## သီတင်းကျွတ်လပြည့်နေ့တွင် တောင်သမန်တံတားနှင့် အင်းသို့ ပြည်တွင်းခရီးသွားဦးရေ ၄၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့

**မန္တလေး အောက်တိုဘာ ၂၉**

သီတင်းကျွတ်လပြည့်နေ့(ယနေ့)တွင် တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ ပြည်တွင်းခရီးသွားဦးရေ ၄၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တောင်သမန်တံတားနှင့် အင်းမှာ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် တောင်သမန်အင်း၌ သီတင်းကျွတ်လပြည့်နေ့(ယနေ့)တွင် လာရောက်လည်ပတ်သည့်ပြည်တွင်းခရီးသွားများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

“သီတင်းကျွတ်လပြည့်နေ့မှာ ပြည်တွင်းက ခရီးသွားတွေ တောင်သမန်အင်းနဲ့ တောင်သမန်တံတားပေါ်ကို အနားယူအပန်းဖြေရင်း လာရောက်လည်ပတ်မှုက တော်တော်လေးများခဲ့တယ်။ တချို့လဲ ရန်ကုန်၊ ပြင်ဦးလွင် စတဲ့ နယ်ဝေးဒေသက ခရီးသည်တွေပါ လာရောက်လည်ပတ်မှု တော်တော်လေး များပြားပါတယ်”ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်အင်းနှင့် တောင်သမန်တံတားသို့ လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ အောက်တိုဘာလ တတိယပတ်အတွင်းက တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်သာ ရှိခဲ့သော်လည်း သီတင်းကျွတ်လပြည့်နေ့ (ယနေ့)တွင် တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွား ဦးရေ ၄၀၀၀၀ ကျော်ထိရှိကြောင်း သိရသည်။

“အခုက အခါကြီးရက်ကြီးဖြစ်တဲ့ သီတင်းကျွတ်လပြည့်နေ့ဖြစ်တဲ့အပြင် ရုံးပိတ်ရက်ဖြစ်တာကြောင့် တောင်သမန်တံတားနဲ့ တောင်သမန်အင်းမှာ မိသားစုလိုက် အပန်းဖြေတာတွေလဲ များတယ်။ ပြည်ပကခရီးသွားဧည့်သည်တွေလဲ လာရောက်လည်ပတ်မှု ရှိပါတယ်”ဟု ဦးစိုးဝင်းက ဆက်လက်ပြောပြသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ၄က်လှေများဖြင့် ကြည့်ရှုနိုင်ရန် ၄က်လှေ အစီးရေ ၅၀ ကျော်ဖြင့်လည်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်ဒေးရှင်းနှင့် ... စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြေပုံမြို့နယ် နတ်လှကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြေပုံ အောက်တိုဘာ ၂၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဥက္ကံကျေးရွာအုပ်စု နတ်လှကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်၊ မြေပုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းနွယ်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နတ်လှကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်က ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်မှာကြားသည်။

နတ်လှကျေးရွာ၌ အရှည် ပေ ၄၄၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၆ ဒသမ ၈ သိန်း စုစုပေါင်း ငွေကျပ် ၁၆၆ ဒသမ ၈ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းနွယ်ထံမှ သိရသည်။

**ကိုသန်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၇၉ လမ်း၊ ၂၉ လမ်း-လမ်း ၃၀ နေ ဒေါက်တာဆုသက်မွန်ထွန်းက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၇၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းမုန်လာစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၁၈၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဟင်းသီးဟင်းရွက် ၁၃၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်သည့်အတွက် ဒေသထွက်ကုန် သီးနှံများကိုသာ ရောင်းချနိုင်ပြီး မိသားစုဝင်ငွေတိုးပွားစေကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၁၁၈၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေတိုးလာမဲ့အပြင် တခြားဒေသကနေလဲ သီးနှံတွေ တင်သွင်းရောင်းချစရာမလိုတော့ပါဘူး။ စိုက်ပျိုးထားတဲ့ ဟင်းသီးဟင်းရွက် အသီးအနှံတွေကလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ ဟင်းသီးဟင်းရွက်တွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ ဆောင်ရွက်ပေးပါတယ်။ လက်ရှိဟင်းသီးဟင်းရွက် ၁၃၇၉ ဧက စိုက်ပြီးပါပြီ။ ကျန်တဲ့စိုက်ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်"ဟု ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရာ၌ နံနံ၊ ခရမ်းချဉ်၊ ခရမ်း၊ ချဉ်ပေါင်၊ ဘူး၊ ရုံးပတီ၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ တိုင်ထောင်ပဲ၊ ကန်စွန်း၊ သခွား၊ ကြက်ဟင်းခါး စသည့်သီးနှံများ စိုက်ပျိုးထားကြောင်း သိရသည်။ (၁၈၅)

# စေတုတ္တရာမြို့နယ် မြေနီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေနီကုန်းကျေးရွာအုပ်စု မြေနီကုန်းကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြေနီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းရေရှည်အောင်မြင်ရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

စေတုတ္တရာမြို့နယ် မြေနီကုန်းကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်း၊ ရေလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ပြောပြ၍ သိရသည်။

**ကိုညို**

# မိုင်းဖြတ်မြို့နယ် ဟောင်ဟင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းဖြတ် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် နမ့်ကုန်းကျေးရွာအုပ်စု ဟောင်ဟင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ဟောင်ဟင်ကျေးရွာ၌ အရှည်ပေ ၄၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**စင်မာ**



# ရှာဖွေလေ တွေ့ရှိလေ

## ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

ရှာရှာဖွေဖွေဆိုသောစကားက ထူးထူးဆန်းဆန်း၊ သဘာဝမကျတာလားဆိုသော သံသယဖြင့် အထွန့်တက်သော အတည်ပြုချက် ထပ်မံတောင်းဆိုသော စကားလေသံဖြစ်ဟန်တူသည်။

"ရှာဖွေလေလေ တွေ့ရှိလေလေ"ဆိုသော စကားကမူ သုတေသနပြုလေလေ အသစ်အဆန်းများ ပိုမိုထုတ်ဖော်သိရှိရလေလေ၊ စူးစမ်းလေလေ ကျယ်ပြန့်စွာ၊ ရှင်းလင်းစွာ ဆက်စပ်နားလည်ရလေလေ၊ မသိခဲ့သေးသော၊ မသိဖူးသောအရာများကို အသစ်အဆန်းအဖြစ် သိလာရလေလေဟု ဆိုလိုပုံရသည်။

စာရေးသူသည် မိုးကုတ်မြို့သို့ နှစ်ခေါက်ရောက်ခဲ့ဖူးသည်။ ဝန်ထမ်းဘဝဖြင့် သတင်းစာဆရာ တာဝန်သဘောလူကြီးများနှင့် လိုက်ပါရသော ခရီးစဉ်များဖြစ်ခဲ့သည်။ တစ်ညအိပ် တစ်ကြိမ်၊ နေ့ချင်းပြန် တစ်ကြိမ် ရဟတ်ယာဉ်ဖြင့်သွားကြပြီး ရဟတ်ယာဉ်ဖြင့် ပြန်လာရသည်။ ကောင်းကင်ပေါ်မှ ငှက်မျက်စေ့မြင်ကွင်းကျယ် မြို့အခြေအနေကို ငုံကြည့်ခဲ့ရပါ၏။

**စရိုးစဉ်**

အထက်အကြီးအကဲများ သွားလေရာသို့ နောက်က တကောက်ကောက်လိုက်ပါရသည်ဖြစ်ရကား မိမိကိုယ်ပိုင်သွားလာရသကဲ့သို့ မဟုတ်ပါ။ ကိုယ်ကြည့်ချင်တာကြည့်၍မရသကဲ့သို့ ကိုယ်သွားလိုရာ၊ စားလိုရာလည်း သွားလို့မရ၊ စားလို့မရပေ။ တာဝန်ကိုသာ ပထမဦးစားပေးထမ်းဆောင်ရပြီး စားရေးနေရေး၊ အိပ်စက်ရေးစသည်တို့မှာ ကြုံသလိုဖြစ်သလို နေတတ်စားတတ်ခဲ့သည်ကလည်း နှစ်ပေါင်းများစွာ အလေ့အကျင့်ရခဲ့ပြီးသားဖြစ်ပါသည်။ ဘာမှမထူးဆန်းတော့ပေ။

အဖိုးတန် ကျောက်သံပတ္တမြားတွေ အကြီးအငယ် အရွယ်အစားစား အနီးကပ်မြင်တွေ့လေ့လာခွင့်ရသော်လည်း မိမိက စိတ်မဝင်စားခဲ့မိချေ။ ကျောက်မျက်ရတနာနှင့် မိမိသည် အလှမ်းဝေးကွာလွန်းသည်။

စာဖတ်သူများကို ပြန်ရေးပြရလျှင် မိမိက ရှင်းရှင်းလင်းလင်း၊ တိတိကျကျ သိရှိနားလည်ထားပြီးမှ ရေးသားရမည်။ အတိမ်းအစောင်း အလွဲအချော်မပါဘဲ ဖော်ပြနိုင်ရမည်မို့သာ ဂယနဏမေးရစမ်းရ၊ ကြည့်ရှုလေ့လာရသော်လည်း ထိုအရာတို့ကို လိုချင်စိတ်လည်းမရှိ။ တပ်မက်ခြင်းလည်းမရှိ။ မိမိနှင့်လုံးဝမဆိုင်ဟု နားလည်ထားပါ၏။

လုပ်ငန်းခွင်နေရာအချို့ကို တော်တော်စုံအောင် ဝင်ရောက်လေ့လာကြည့်ရှုခွင့်ရပါသည်။ ခရီးမထွက်ခွာခင်ကလည်း ဒေသန္တရဗဟုသုတနှင့် အကြောင်းအရာဗဟုသုတတို့ကို မိမိစာအုပ်စင်နှင့် စာကြည့်တိုက်များမှ လေ့လာစုဆောင်းကာ မှတ်သားခဲ့ပါ၏။ ယခုခေတ်ကဲ့သို့ ဂူးဂဲလ်များ၊ ယူကျူများ မပေါ်သေးပေ။ ဖုန်းထဲမှာပင် ကမ္ဘာလုံးကို လက်ဝါးပေါ်ထည့်ပြီး စုံစမ်းတောင်းယူနိုင်သော မြန်ဆန်တိကျမှုမျိုးမရှိခဲ့သေးပေ။ စွယ်စုံကျမ်းများ၊ စာကြည့်တိုက်များကိုသာ အားကိုးရ၏။ ထိုကဲ့သို့ မိမိတို့ဆီမှာ ခေတ်မမီသေးသော်လည်း ခေတ်ရှေ့လွန်ရောက်ရှိနေကြသော အနောက်တိုင်းသတင်းမီဒီယာများနှင့် ယှဉ်ပြိုင်နေကြရသည်ဖြစ်သဖြင့် လူကပိုကြိုးစားရသည်။ လူသားက ပိုပြီးအားစိုက်ကြရသည်။ အတတ်ပညာ၊ နည်းပညာနှင့် လက်နက်ကိရိယာချင်းမယှဉ်သာအောင် အားနည်းနိမ့်ကျနေစဉ်မှာ သတိရှိခြင်း၊ ကြိုတင်မြော်တွေးတတ်ခြင်း၊ သွက်လက်မြန်ဆန်စွာ အထိရောက်ဆုံးတုံ့ပြန်နိုင်စွမ်းရှိခြင်းတို့ကိုတော့ အောက်တန်းမကျအောင် ဆည်းပူးလေ့ကျင့်ထားရသည်။ နိုးကြားရသည်။

**ကြိုးစားရ**

ဂဏန်းပေါင်းစက်နှင့် လက်ကိုင်ဖုန်းမပါလျှင် သင်္ချာကိန်းများများတွက်ရန် အခက်အခဲတွေ့ရလေ့ရှိသော အနောက်တိုင်းသားများကြားမှာ ငယ်ငယ်က မူလတန်းအရွယ်ကပင် ၁၆ အလီအထိ အမြီးပြန်ခေါင်းပြန် အလွတ်ရအောင် အော်ကျက်ခဲ့ရသော ပင်ပန်းခက်ခဲမှုသည် မိမိအတွက် စိတ်တွက်နှင့်ဖြစ်စေ၊ စာရွက်ပေါ်ရေးချ တွက်ချက်၍ဖြစ်စေ သူတို့အံ့အားသင့်ရအောင် အဖြေမှန်ကိန်းဂဏန်းပြောပြနိုင်ခဲ့လေသည်။ တို့ဦးနှောက်ထဲမှာ ဂဏန်းတွက်စက်ထည့်ထားလို့ပါဟု ရယ်ရယ်မောမောပြောရသည်။ အောက်ကျနောက်ကျဖြစ်ရခြင်းကြောင့် မိမိတို့ ပိုပြီး သူတို့ထက် အဆများစွာကြိုးစားနေရမှာပါကလားဟု စေ့ဆော်မှုခွန်အားရသည်။

စာဖတ်သူလည်း သိပြီးသားပင်။

ဘယ်အရာမှ အလကားမရ။

မည်သည့်အရာမဆို လောက၏သဘာဝက တန်ရာတန်ကြေးပေးမှ ထိုက်တန်သောအရာကိုရစမြဲမဟုတ်ပါလား။ ရေသာခို ရေစုန်မျှောနေခဲ့ပြီး အချောင်ရလိုစိတ်မျိုး၊ ဖဲသမား၊ အရက်သမားစိတ်မျိုး၊ ခိုးလည်းရတာပဲ၊ ဝှက်လည်းရတာပဲဟု လွဲမှားစွာမခံယူမိဖို့တော့ လိုလေသည်။ ကြိုးစားအားထုတ်လို့ သေသူဟုမရှိသော်လည်း မသမာဖြတ်လမ်းလိုက်သဖြင့် လိမ်ညာခိုးဝှက်သောကြောင့် ဒုက္ခအမျိုးမျိုးကြုံတွေ့ရပုံ သင်ခန်းစာများ သတင်းစာမှာ မကြာခဏဖတ်ရတတ်သည်မဟုတ်လား။

**တိကျရ**

သတင်းသမားအဖို့ကတော့ ရောက်ဖူးတယ်ဆိုရုံမျှဖြင့်မပြီးချေ။ စာရေးဆရာ လေသူရဲတစ်ဦး (ဗိုလ်မှူးလှဝင်း)၏ ကျောက်မျက်အကြောင်း စာတွေဖတ်ထားသမျှ (သူလို မိုးကုတ်သူကျောက်သူဌေးသမီးနှင့် မရသော်လည်း) ကျောက်တူးခြင်း၊ ကျောက်ဆေးခြင်း၊ ကျောက်ရွေးခြင်း၊ ကျောက်သွေးခြင်း စသည်တို့ကို ကိုယ်တွေ့မျက်မြင်လေ့လာခွင့်ရစဉ် လေ့လာမှတ်သားခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနတစ်ခု၏ အကြီးအမှူးအဖြစ်တာဝန်ယူခဲ့ရစဉ် သိစရာများကို သိအောင်ကြိုးစားရလေသည်။

လူကြီးမေးလျှင် ဖြေနိုင်အောင် အဆင်သင့်ဖြည့်ဆည်းထားရသကဲ့သို့ ပြည်သူများ သိသင့်သိထိုက်သော ကိုယ့်နိုင်ငံအကြောင်း၊ ကိုယ့်လူမျိုးအကြောင်း၊ ကိုယ့်ပထဝီ၊ ရေမြေတောတောင်၊ သယံဇာတ သဘာဝများအကြောင်းကို အခြေအနေအချိန်အခါသင့်လျှင် ရေးသားတင်ပြနိုင်အောင် အချက်အလက်စုဆောင်းရပေသည်။ ဓမ္မကြောင်း၊ ရာဇကြောင်း၊ လောကကြောင်း မိမိမြင်ရကြားရသမျှ ကုန်ကြမ်းအဖြစ် ထည့်သွင်းထားရ၏။ ထိုအချိန်က ကျောက်မျက်ဦးဆောင်ညွှန်ကြားရေးမှူးမှာ ဦးခင်ဦးဖြစ်၏။ သူက တပ်ရေးဗိုလ်ကြီး၊ မိမိက တပ်စုမှူး လူပျိုရိပ်သာဆောင်မှာ အတူနေကြရသဖြင့် တစ်မိသားစုညီအစ်ကိုပမာ ရင်းနှီးခဲ့ပါသည်။

ကျောက်မျက် ညွှန်/ချုပ်နှင့် ရင်းနှီးခဲ့ပါသော်လည်း ကျောက်ဝယ်ဖို့စိတ်ကူးမရှိပါ။

ကျောက်တန်ဖိုးလည်း စိတ်မဝင်စားပါ။

ကျောက်သံပတ္တမြား ပိုင်ဆိုင်လိုခြင်းမရှိခဲ့။

**မလိုချင်**

လက်ခလယ်၊လက်သူကြွယ်တို့မှာ စိန်၊ မြ၊ ပတ္တမြား၊ ကျောက်စိမ်းစသော ရတနာလက်စွပ်တန်ဆာတို့ဖြင့် လက်ကို ဆင်ယင်အလှပြင်ခြင်းထက် ဆင်းရဲချို့တဲ့သော သူတို့ကို အစာရေစာ၊ အဝတ်အစား ပံ့ပိုးပေးဝေလှူဒါန်းသော လက်ကသာလျှင် ပိုမိုလှပပါပေသည်ဟု ဖတ်ဖူးမှတ်ဖူးသည်။ ထို့ကြောင့် မျက်စိရှေ့မှောက်မှာ တောက်တောက်ပြောင်ပြောင် လှလှပပတွေမြင်ရသော်လည်း လိုချင်လောဘလုံးဝမဖြစ်ပေါ်ပေ။ လိုချင်တပ်မက်မှုကင်းသဖြင့် မြင်သာမြင်ရမကြင်ရဆိုသော စိတ်နှလုံးဆင်းရဲပင်ပန်းခြင်းလည်း မခံစားရ။

❖ လုပ်ငန်းခွင်နေရာအချို့ကို တော်တော်စုံအောင် ဝင်ရောက်လေ့လာကြည့်ရှုခွင့်ရပါသည်။ ခရီးမထွက်ခွာခင်ကလည်း ဒေသန္တရဗဟုသုတနှင့် အကြောင်းအရာဗဟုသုတတို့ကို မိမိစာအုပ်စင်နှင့် စာကြည့်တိုက်များမှ လေ့လာစုဆောင်းကာ မှတ်သားခဲ့ပါ၏။ ယခုခေတ်ကဲ့သို့ ဂူးဂဲလ်များ၊ ယူကျူများ မပေါ်သေးပေ။ ဖုန်းထဲမှာပင် ကမ္ဘာလုံးကို လက်ဝါးပေါ်ထည့်ပြီး စုံစမ်းတောင်းယူနိုင်သော မြန်ဆန်တိကျမှုမျိုးမရှိခဲ့သေးပေ။ စွယ်စုံကျမ်းများ၊ စာကြည့်တိုက်များကိုသာ အားကိုးရ၏။ ထိုကဲ့သို့ မိမိတို့ဆီမှာ ခေတ်မမီသေးသော်လည်း ခေတ်ရှေ့လွန်ရောက်ရှိနေကြသော အနောက်တိုင်းသတင်းမီဒီယာများနှင့်ယှဉ်ပြိုင်နေကြရသည်ဖြစ်သဖြင့် လူကပိုကြိုးစားရသည်။ ❖

လူကြီးခရီးစဉ်မှာ လိုက်ပါရင်း ကချင်ပြည်နယ် ဖားကန့်မြို့သို့လည်း နှစ်ကြိမ်နှစ်ခေါက်ရောက်ခဲ့ဖူးပါ၏။ ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ဆန်းဝင်းရှိစဉ်ကတစ်ခါ၊ ဗျူဟာမှူး ဗိုလ်မှူးကြီး တင်ရှိန်ရှိစဉ်ကတစ်ခါ နေ့ချင်းပြန်သွားရောက်ကြည့်ရှုကြခြင်းဖြစ်ပါသည်။ ဦးအောင်ဆန်းဝင်း၊ ဦးတင်ရှိန်တို့နှင့်လည်း တပ်ရင်းမှူးသင်တန်း၊ စစ်ဦးစီးတက္ကသိုလ်သင်တန်းတို့တွင် အတူတကွတက်ခဲ့ကြသဖြင့် ခြောက်လကိုးလ အတူနေ၊ အတူစားမိတ်ဆွေရင်းချာများဖြစ်ခဲ့သူတွေပင်။ ခင်မင်ကြပါသည်။

လူကြီးခရီးစဉ်တွင် လေ့လာကြည့်ရှုစရာနေရာများ၊ တပ်ပိုင်းဆိုင်ရာလုံခြုံရေးအခင်းအကျင်းများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် အစည်းအဝေး၊ ဆွေးနွေးတိုင်ပင်ခြင်း၊ သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုမီဒီယာများမှာ သတင်းထုတ်ပြန်ရန် စီမံဆောင်ရွက်ရပါသည်။ ပြန်ကြားရေးညွှန်/ချုပ်သည် အစိုးရ၏ သတင်းထုတ်ပြန်ပေးရန် တာဝန်သာမက ပြည်သူလူထုအတွက် မြင်ရကြားရအောင် မျက်စိ၊ နားဖွင့်ပေးရသော နားမျက်စိဟုလည်း ခံယူပါသည်။ မင်္ဂလာရှိသောမြင်ကွင်းများ၊ ကျက်သရေရှိသောစကားများ ပြည်သူအများစိတ်ချမ်းသာကြည်လင်အောင် မည်သို့ ကြိုးစားစွမ်းဆောင်နိုင်မည်လဲ။ တာဝန်ကျေပွန်အောင် ထမ်းဆောင်ခဲ့ပါသည်။

**ဓာသမား**

ညွှန်/ချုပ်လုပ်နေစဉ်မှာပင် တစ်ဖက်ကလည်း စာရေးဆရာဖြစ်သဖြင့် ထိုအချိန်က စာပေဟောပြောပွဲများ ဒေသအတော်များများက ဖိတ်ကြားခံရပါသည်။ အဓိကတာဝန်မလစ်ဟင်းလျှင် ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က သွားခွင့်ပေးပါသည်။ ပေးမှာပေါ့။ သူလည်း ကဗျာဆရာ၊ တေးပြုစာဆိုကဏ္ဍာဆွေပေပဲ။ အမတမျိုးစေ့ဆိုသော သူ၏တေးသီချင်းကို နားထောင်ကြည့်လျှင် သိရပေမည်။ ဗိုလ်ချုပ် ကြည်အောင်နှင့် မိမိမှာ စာပေသမားချင်း၊ ကဗျာအနုပညာ မြတ်နိုးကြသူချင်းဖြစ်၍ စကားလက်ဆုံကျမိလျှင် ထမင်းမေ့ဟင်းမေ့။ ညဉ့်နက်သန်းခေါင်ထိအောင် စကားမပြတ်ဖြစ်တတ်ပါ၏။

**စာပေဟောပြော**

စာရေးဆရာမောင်မြင့်ကြွယ်(ဘာသာပြန်စာအုပ်ကောင်းများဖြင့် အထူးထင်ရှားသောဆရာကြီး)၊ ကာတွန်းဆရာငွေကြည်တို့နှင့်အတူ ဖားကန့်မြို့၊ မိုးညှင်းမြို့၊ မြစ်ကြီးနားမြို့တို့သို့ စာပေဟောပြောပွဲ သွားရောက်ခဲ့ရဖူး၏။ မိမိတို့သုံးဦးစလုံးက အရက်သေစာ မသောက်စားသဖြင့် ဧည့်သည်နှင့်ရောပြီး အကောင်းစားပုလင်းတွေ အတူဖြိုကြမည်ဟု အားခဲထားသော အချို့အိမ်ရှင်များက သဘောမတွေ့လှ။ ဟောပြောသည့်အခါမှာလည်း စာပေအကြောင်း၊ ယဉ်ကျေးမှု၊ အမျိုးသားရေး၊ မိသားစုဘဝတိုးတက်ရေး၊ ရယ်စရာ မောစရာ ဟာသတွေလည်းပါသော်ငြားလည်း အပုတ်အခတ်၊ ကလိတိတိ ရိတိတိ၊ မထိတထိ အတင်းပြောခြင်းမျိုးမပါသဖြင့် အားမရလှ။

လူနည်းစုဘဝင်မကျလည်း မတတ်နိုင်ပေ။

ကိုယ့်အကျင့် ကိုယ့်မူဝါဒအရ သူတစ်ပါးနှင့် ရေလိုက်ငါးလိုက်ဖြစ်စေရန် မူးယစ်မေ့လျော့ သောက်စားခြင်းမပြုနိုင်ပါ။ ပရိသတ် နှစ်ခြိုက်စေရန် မဆဲရဲတမယ် သူတစ်ပါးကို ချိုးနှိမ်ပုတ်ခတ် အသရေဖျက်ခြင်းသဘောမျိုးကို မပြောဟောနိုင်ချေ။ နေရာတကာ အများအလိုလိုက်ပါ၍မရ။ ဓမ္မကိုဖီဆန်၍မရ။ သီလကို ချိုးဖျက်၍မရ။

**နောက်တစ်ခေါက်**

ဖားကန့်ကျောက်စိမ်းမြို့တော်ကို စတုတ္ထအကြိမ်မြောက် စာပေဟောပြောပွဲအနေဖြင့် ရောက်ခဲ့ရပါသေး၏။ ဆရာကြီး ချစ်စံဝင်း ဆက်သွယ်စီစဉ်ပေးခြင်းဖြင့် ဖားကန့်မြို့ရပ်ကွက်များ၊ စာသင်ကျောင်းများမှာ "ကျေးဇူးကြီးလှ မိနှင့်ဘ" အကြောင်းအရာ အဓိကထား၍ ဟောပြောခဲ့ပါ၏။ ဆရာကောင်းသန့်နှင့် မိမိ နှစ်ယောက်တည်း။

ဆရာကောင်းသန့်ကလည်း ကျောင်းဆရာထွက်၊ မိမိကလည်း ဗထူးစစ်ဦးစီးတက္ကသိုလ်နည်းပြဘဝမှလာခဲ့ (နှစ်ဦးစလုံး အရက်မသောက်)၊ မိဘကျေးဇူးအကြောင်း သေချာစွာ အချိန်ယူစုဆောင်းပြုစုခဲ့ကြပြီး ပွဲပေါင်းနှစ်ဆယ်ခန့်၊ နေ့ပွဲညပွဲတစ်ပတ်ကြာလှည့်လည်ဟောပြောခဲ့ကြပါသည်။ သားရတနာ၊ သမီးရတနာတို့ မိဘကျေးဇူးနားလည်ကြစေရန်။ မိမိအဖို့ သီးခြားစာအုပ်တစ်အုပ် ခရီးသွားမှတ်တမ်းရေးနိုင်ခဲ့ပါ၏။ ကျောက်စိမ်းမြို့တော်မှ ဘာကျောက်မှ မဝယ်လာခဲ့ပါ။

တကယ်တော့ ဘဝဆိုသည်မှာ တိုတောင်းလှပါသည်။ တစ်နှစ်ပြီးတစ်နှစ် အသက်များကြီးရင့်လာသောအခါ အတိတ်သည် ဝေးလွင့်ပျောက်ကွယ်သွားပါတော့သည်။ မိုးကုတ်မြို့ရောက်ခဲ့ပါလျက် ကျောက်တစ်စေ့မှမပါလာ။ ဖားကန့်ကျောက်စိမ်းမြို့တော်ဆီသို့ လေးခေါက်လောက်ရောက်ဖူးသော်လည်း ဘာကျောက်မှ မပါလာ။

မယူသောအခါ မရခဲ့ပါ။

မလိုချင်သောအရာမယူလာခဲ့ပါ။

ဘဝမှာ ရှာဖွေရမည့်အရာကား ကုသိုလ်ကောင်းမှုတရားသာ။ တရားရတနာကို သိလွယ်စေရန် ဇယားဖြင့် ပြပါမည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၂၅၉၁ ဧက စိုက်ပျိုးပြီးစီး

**မင်းကင်း အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၂၅၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၂၅၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မင်းကင်းမြို့နယ်မှာ မိုးစပါး ၃၂၅၉၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ အခု စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ အချိန်မီစိုက်ကြဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်"ဟု မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းကပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနွှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

➤ စာမျက်နှာ ၄ မှအဆက်

"ရွာဖွေလေလေ တွေ့ရှိလေလေ" ပိဋကသုံးပုံ ကွဲပြားခြားနားကြပုံ

| စဉ် | ကွဲပြားပုံငါးမျိုး | သုတ် | ဝိနည်း | အဘိဓမ္မာ |
|---|---|---|---|---|
| - | **ဥပမာ** ပြဆိုခြင်း | သစ်ပင်ပမာ | သစ်ပွင့်ပမာ | သစ်သီးပမာ |
| ၁။ | **ဒေသနာ**အားဖြင့်<br>ဟောကြားချက်သဘော | **ဝေါဟာရ**<br>ဒေသနာ<br>လူအများသုံး<br>စကားလုံး<br>များဖြင့်ဟော<br>ဇာတ်ဝတ္ထု သာဓကပါ | **အာဏာ**<br>ဒေသနာ<br>ရှောင်ကြဉ်ဖွယ်<br>အပြစ်လိုက်နာ<br>ဖွယ်ကျင့်ဝတ်<br>စည်းကမ်းဥပဒေ | **ပရမတ္ထ**<br>ဒေသနာ<br>လေးနက်သော<br>တိကျသော<br>အဓိပ္ပာယ် |
| ၂။ | **သာသနာ**အားဖြင့်<br>ဆုံးမခြင်းသဘော | **ယထာနုလောမ**<br>စရိုက်နှင့်လျော်စွာ<br>ဆုံးမခြင်း | **ယထာပရာဓ**<br>အပြစ်အား<br>လျော်စွာ<br>ဆုံးမခြင်း | **ယထာဓမ္မ**<br>သဘာဝအတိုင်း<br>ဆုံးမခြင်း |
| ၃။ | **ကထာ**(စကား)<br>ပါရှိချက်မတူပုံ<br>(အကြောင်းအရာ) | **ဒိဋ္ဌိနိဝေဌန**<br>ကထာအယူ<br>ဝါဒအမှားကို<br>ဖြေရှင်းဟောကြား | **သံဝရကထာ**<br>စောင့်ထိန်း<br>နည်းများ<br>ဟောကြား | **နာမရူပပရိစ္ဆေဒ**<br>ကထာ၊ နာမ်ရုပ်တို့ကို<br>ပိုင်းခြားဟော |
| ၄။ | **သိက္ခာ**၊ ကွဲပြားပုံ<br>(သင်ကြားပို့ချပုံ)<br>ရည်ရွယ်ချက် | **အဓိစိတ္တ**သိက္ခာ<br>စိတ်ကြည်နူးစေရန်<br>ပဓာနထား၍<br>သင်ကြား | **အဓိသီလ**<br>သိက္ခာအကျင့်<br>သီလ ပဓာန<br>ထား၍ သင်ကြား | **အဓိပညာ**<br>သိက္ခာပညာကို<br>ပဓာနထား၍<br>သင်ကြား |
| ၅။ | **ပဟာန်၊**<br>ပယ်ခြင်း<br>သဘော၌<br>ကွဲပြားပုံ | **ပရိယုဋ္ဌာန**<br>ပဟာန်<br>ကိလေသာ<br>သောင်းကျန်းမှုကိုပယ် | **ဝီတက္ကမ**<br>ပဟာန်<br>ကျူးလွန်မှုကိုပယ် | **အနုသယ**<br>ပဟာန်<br>အနုသယ<br>ကိလေသာကို<br>အကြွင်းမဲ့ပယ် |

**နိဗ္ဗာန်**

ထို့ထက်ပို၍ အေးငြိမ်းချမ်းသာစေသော နိဗ္ဗာန်ဆိုလျှင်ကား ငါသူတစ်ပါး၊ သယ်ဆောင်သွားစရာဆို၍ ကောင်းမှုကော၊ မကောင်းမှုပါ ဘာကိုမှ မလိုအပ်တော့ပေ။

မဂ်ဖိုလ်ဆိုက်ပါက အခြားအရာ ဘာကိုမှ ဆက်လက်ရှာဖွေနေစရာမလိုတော့ပါချေ။ လောကုတ္တရာခရီးမဆိုက်သေးမီမှာတော့ တန်ဖိုးအရှိဆုံးသော ဒါန၊ သီလ၊ ဘာဝနာ၊ ပြုကျင့်စရာကံအလုပ်တို့ နေ့စဉ်ရှာဖွေနေကြရဦးမည်သာ။ ရှာဖွေပါ။

## တိုင်းပြည်ခွန်အား မြန်မာပြည်သား

\- မြန်မာမှာ မွေးဖွားပါလို့
သွေးသားက ရွှေမြန်မာ၊
မျိုးရိုးမှန် အဘိုးအဘွား
မြန်မာများပါ၊
အဖေရော အမေဟာ
အမျိုးမြတ်စွာ မြန်မာများ၊
ကိုယ်ပိုင်ဟန် ကိုယ်ပိုင်ဓလေ့နဲ့
ပျော်မွေ့လူသား။

\- လိုက်နာနေ ဗုဒ္ဓစကား
နှလုံးသားက သန့်ရှင်းဖြူ၊
စေတနာ သုံးတန်ပြတ်စွာဖြင့်
မြင့်မြတ်စွာလှူ၊
စေတီပုထိုး ကျောင်းဂူ
တည်ထားသူ မြန်မာများ၊
ယုံကြည်ရာ ဘာသာဓလေ့နဲ့
ပျော်မွေ့လူသား။

\- စိန်ရွှေငွေ ကျောက်သံပတ္တမြားနဲ့
တွင်းထွက်များ ပေါလျှံပေ၊
သီးနှံကို ရာသီအလိုက်
စိုက်ပျိုးရာမြေ၊
မြန်မာပြည်က မြေကြီးတွေ
ရွှေသီးနေတန်ဖိုးများ၊
အဖိုးတန် တောတောင်တန်းက
တိုင်းပြည်စွမ်းအား။

\- သွေးချင်းတွေ ပေါင်းစုထား
နိုင်ငံသား ရွှေမြန်မာ၊
ဘိုးဘွားပိုင် အမွေအနှစ်
ချစ်မြတ်နိုးစွာ၊
ကိုယ့်လက်ထက် ကိုယ့်ရိုးရာ
ကမ္ဘာ့အလယ် ဝင့်ထည်ဖို့၊
မြန်မာပြည် သွေးချင်းများ
(စည်းလုံးစွာဖြင့်. . . )
ကြိုးစားကြစို့။ ။

**ချစ်သက်(မြန်မာစာ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဂါဇာဒေသကို အစ္စရေးဗုံးကြဲမှု နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးပြော

**မော်စကို အောက်တိုဘာ ၂၉**

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးနိုင်ငံက ဗုံးကြဲတိုက်ခိုက်နေမှုသည် နိုင်ငံတကာဥပဒေများနှင့်ဆန့်ကျင်နေပြီး နှစ်ပေါင်းများစွာ ကြာမြင့်သွားနိုင်သည့် ကပ်ဘေးတစ်ရပ်ပေါ်ထွက်လာနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်ကအောက်တိုဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးသည် အစ္စရေး-ဟားမစ်စစ်ပွဲနှင့်ပတ်သက်၍ ဘီလာရုစ်နိုင်ငံပိုင် ဘယ်လ်တာသတင်းဌာနနှင့်တွေ့ဆုံစဉ် အဆိုပါအတိုင်း ဝေဖန်သုံးသပ်ခဲ့ခြင်းဖြစ်သည်။


မိမိတို့အနေဖြင့် အကြမ်းဖက်ဝါဒကိုရှုတ်ချကြောင်း၊ သို့သော် အကြမ်းဖက်ဝါဒကို နိုင်ငံတကာဥပဒေများအား ချိုးဖောက်၍ တုံ့ပြန်နေမှုကိုလည်း မိမိတို့သဘောမတူကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ထို့ပြင် ဂါဇာဒေသတစ်ခုလုံးနှင့် ဂါဇာပြည်သူများ၏ဘဝကို မဖျက်ဆီးဘဲ အစ္စရေးအနေဖြင့် ၎င်းကြွေးကြော်ထားသလို ဟားမစ်အုပ်စုကိုဖျက်ဆီးနိုင်လိမ့်မည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက သုံးသပ်ခဲ့သည်။

အစ္စရေးနိုင်ငံရေးသမားအချို့ ရည်ရွယ်ထားသကဲ့သို့ ဂါဇာဒေသကို ဖျက်ဆီးခဲ့လျှင်၊ ဂါဇာပြည်သူ ၂ ဒသမ ၃ သန်းကို မောင်းထုတ်ခဲ့လျှင် နှစ်ပေါင်းများစွာကြာမြင့်မည့် ကပ်ဘေးတစ်ခုသာပေါ်ထွက်လာနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် အစ္စရေးနှင့် ဟားမစ်အုပ်စုကြား အပစ်အခတ်ရပ်စဲရေး၊အစ္စရေးနှင့်ပါလက်စတိုင်းနှစ်နိုင်ငံယှဉ်တွဲရပ်တည်ရေးတို့ကို ထောက်ခံထားသည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO



# ဂါဇာစစ်ပွဲ ဒုတိယအဆင့်စတင်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု ကြေညာ

**ဂျေရုဆလင် အောက်တိုဘာ ၂၉**

ဟားမစ်အုပ်စုနှင့် ဖြစ်ပွားနေသည့် ဂါဇာစစ်ပွဲဒုတိယအဆင့်ကို စတင်လိုက်ပြီဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အောက်တိုဘာ ၂၈ ရက်တွင် ကြေညာလိုက်သည်။

အောက်တိုဘာ ၂၈ ရက်တွင် အစ္စရေးတပ်များသည် ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ဝင်ရောက်၍ ဟားမစ်အုပ်စုအသုံးပြုနေသည့်မြေအောက်ဥမင် ၁၅၀ခန့်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြသည်။

ဂါဇာစစ်ပွဲ ဒုတိယအဆင့်၏ ရည်မှန်းချက်များမှာ ဟားမစ်အုပ်စု၏အုပ်ချုပ်ရေးနှင့်စစ်ရေးစွမ်းဆောင်ရည်တို့ကိုဖျက်ဆီးရန်နှင့် ဖမ်းဆီးခံထားရသော ဓားစာခံများကို ကယ်တင်ရန်တို့ဖြစ်ကြောင်းအစ္စရေးဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားထားသည်။

ကနဦး မြေပြင်ထိုးစစ်များမှာ လက်ရှိတွင် အကန့်အသတ်ရှိနေသော်လည်း ဓားစာခံများကို ကယ်တင်ရေးအတွက် အစွမ်းကုန်ကြိုးစားမည်ဖြစ်သည်ဟု အစ္စရေးဝန်ကြီးချုပ်က ကတိပြုခဲ့ကြောင်း သိရသည်။

ဂါဇာအခြေစိုက် ဟားမစ်အုပ်စုသည် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အစ္စရေးနိုင်ငံ၌ လူပေါင်း ၁၄၀၀ ကျော်သေဆုံးခဲ့ရသည်။

ထို့ပြင် ဟားမစ်အုပ်စုဝင်များသည် အောက်တိုဘာ ၇ ရက်တိုက်ခိုက်မှုအတွင်း လူပေါင်း ၂၂၉ ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဂျပန်စားသောက်ကုန်များတင်သွင်းခွင့်ပိတ်ပင်မှု ပြန်လည်ရုပ်သိမ်းပေးရန် ဂျီ-၇ အုပ်စုနိုင်ငံများတောင်းဆို




**တိုကျို အောက်တိုဘာ ၂၉**

ဂျပန်စားသောက်ကုန်များအပေါ် တင်သွင်းခွင့်ပိတ်ပင်မှုများ ချမှတ်ထားမှုကို ပြန်လည်ရုပ်သိမ်းပေးရန် ဂျီ-၇အုပ်စုနိုင်ငံများက ယနေ့တွင် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

ဂျီ-၇ အုပ်စု၏ အဆိုပါတောင်းဆိုချက်သည် ဂျပန်စားသောက်ကုန်များတင်သွင်းမှုကိုကန့်သတ်ပိတ်ပင်ထားသည့်တရုတ်နိုင်ငံကို ရည်ညွှန်းသောတောင်းဆိုချက်ဖြစ်သည်။

ဖူကူရှီးမားနျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ပြန်လည်သန့်စင်ထားသော ရေဒီယိုသတ္တိကြွရေများကို ဂျပန်နိုင်ငံက ယခုနှစ်ဩဂုတ်လအတွင်း ပစိဖိတ်သမုဒ္ဒရာအတွင်း စတင်စွန့်ထုတ်ခဲ့ပြီးနောက် တရုတ်နိုင်ငံသည် ဂျပန်စားသောက်ကုန်များတင်သွင်းမှုကို ကန့်သတ်ပိတ်ပင်ခဲ့သည်။

စီးပွားရေးအရ မှီခိုအားပြုခံထားရမှုအား လက်နက်အဖြစ်အသုံးချမှုကိုမိမိတို့ရှုတ်ချကြောင်း ဂျီ-၇အုပ်စုကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် မိမိတို့အနေဖြင့် လွတ်လပ်မျှတ၍ အပြန်အလှန်အကျိုးရှိမည့် စီးပွားရေးနှင့်ကုန်သွယ်ရေးဆက်ဆံမှုများတည်ဆောက်ရန် တာဝန်ရှိကြောင်း ဂျီ-၇ အုပ်စုက ကြေညာထားသည်။

ဖူကူရှီးမားရေဆိုးများကို ဂျပန်နိုင်ငံက ပစိဖိတ်သမုဒ္ဒရာအတွင်း စွန့်ပစ်ခဲ့ပြီးနောက် တရုတ်နိုင်ငံကဲ့သို့ပင် ရုရှားနိုင်ငံကလည်း ဂျပန်စားသောက်ကုန်များတင်သွင်းမှုကို ယခုလအစောပိုင်းတွင် စတင်ကန့်သတ်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# အယ်လ်ဆာဗေဒိုးသမ္မတရွေးကောက်ပွဲ ထပ်မံယှဉ်ပြိုင်ရန် လက်ရှိသမ္မတ ဘူကီလီ မှတ်ပုံတင်စာရင်းသွင်း

**ဆန်ဆာဗေဒိုး အောက်တိုဘာ ၂၉**

အယ်လ်ဆာဗေဒိုးသမ္မတဘူကီလီသည် ၎င်းဦးဆောင်သည့် အတွေးသစ်များပါတီ၏ ပါတီကိုယ်စားပြုသမ္မတလောင်းအဖြစ် လာမည့်နှစ်သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အောက်တိုဘာ ၂၈ရက်တွင် မှတ်ပုံတင်ခဲ့သည်။

သမ္မတဘူကီလီနှင့် ၎င်း၏ရွေးကောက်ပွဲပြိုင်ဘက် လက်ရှိဒုတိယသမ္မတ ဖီးလစ်အာလ်လိုအာတို့သည် သမ္မတလောင်းများမှတ်ပုံတင်ရေးနောက်ဆုံးကာလသတ်မှတ်ချက်မတိုင်မီ မှတ်ပုံတင်ခဲ့ကြခြင်းဖြစ်သည်။

သို့သော် ၂၀၂၄ သမ္မတ ရွေးကောက်ပွဲ၌ ထပ်မံယှဉ်ပြိုင်ရန် လက်ရှိသမ္မတ ဘူကီလီက သမ္မတလောင်းအဖြစ် မှတ်ပုံတင်ထားမှုသည် အယ်လ်ဆာဗေဒိုးနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း ကျွမ်းကျင်သူများက ထောက်ပြထားသည်။

အယ်လ်ဆာဗေဒိုး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတရာထူး ဒုတိယသက်တမ်းအတွက် ထပ်မံယှဉ်ပြိုင်မှုကို ပိတ်ပင်ထားသည်။

သို့သော် ၂၀၂၁ ခုနှစ်တွင် အယ်လ်ဆာဗေဒိုးတရားလွှတ်တော်ချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်သည် ငါးနှစ်သက်တမ်းတာဝန်ယူခဲ့သူ သမ္မတတစ်ဦးကို ရွေးကောက်ပွဲထပ်မံယှဉ်ပြိုင်ခွင့် ပေးထားကြောင်း အဆုံးအဖြတ်ပေးထားသည်။

၂၀၂၄ ခုနှစ် အယ်လ်ဆာဗေဒိုးသမ္မတရွေးကောက်ပွဲတွင်ဆန္ဒမဲပေးခွင့်ရှိသူ အယ်လ်ဆာဗေဒိုး ပြည်သူ ၆ ဒသမ ၁ သန်းတို့ ပါဝင်မဲပေးကြမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ပြည်တွင်း၌ ငွေကြေးစနစ်မျိုးစုံသုံးစွဲရေးစနစ်ကို ၂၀၃၀ ပြည့်နှစ်ထိ ဆက်လက်ကျင့်သုံးရန် ဇင်ဘာဘွေအစိုးရ စီစဉ်ထား

**ဟာရာရီ အောက်တိုဘာ ၂၉**

ငွေကြေးစနစ်မျိုးစုံ သုံးစွဲရေးစနစ်ကို ၂၀၃၀ပြည့်နှစ်အရောက်ထိ ဆက်လက်ကျင့်သုံးရန် ဇင်ဘာဘွေအစိုးရက စီစဉ်ထားကြောင်း အောက်တိုဘာ ၂၈ ရက်သတင်းများအရ သိရသည်။

အမေရိကန်ဒေါ်လာငွေကြေးကို အဓိကထားသည့်ငွေကြေးစနစ်မျိုးစုံသုံးစွဲမှုကို ၂၀၂၅ ခုနှစ်တွင်ရပ်တန့်မည်ဖြစ်ကြောင်း ဇင်ဘာဘွေအစိုးရက ယခင်ကကြေညာထားသည်။

သို့သော် အဆိုပါကြေညာချက်ကြောင့် ဇင်ဘာဘွေဘဏ်လုပ်ငန်းလောကလှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရပြီး အချို့ဘဏ်များဆိုလျှင် ပြန်ဆပ်ချိန် ၂၀၂၅ ခုနှစ်ကျော်လွန်မည့် ချေးငွေများအား ထုတ်ပေးရန် ငြင်းဆန်ခဲ့ကြသည်။

သို့သော် ဇင်ဘာဘွေပြည်တွင်းငွေကြေးစနစ်မျိုးစုံသုံးစွဲမှုကို ၂၀၃၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်ထိတိုင် ဆက်လက်ခွင့်ပြုမည်ဖြစ်ကြောင်း ဇင်ဘာဘွေသမ္မတ အမ်နန်ဂါဂွါက ပြောကြားခဲ့သည်။

ဇင်ဘာဘွေအစိုးရသည် ငွေတန်ဖိုးဖောင်းပွလွန်ကဲမှုပြဿနာ ရှိနေသော ဇင်ဘာဘွေဒေါ်လာငွေကြေးစနစ်ကို ၂၀၀၉ ခုနှစ်တွင် သုံးစွဲမှုရပ်ခဲ့ပြီး အမေရိကန်ဒေါ်လာအဓိကပါဝင်သည့် အခြားငွေကြေးစနစ်များ အစားထိုးသုံးစွဲခဲ့ရသည်။

ဇင်ဘာဘွေအစိုးရသည် ၂၀၁၉ ခုနှစ်တွင် ဇင်ဘာဘွေဒေါ်လာကို ပြန်လည်သုံးစွဲခဲ့သော်လည်း အချိန်တိုအတွင်းမှာပင် ငွေတန်ဖိုး တစ်ဟုန်ထိုး ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက မြန်နှုန်းမြင့်လေဆာဆက်သွယ်ရေးစနစ်တစ်ရပ်ကို နိုဝင်ဘာ ၅ ရက်တွင် နိုင်ငံတကာအာကာသစခန်းသို့ ပို့ဆောင်မည်



**ဝါရှင်တန် အောက်တိုဘာ ၂၉**

Space-X အာကာသနည်းပညာကုမ္ပဏီသည် မြန်နှုန်းမြင့် လေဆာ ဆက်သွယ်ရေးစနစ်တစ်ရပ်ကို လာမည့် နိုဝင်ဘာ ၅ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ပို့ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၈ ရက် သတင်းများအရ သိရသည်။

အဆိုပါလေဆာဆက်သွယ်ရေးစနစ်ကို ဒရာဂွန်အာကာသကုန်တင်ယာဉ်ဖြင့် လာမည့်နိုဝင်ဘာ ၅ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ ပို့ဆောင်ရန် Space-X အာကာသ နည်းပညာကုမ္ပဏီက စီစဉ်ထားသည်။

နိုင်ငံတကာအာကာသစခန်းသို့ ပို့ဆောင်စမ်းသပ်မည့် ILLUMA-T အမည်ရှိ အဆိုပါလေဆာ ဆက်သွယ်ရေးစနစ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ILLUMA-T လေဆာဆက်သွယ်ရေးစနစ်သည် နိုင်ငံတကာအာကာသစခန်း၏ ဆက်သွယ်ရေးစနစ်များကို အဆင့်မြှင့်တင်ပေးနိုင်မည့်အပြင် အနာဂတ်အာကာသဟင်းလင်းပြင် လေ့လာရေးမစ်ရှင်များကိုလည်း အကူအညီပေးနိုင်မည်ဖြစ်ကြောင်း နာဆာအဖွဲ့က ကြေညာထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် နိုဝင်ဘာ ၅ ရက်တွင် လွှတ်တင်မည့် CRS-29 မစ်ရှင်ဖြင့် ILLUMA-T လေဆာဆက်သွယ်ရေးစနစ်ကို နိုင်ငံတကာအာကာသစခန်းသို့ ပို့ဆောင်ရန် စီစဉ်ထားသည်။

ILLUMA-T လေဆာဆက်သွယ်ရေးစနစ်သည် နာဆာအဖွဲ့က ၂၀၂၁ ခုနှစ်တွင် လွှတ်တင်ထားသော LCRD အမည်ရှိ သတင်းအချက်အလက် လက်ဆင့်ကမ်းပေးပို့ရေးဂြိုဟ်တု၏ တွဲဖက်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## Dragonfly ယာဉ်ပျံကို နာဆာ စမ်းသပ်မှုများပြုလုပ်နေ

**ဝါရှင်တန် အောက်တိုဘာ ၂၉**

စနေဂြိုဟ်၏ တိုက်တန်ဂြိုဟ်ရံလကို လေ့လာမည့် Dragonfly ယာဉ်ပျံကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က စမ်းသပ်မှုများပြုလုပ်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၂၈ ရက် သတင်းများအရ သိရသည်။

မော်တော်ယာဉ်ငယ်တစ်စင်း၏ အရွယ်အစားမျှရှိသည့် ချူကလီးယားစွမ်းအင်သုံး Dragonfly ယာဉ်ပျံသည် တိုက်တန်ဂြိုဟ်ရံလပေါ်ရှိ သက်ရှိများ၏ ရှေ့ပြေးလက္ခဏာကိုရှာဖွေပေးမည့် ယာဉ်ပျံဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နာဆာအဖွဲ့သည် Dragonfly ယာဉ်ပျံအနေဖြင့် တိုက်တန်ဂြိုဟ်ရံလ၏ ထူးခြားသော ပတ်ဝန်းကျင်ဒဏ်ကို ခံနိုင်ရည် ရှိ၊ မရှိ ဆန်းစစ်ရေးအတွက် စမ်းသပ်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။



Dragonfly ၏ အဓိကတာဝန်မှာ နေအဖွဲ့အစည်းအတွင်းရှိ သက်ရှိများ၏ မူလအစကို ဖော်ထုတ်နိုင်ရေးအတွက် တိုက်တန်ဂြိုဟ်ရံလပေါ်၌ ရှုပ်ထွေးသောဓာတုဖွဲ့စည်းပုံများကို လေ့လာမည်ဖြစ်သည်။

နာဆာအဖွဲ့သည် Dragonfly ယာဉ်ပျံကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်မည်ဖြစ်ပြီး လွှတ်တင်ပြီးနောက် ၂၀၃၄ ခုနှစ်တွင် တိုက်တန်ဂြိုဟ်ရံလဆီသို့ ရောက်ရှိမည်ဖြစ်သည်။

တိုက်တန်ဂြိုဟ်ရံလသည် နေအဖွဲ့အစည်း၏ ဒုတိယအကြီးဆုံးဂြိုဟ်ရံလဖြစ်ပြီး နေနှင့်မိုင်ပေါင်း ၈၈၆ သန်း ကွာဝေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်ပေါ်ရှိ မီးတောင်ရှင်နယ်မြေ ၂၆၆ ခုက အိုင်အိုဂြိုဟ်ရံလ၏ ချော်ရည်သမုဒ္ဒရာနှင့် အဆက်အစပ်ရှိနေ

**ဝါရှင်တန် အောက်တိုဘာ ၂၉**

ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်ပေါ်ရှိ မီးတောင်ရှင်နယ်မြေ ၂၆၆ ခုသည် ၎င်းဂြိုဟ်ရံလ၏ ချော်ရည်သမုဒ္ဒရာနှင့် အဆက်အစပ်ရှိနေကြောင်း အောက်တိုဘာ ၂၈ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များ၏အဆိုအရ အိုင်အိုဂြိုဟ်ရံလပေါ်တွင် သက်ဝင်လှုပ်ရှားမှုရှိသည့် မီးတောင်နယ်မြေ ၂၆၆ ခု ရှိနေကြောင်း သိရသည်။

အဆိုပါ မီးတောင်နယ်မြေများသည် အိုင်အိုဂြိုဟ်ရံလ မြေအောက် ချော်ရည်သမုဒ္ဒရာ၏ အထောက်အထား သက်သေများပင်ဖြစ်သည်ဟု နာဆာသိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

နာဆာသိပ္ပံပညာရှင်များသည် ဂျူနိုအာကာသယာဉ်မှ ရရှိသည့် အချက်အလက်များကို အသုံးပြု၍ အိုင်အိုဂြိုဟ်ရံလပေါ်ရှိ မီးတောင်နယ်မြေများကို ရှာဖွေအတည်ပြုခဲ့ခြင်းဖြစ်သည်။

အိုင်အိုဂြိုဟ်ရံလသည် နေအဖွဲ့အစည်းအတွင်း၌ မီးတောင်လှုပ်ရှားမှု အပြင်းထန်ဆုံး အာကာသနယ်မြေဖြစ်သည်။

သိပ္ပံပညာရှင်များ၏အဆိုအရ အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်အောက် ကီလိုမီတာ ၅၀ ခန့် အကွာတွင် ချော်ရည်သမုဒ္ဒရာတစ်ခု တည်ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## အဝလွန်နေသော ရင်သားကင်ဆာလူနာများတွင် ဟော်မုန်းဆေးတစ်မျိုး၏အာနိသင် ထိရောက်မှုနည်းနိုင်

**ကိုပင်ဟေဂင် အောက်တိုဘာ ၂၉**

အဝလွန်မှုပြဿနာရှိနေသော ရင်သားကင်ဆာ လူနာများတွင် ဟော်မုန်းဆေးတစ်မျိုး၏ အာနိသင်မှာ ထိရောက်မှုနည်းသွားနိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားသည်။

ရင်သားကင်ဆာလူနာအများအပြားသည် သက်ဆိုင်ရာကင်ဆာကုထုံးခံယူပြီးနောက် ရောဂါတစ်ကျော့ပြန်ပေါ်လာမှုကို တားဆီးရေးအတွက် ဟော်မုန်းဆေးဝါးတစ်မျိုးသုံးစွဲကြရသည်။

Aromatase Inhibitor အမည်ရှိ အဆိုပါဟော်မုန်းဆေးသည် ရင်သားကင်ဆာဆဲလ်များ ပေါ်ထွက်မှုကို စေ့ဆော်ပေးတတ်သည့် အက်စထရိုဂျင် မဟော်မုန်းများ အဆင့်ကို လျှော့ချပေးသောဆေးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ပုံမှန်ကိုယ်အလေးချိန်ရှိသူ ရင်သားကင်ဆာလူနာများနှင့် နှိုင်းယှဉ်ပါက အဝလွန်နေသော ရင်သားကင်ဆာလူနာများမှာ Aromatase Inhibitor ဟော်မုန်းဆေးသုံးစွဲခဲ့လျှင်ပင် ရင်သားကင်ဆာ တစ်ကျော့ပြန်ပေါ်နိုင်ခြေမှာ ၁၈ ရာခိုင်နှုန်းပိုမြင့်မားကြောင်း ဒိန်းမတ်နိုင်ငံ အားဟပ်စ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဝလွန်သူများနည်းတူ ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲနေသူများတွင်လည်း Aromatase Inhibitor ဆေးသုံးစွဲသည့်တိုင် ရောဂါ တစ်ကျော့ပြန်ပေါ်နိုင်ခြေ ပုံမှန်ထက် မြင့်မားနေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဒိန်းမတ် သုတေသနပညာရှင်များသည် ရင်သားကင်ဆာပျောက်ကင်းသက်သာနေသူ လူနာပေါင်း ၁၃,၂၃၀ ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## အဆီဓာတ်တစ်မျိုးမြင့်မားမှုက ဦးနှောက်ကျန်းမာရေးကို ထိန်းပေးထားနိုင်

**နယူးယောက် အောက်တိုဘာ ၂၉**

ထရိုင်ဂလီဆာရိုက်စ် (Triglycerides) ခေါ် အဆီဓာတ်တစ်မျိုးမြင့်မားမှုသည် သက်ကြီးပိုင်းများ၏ နှလုံးကျန်းမာရေးအတွက် ပြဿနာရှိနိုင်သော်လည်း ဦးနှောက်ကျန်းမာရေးကိုမူ ထိန်းပေးထားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များသည် သက်ကြီးပိုင်း ဦးရေ ၈၀၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသော ရလဒ်များအရ သွေးအတွင်း ထရိုင်ဂလီဆာရိုက်စ် ပုံမှန်ထက်မြင့်မားသူ၊ အတော်အသင့်မြင့်မားသူ သက်ကြီးပိုင်းများတွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုပြဿနာ (Dementia) ပေါ်လာနိုင်ခြေပုံမှန်ထက် နည်းပါးသည်ကို တွေ့ရကြောင်း သိရသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ ထရိုင်ဂလီဆာရိုက်စ် အမြင့်ဆုံးအဆင့်တွင် ရှိနေသော သက်ကြီးပိုင်းများကြားတွင် သုံးရာခိုင်နှုန်းသာ Dementia ဖြစ်ပွားခဲ့သော်လည်း ထရိုင်ဂလီဆာရိုက်စ် အနိမ့်ဆုံးအဆင့်ရှိသူများကြားတွင်မူ Dementia ဖြစ်ပွားမှုနှုန်း ခြောက်ရာခိုင်နှုန်းထိ ရှိသည်။

အမေရိကန် သုတေသနပညာရှင်များသည် စမ်းသပ်မှုတွင်ပါဝင်သည့်သက်ကြီးပိုင်းများကို ခြောက်နှစ်ကြာ အချိန်ယူလေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဘက်တစ်ခံစစ်ကစားသမား မီရန်ဒါကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် အေစီမီလန်အသင်း ဆွေးနွေးမှုပြုလုပ်

**မီလန် အောက်တိုဘာ ၂၉**

အေစီမီလန် အသင်းသည် လာမည့် ၂၀၂၄ ခုနှစ် ဇွန်လတွင် ဘက်တစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ခံစစ်ကစားသမား မီရန်ဒါကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ရန် ကစားသမားနှင့် ဆွေးနွေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အေစီမီလန်အသင်း နည်းပြ ပိုင်အိုလီက ခံစစ်ပိုင်းလိုအပ်ချက်အတွက် မီရန်ဒါကို ပွဲထွက်ခွင့် အာမခံချက်ပေးကာ လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကနဦးအငှားစာချုပ်ဖြင့်ခေါ်ယူ၍ စာချုပ်သက်တမ်းကုန်ဆုံးပါက ငါးနှစ်သဘောတူစာချုပ် ချုပ်ဆိုသွားရန် ကစားသမားနှင့်ဆွေးနွေးခဲ့ရာ သဘောတူညီမှုရရှိရန်နီးစပ်လျက်ရှိသည်။

ခံစစ်ကစားသမား မီရန်ဒါသည် ဘက်တစ်အသင်းနှင့် ၂၀၂၄ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း မိခင်ကလပ်ဖြစ်သည့် ဘာစီလိုနာအသင်းနှင့် သဘောတူစာချုပ်တွင် ဘက်တစ်အသင်းမှ ပြောင်းရွှေ့ပါက ပြောင်းရွှေ့ကြေး၏ ၄၀ ရာခိုင်နှုန်းကို ဘာစီလိုနာအသင်းက ခံစားခွင့်ရမည်ဖြစ်ကြောင်း သိရသည်။


သို့သော် မီရန်ဒါသည် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားသဖြင့် ဘာစီလိုနာအသင်းရရှိမည့် အကျိုးခံစားခွင့်ကို ၎င်း၏လုပ်ခလစာမှ ပေးချေရန် ဆုံးဖြတ်ထားကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။

မီရန်ဒါသည် ကစားသမားဘဝကို ၂၀၁၇ ခုနှစ်က ဘာစီလိုနာ လူငယ်အသင်းနှင့် စတင်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်တွင် ရှော်လ်ကေးအသင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဘက်တစ်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ဘက်တစ်အသင်းသို့ အပြီးသတ် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



# နယူးကာဆယ်ကို သရေကစားနိုင်ခဲ့သော်လည်း နက်တိုကို လက်လွတ်ခဲ့ရကြောင်း ဝုဗ်အသင်းပြောကြား



**လန်ဒန် အောက်တိုဘာ ၂၉**

ပရီးမီးယားလိဂ်ပွဲစဉ်(၁၀)အဖြစ် ကစားခဲ့သည့် ဝုဗ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်တွင် ဝုဗ်အသင်းက နှစ်ဂိုးစီသရေရလဒ် ကစားနိုင်ခဲ့သော်လည်း ကွင်းလယ်ကစားသမား နက်တိုကို တံကောက်ကြောဒဏ်ရာကြောင့် လက်လွှတ်ခဲ့ရသည်ဟု ဝုဗ်အသင်းက ထုတ်ဖော် ပြောကြားခဲ့ကြောင်း သိရသည်။

နက်တိုသည် နယူးကာဆယ်နှင့် ပွဲစဉ်တွင် အသင်း၏ ကွင်းလယ်ပိုင်းကို အကောင်းဆုံးဦးဆောင်နိုင်ခဲ့ကာ အသင်းအတွက် ချေပဂိုးရရှိရေး ဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် ပွဲချိန် ၇၇ မိနစ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့သဖြင့် လူစားလဲထွက်ခွာခဲ့ရကာ ယခုအခါ ဒဏ်ရာကို လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်နေသော်လည်း နည်းပြ အိုနေးက ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရမည်ဖြစ်သည်ဟု ခန့်မှန်း ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဝုဗ်အသင်းသည် နယူးကာဆယ်အသင်းကို အပြန်အလှန် တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ပွဲချိန် ၂၂ မိနစ်တွင် ဝယ်လ်ဆင်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးပေးလိုက်ရသဖြင့် ချေပဂိုးရရှိရေးကြိုးပမ်းခဲ့ရာ ပွဲချိန် ၃၆ မိနစ်တွင် နက်တို၏ဖြတ်တင်ပေးပို့မှုမှ လီမီနာက ခေါင်းတိုက်၍ ချေပဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ဝုဗ်အသင်း စိတ်သက်သာရာရခဲ့သော်လည်း ပထမပိုင်းနာကျင်အချိန်ပိုတွင် ဝယ်လ်ဆင်က ပင်နယ်တီမှ ဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် နှစ်ဂိုးတစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ရသည်။

ဒုတိယပိုင်းတွင် ချေပဂိုးရရှိရန် အစွမ်းကုန်ကြိုးစားလာသည့် ဝုဗ်အသင်းကြောင့် နယူးကာဆယ်အသင်း တိုက်စစ်ဆင်ရန်ခက်ခဲခဲ့ပြီး ပွဲချိန် ၇၁ မိနစ်တွင် တိုက်စစ်မှူး ဟီချန်ဝမ်က ဝုဗ်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ကာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ပရီးမီးယားလိဂ်တွင် ဂိုးသွင်းယူနိုင်သည့် ဂျပန်ကစားသမားအဖြစ် တိုမီယာဆု မှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၂၉**

အာဆင်နယ်အသင်းနှင့်ရှက်ဖီးလ်(ဒ်) အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် အာဆင်နယ်အသင်းအတွက် ငါးဂိုးမြောက် သွင်းဂိုးသွင်းယူနိုင်ခဲ့သည့် တိုမီယာဆုသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးသွင်းယူနိုင်သည့် ကိုးယောက်မြောက် ဂျပန်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ဂိုးသွင်းယူထားသည့် ဂျပန်ကစားသမားများမှာ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် ဘော်လ်တန်အသင်း၌ကစားခဲ့သည့် နာကတာက သွင်းဂိုးတစ်ဂိုး၊နယူးကာဆယ်အသင်းတွင်ကစားခဲ့သည့် မူတိုက သွင်းဂိုးတစ်ဂိုး၊ဖူလ်ဟမ်အသင်းတွင် ကစားခဲ့သည့် အီနာမိုတိုကသွင်းဂိုး လေးဂိုး၊ ဆောက်သမ်တန်အသင်းတွင် ကစားခဲ့သည့် ရိုရှီဒါကသွင်းဂိုး ခြောက်ဂိုး၊ မန်ယူအသင်းတွင်ကစားခဲ့သည့် ကာဂါဝါက သွင်းဂိုး ခြောက်ဂိုး၊ လီဗာပူးအသင်းတွင် ကစားခဲ့သည့် မီနာမီနိုက သွင်းဂိုး ခြောက်ဂိုး၊ ဘရိုက်တန်အသင်းတွင် ကစားနေသည့် မီတိုမာက သွင်းဂိုး ခုနစ်ဂိုး၊ လက်စတာအသင်းတွင် ကစားခဲ့သည့် အိုကာဇာကီက သွင်းဂိုး ၁၄ ဂိုးဖြင့် ရပ်တည်လျက်ရှိသည်။

ယခုအခါ အာဆင်နယ်အသင်းတွင် ကစားနေသည့် ခံစစ်ကစားသမား တိုမီယာဆုက ရှက်ဖီးလ်(ဒ်) အသင်းနှင့်ပွဲစဉ် ပွဲချိန်နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် အသင်းအတွက် ငါးဂိုးမြောက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်တွင် ကစားခဲ့သည့် ဂျပန် ကစားသမားများထဲတွင် ကိုးယောက်မြောက် ဂိုးသွင်းယူနိုင်သည့် ကစားသမားတစ်ဦးဖြစ်လာခဲ့သည်။

ယင်းကစားသမားများထဲတွင် ပရီးမီးယားလိဂ် ချန်ပီယံဆုဖလား ရရှိခဲ့သည့် ကစားသမားနှစ်ဦးသာ ရှိခဲ့ပြီး ၎င်းတို့မှာလက်စတာအသင်း တိုက်စစ်မှူး အိုကာဇာကီနှင့်လီဗာပူးအသင်းတိုက်စစ်မှူး မီနာမီနိုတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းက ရှက်ဖီးလ်(ဒ်)အသင်းကို ပွဲချိန် ၂၈၊ ၅၀၊ ၅၈ မိနစ်တို့တွင် အန်ကေးတီးယား၊ ပွဲချိန် ၈၈ မိနစ်တွင် ဖေဘီယိုဗီအဲရာနှင့် ပွဲချိန် မိနစ် ၉၀ ကျော်တွင် တိုမီယာဆုတို့၏ သွင်းဂိုးများဖြင့် ငါးဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- အယ်ကလက်စီကိုပွဲစဉ်တွင် လူစားလဲထွက်ခွာသွားသည့် ဗင်နီစီးယက်စ်ကို ပွဲကြည့်စင်ပေါ်မှ ဘာစီလိုနာပရိသတ်တစ်ဦးက မျောက်ဟုခေါ်ကာ ငှက်ပျောသီးဖြင့် ပစ်ပေါက်ခဲ့သည့် လူမျိုးရေးခွဲခြားမှုဖြစ်စဉ်ကြောင့် လာလီဂါဘောလုံးအဖွဲ့ချုပ်က စစ်ဆေးမှုပြုလုပ်နေကြောင်း သိရသည်။
- ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဒမ်စတက်အသင်းကို ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် တိုက်စစ်မှူး ဟယ်ရီကိန်းသည် ကစားသမားဘဝအစ ပထမဆုံးကိုးပွဲတွင် သွင်းဂိုး ၁၂ ဂိုး သွင်းယူနိုင်ခဲ့သည့် ကစားသမားအဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

**ML**

### ပရီးမီးယားလိဂ် ပွဲစဉ် (၁၀) ရလဒ်

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၀ | - | ၁ | အဲဗာတန် |
| အေဗီလာ | ၃ | - | ၁ | လူတန် |
| ဘရိုက်တန် | ၁ | - | ၁ | ဖူလ်ဟမ် |
| လီဗာပူး | ၃ | - | ၀ | နော့တင်ဟမ် |
| မန်ယူ | ၀ | - | ၃ | မန်စီးတီး |

(၀၄၀)

# Maybank Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဘူတီယာ ဆွတ်ခူး


**ကွာလာလမ်ပူ အောက်တိုဘာ ၂၉**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပခဲ့သည့် Maybank Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြင်သစ်ဂေါက်သီးရိုက်မယ် ဘူတီယာက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘူတီယာသည် နောက်ဆုံးနေ့အပြီးတွင် ထိုင်းဂေါက်သီးရိုက်မယ် တီသိကူလ်နှင့်အတူ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်စီ လျော့ရိုက်နိုင်ခဲ့ပြီး ချန်ပီယံအဆုံးအဖြတ်အတွက် Play-off အဆင့်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘူတီယာကအနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကာ တီသိကူလ်က ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

ထိုင်းဂေါက်သီးရိုက်မယ် ဆူဝမ်နာပူရာနှင့် အမေရိကန်ဂေါက်သီးရိုက်မယ် ရို့စ်ကျန်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

နောက်ဆုံးနေ့ ကစားခဲ့ပြီးနောက် မိုးသည်းထန်စွာရွာသွန်းခဲ့သည့်အတွက် Play-off ကစားရန် ရာသီဥတုသာယာသည်ထိ စောင့်ဆိုင်းခဲ့ရသည်။



ဘူတီယာက "ဒီရက်သတ္တပတ်အတွင်းမှာကစားနိုင်ခဲ့တဲ့စွမ်းဆောင်ရည်ပိုင်းနဲ့ပတ်သက်ပြီး အားရကျေနပ်မှုရှိပါတယ်။ ပြိုင်ပွဲရဲ့ နောက်ဆုံးကတော့ ကစားသမားဘဝအတွက် အမှတ်ရစရာတွေ အများကြီးရှိခဲ့တယ်။ နောက်ဆုံးနေ့မှာကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်း အပြင် ချန်ပီယံဆုအတွက် နောက်ဆုံးကျင်းထိ အကြိတ်အနယ်ကစားခဲ့ရတယ်။ ဒီလိုခက်ခဲတဲ့ ပြိုင်ပွဲမျိုးမှာ ယှဉ်ပြိုင်ကစားရတာ စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ ဒီပြိုင်ပွဲမှာကစားနိုင်ခဲ့တဲ့ ပုံစံကောင်းနဲ့ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုယ်လဲ ဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် အပြန်အလှန်သွင်းဂိုးများဖြင့် ရခိုင်ယူနိုက်တက်အသင်းက မြဝတီအက်ဖ်စီအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် မြဝတီ အက်ဖ်စီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် ရခိုင်ယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။




အဆိုပါပွဲစဉ်တွင် ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၁ မိနစ်တွင် သန့်စင်အောင်က မြဝတီအက်ဖ်စီ အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၁၈ မိနစ်တွင် ကောင်းစည်သူက ချေပဂိုးနှင့် ပွဲချိန် ၂၁ မိနစ်တွင် မောင်မောင်စိုးက ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၅၂ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ထရာအိုရေးက ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၇၈ မိနစ်တွင် မြဝတီအက်ဖ်စီအသင်းက ချေပဂိုး တစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်၌ ရခိုင်ယူနိုက်တက်အသင်းက မြဝတီအက်ဖ်စီအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို ရခိုင်ယူနိုက်တက် အသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူပေးပြီး ခြေစွမ်းပြကစားနိုင်ခဲ့သည့်ကွင်းလယ်ကစားသမား မောင်မောင်စိုးကရရှိခဲ့ကြောင်း သိရသည်။ **STA**

# Vienna Open ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ မျက်ဒဗျက်နှင့် ဂျန်နစ်ဆင်နာတို့ တက်ရောက်

**ဗီယင်နာ အောက်တိုဘာ ၂၉**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင်ကျင်းပနေသည့် Vienna Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်က ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်နှင့်ယှဉ်ပြိုင်ကစားခဲ့ပြီး အီတလီတင်းနစ်ကစားသမားဂျန်နစ်ဆင်နာက ရုရှားတင်းနစ်ကစားသမား ရူဘလက်ဖ်နှင့် ယှဉ်ပြိုင်ကစားခဲ့သည်။

မျက်ဒဗျက်က စတီဖာနို့စ်ကို (၆-၄ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဂျန်နစ်ဆင်နာက ရူဘလက်ဖ်ကို(၇-၅ ၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲစဉ်သို့တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်နှင့် စတီဖာနို့စ်တို့ပွဲစဉ်တွင် မျက်ဒဗျက်က အကောင်းဆုံးဖိအားပေး ကစားနိုင်ခဲ့သလို unforced error ကျူးလွန်မှု ၁၀ ကြိမ်သာရှိခဲ့ပြီး ယခုနှစ်တင်းနစ်ရာသီတွင် ၎င်းအတွက်ခြောက်လုံးမြောက်ချန်ပီယံဆုဖလားကိုဆွတ်ခူးနိုင်ရန် ရေပန်းစားလာခဲ့သည်။

စတီဖာနို့စ်သည် မျက်ဒဗျက်အားစပေးဘောများဖြင့် ဖိအားပေးနိုင်ခဲ့သလို Volley ရိုက်ချက်များဖြင့်လည်း မျက်ဒဗျက်ကိုအနိုင်ရရှိရေးအတွက် အကောင်းဆုံးကြိုးစားခဲ့သော်လည်း မျက်ဒဗျက်က ချန်ပီယံလက်စွမ်းမျိုးပြသနိုင်ခဲ့သောကြောင့် စတီဖာနို့စ်အနေဖြင့် ဆီမီးဖိုင်နယ်အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဂျန်နစ်ဆင်နာနှင့် ရူဘလက်ဖ်တို့ပွဲစဉ်မှာ ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲငယ်နှစ်ပွဲစလုံး၌ tie-break အဆင့်ထိကစားခဲ့ရသည်။

ဂျန်နစ်ဆင်နာအနေဖြင့် လက်ရှိကမ္ဘာ့အဆင့်(၄)နေရာတွင်ရပ်တည်နေသည့် ကစားသမားတစ်ဦးဖြစ်သလို ကစားသမားဘဝ၏ ကမ္ဘာ့အဆင့်ရပ်တည်ချက် အမြင့်ဆုံးနှင့် ကစားသမားဘဝ၏ အကောင်းဆုံး လက်စွမ်းမျိုးကိုရရှိနေသည့် ကစားသမားဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# ဂျာမန်ဘွန်ဒက်လီဂါသမိုင်းတစ်လျှောက် ပထမပိုင်းတွင် အနီကတ်သုံးကြိမ်ပြသခဲ့သည့် ပထမဆုံးပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်နှင့် ဒမ်စတက်အသင်းတို့ ပွဲစဉ်မှတ်တမ်းဝင်

**ဘာလင် အောက်တိုဘာ ၂၉**

ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ပွဲချိန်ပထမပိုင်းအတွင်း အနီကတ်သုံးကြိမ်ပြသခဲ့သည့်ပထမဆုံးပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့်ဒမ်စတက်အသင်းတို့ပွဲစဉ်မှတ်တမ်းဝင်ခဲ့သည်။

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၉)အဖြစ်ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းက ဒမ်စတက်အသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲစကတည်းက နှစ်ဖက်အသင်း ကစားသမားများ ကစားပုံကြမ်းတမ်းခဲ့ပြီး ပွဲချိန် လေးမိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား ကင်မစ်ချ် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရသည်။

ထို့နောက် ပွဲချိန် ၂၁ မိနစ်တွင် ဒမ်စတက်အသင်း ခံစစ်ကစားသမား ဂျီဂျာဆူလာက ပြိုင်ဘက်အသင်း ကစားသမားများကိုဖျက်ထုတ်ပုံ ကြမ်းတမ်းခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီး ပီတာဆန်က အစောပိုင်းက အဝါကတ်သာပြသခဲ့သော်လည်း VAR ပြန်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် တိုက်ရိုက်အနီကတ်ပြောင်းလဲပြီး ဂျီဂျာဆူလာကို ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အနီကတ်တစ်ကတ်စီပြသခံခဲ့ရပြီးနောက် ပထမပိုင်းပြီးဆုံးခါနီး မိနစ် ၄၁ မိနစ်တွင်ဒမ်စတက်အသင်းခံစစ်ကစားသမား မက်လီကာအနေဖြင့်ပြိုင်ဘက်ကစားသမားကို ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက်ကွင်းလယ်ဒိုင်လူကြီး ပီတာဆန်က တိုက်ရိုက်အနီကတ်ပြသပြီး ထုတ်ပယ်ခဲ့သည့်အတွက် ပွဲချိန်ပထမပိုင်းတွင် ကစားသမားသုံးဦး အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည့် ပထမဆုံးပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ၂၀၁၅ ခုနှစ်နောက်ပိုင်း အာဆင်နယ်အသင်းအတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည့်ကစားသမားအဖြစ် အန်ကေးတီးယား မှတ်တမ်းဝင်




**လန်ဒန် အောက်တိုဘာ ၂၉**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ရှက်ဖီးလ်(U) အသင်းတို့ပွဲစဉ်တွင် အာဆင်နယ်အသင်းအတွက် လူငယ်ကစားသမား အန်ကေးတီးယားက ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်နောက်ပိုင်း အာဆင်နယ်အသင်းအတွက် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းက အိမ်ကွင်းတွင် ရှက်ဖီးလ်(U)အသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့်ဖိအားပေးကစားနိုင်ခဲ့ပြီး ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ အန်ကေးတီးယားက အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၈ မိနစ်၊ မိနစ် ၅၀ နှင့် ၅၈ မိနစ်တို့တွင် အသင်းအတွက် ဟက်ထရစ်သွင်းဂိုး သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်း သမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နောက်ဆုံးအကြိမ်ဟက်ထရစ်သွင်းဂိုး သွင်းယူနိုင်ခဲ့သည့်ကစားသမားအဖြစ် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် မေလက ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့်ဝက်စ်ဘရွန်းအသင်းတို့ပွဲစဉ်တွင် ကစားသမားဟောင်း ဝဲလ်ကော့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ကာ ဝဲလ်ကော့နောက်ပိုင်းတွင် ဟက်ထရစ်သွင်းယူနိုင်သူမရှိခဲ့ဘဲ ယခုမှသာအန်ကေးတီးယားက ပထမဆုံးဟက်ထရစ်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အန်ကေးတီးယားသည် အာဆင်နယ်အသင်း ကစားသမားဘဝပြိုင်ပွဲစုံတွင် ဒုတိယအကြိမ်မြောက် ဟက်ထရစ်သွင်းဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ကမ္ဘာ့ဟဲဗီးဝိတ်တန်း စိန်ခေါ်ပွဲစဉ်တွင် တိုင်ဆန်ဖျူရီက ဖရန်စစ်ကို အနိုင်ရရှိ

**ရီယာ့ဒ် အောက်တိုဘာ ၂၉**

ကမ္ဘာ့ဟဲဗီးဝိတ်တန်း စိန်ခေါ်ပွဲစဉ်အဖြစ် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ တိုင်ဆန်ဖျူရီသည် UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း ဖရန်စစ်နှင့် အောက်တိုဘာ ၂၈ ရက်က ဆော်ဒီနိုင်ငံတွင် ထိုးသတ်ခဲ့ရာ တိုင်ဆန်ဖျူရီက Split Decision ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ဆန်ဖျူရီအနေဖြင့် UFC ကစားသမားဖရန်စစ်ကိုရှုံးနိမ့်မည့်အရေးဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း လက်ဝှေ့အားကစားနည်းအတွေ့အကြုံကွာဟမှုကြောင့်သာ တိုင်ဆန်ဖျူရီက အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဖရန်စစ်သည် တတိယမြောက်အချီတွင် တိုင်ဆန်ဖျူရီကိုလဲကျသွားအောင် ထိုးသတ်နိုင်ခဲ့သော်လည်း ပွဲတစ်ပွဲလုံး အတိုင်းအတာဖြင့် ထိရောက်သောလက်သီးထိုးချက်ကို တိုင်ဆန်ဖျူရီက ပိုမိုပြုလုပ်နိုင်ခဲ့ခြင်းကြောင့် တိုင်ဆန်ဖျူရီက အနိုင်ရခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် ဒိုင်တစ်ဦးက (၉၆-၉၃) မှတ်ဖြင့် ဖရန်စစ်ကိုအနိုင်ပေးခဲ့သော်လည်း ကျန်ဒိုင်နှစ်ဦးက (၉၅-၉၄) ရမှတ်ဖြင့် တိုင်ဆန်ဖျူရီကို အနိုင်ပေးခဲ့ခြင်းကြောင့် Split Decision ရလဒ်ဖြင့် တိုင်ဆန်ဖျူရီက အနိုင်ရခဲ့ခြင်းဖြစ်သည်။

တိုင်ဆန်ဖျူရီနှင့် ဖရန်စစ်တို့ပွဲစဉ်ကို သရုပ်ပြပွဲ၊ ကြိုတင်ဇာတ်တိုက်ထားသည့် စိန်ခေါ်ပွဲအဖြစ် သာထင်ကြေးပေးနေကြသော်လည်း အမှန်တကယ် ထိုးသတ်ခဲ့သည့်ပွဲစဉ်ဖြစ်ကြောင်း ရလဒ်က သက်သေပြနေသည်ဟု တိုင်ဆန်ဖျူရီက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

**ပြင်သစ်လီဂူး ပွဲစဉ် (၁၀) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရက် | ၂ | - | ၃ | ပီအက်စ်ဂျီ |
| လိုင်လီ | ၂ | - | ၀ | မိုနာကို |
| မက်ဇ် | ၀ | - | ၀ | လီဟာဗေး |
| မောင့်ပယ်လီယာ | ၃ | - | ၀ | တူးလော့ |

**အီတလီစီးရီးအေ ပွဲစဉ် (၁၀) ရလဒ်**

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | ၄ | - | ၃ | ဖရိုစီဝမ်း |
| မွန်ဇာ | ၁ | - | ၁ | ဒူဒီးနီးစ် |

(၀၄၀)

# ကုသိုလ်တရားများ ထုံမွမ်းနေသော သီတင်းကျွတ်ပွဲတော်

မောင်စိန်အိ (နဘဲမြေ)

မြန်မာနိုင်ငံသည် ဆယ့်နှစ်ရာသီပွဲတော်များကို လစဉ်ကျင်းပကာ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းနေသည့် ကမ္ဘာပေါ်ရှိ တစ်ခုတည်းသောနိုင်ငံဖြစ်သည်။ ဆယ့်နှစ်ရာသီပွဲတော်များအနက် ပျော်ရွှင်စရာအကောင်းဆုံးသည် သကြန်ပွဲတော်ဖြစ်ပြီး ကုသိုလ်တရားများနှင့် ထုံမွမ်းနေသည်မှာ သီတင်းကျွတ် ဆီမီးထွန်းပွဲတော်ဖြစ်သည်။

အမှန်စင်စစ်မှာမူ ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှလူ့ပြည်သို့ ပြန်လည်ကြွမြန်းလာသည့် ဗုဒ္ဓမြတ်စွာဘုရားအား ဆီမီးထွန်းညှိပူဇော်ပြီး ကုသိုလ်ယူကြခြင်းဖြစ်သည်။ မြတ်စွာဘုရားသည် မယ်တော်ဖြစ်ခဲ့ဖူးသည့် တာဝတိံသာနတ်ပြည်ရှိ သန္တုသိတနတ်သားကိုအမှူးထား၍ စကြဝဠာတိုက်တစ်သောင်းမှ နတ်၊ ဗြဟ္မာအပေါင်းကို ဝါတွင်းသုံးလကာလပတ်လုံး နေ့ညမပြတ် အဘိဓမ္မာတရားတော်ကိုဟောကြားတော်မူခဲ့သည်။ ထို့နောက် မြတ်စွာဘုရားသည် သီတင်းကျွတ်လပြည့်နေ့တွင် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသုံးသွယ်ဖြင့် နတ်၊ ဗြဟ္မာများခြံရံလျက် လူသားတို့နေထိုင်ရာ သင်္ကာသနဂိုရ်ပြည်သို့ ကြွမြန်းလာခြင်းဖြစ်သည်။

အဘိဓမ္မာတရားတော်သည် မိဘကျေးဇူးဆပ်သည့် တရားတော်အဖြစ် ထူးခြားလျက်ရှိသည့်အပြင် ကုသိုလ်တရား၊ သစ္စာတရားအားဖြင့်လည်း ကျယ်ဝန်းနက်နဲလှပေသည်။ အဘိဓမ္မာတရားတော်၏ ကျေးဇူးကြောင့် စာရေးသူတို့သည် ကုသိုလ်စိတ်နှင့်အကုသိုလ်စိတ်များကို သိခွင့်ရလာခဲ့သည်။ ကုသိုလ်လုပ်လျှင်များစွာအကျိုးများသလို အကုသိုလ်လုပ်မိလျှင်လည်း လွန်စွာအကျိုးယုတ်သည်။ အထူးသဖြင့် သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသော ဆရာတော်၊ သံဃာတော်ကြီးများ၊ လူပုဂ္ဂိုလ်များကို ပြစ်မှားစော်ကားမိလျှင် ပို၍အပြစ်ကြီးသည်။

ထို့ပြင် မြတ်စွာဘုရားရှင်၏ တပည့်သံဃာတော်များသည် ဝါတွင်းသုံးလ ကာလပတ်လုံး ကျောင်းကန်အသီးသီး၌ ဝါကပ်သီတင်းသုံးပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် ဝိနည်းနှင့်အညီ ပဝါရဏာပွဲတော်ကျင်းပကြသည်။ ပဝါရဏာဟူသည် ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်းဟု အဓိပ္ပာယ်ရရှိသည်။ ရဟန်းသံဃာအချင်းချင်း အပြန်အလှန်ဖိတ်ကြားခြင်းနှင့်တောင်းပန်တိုက်တွန်းခြင်းများ ပြုလုပ်ကြသည်။ မြတ်ဗုဒ္ဓ၏ ဝိနည်းဒေသနာတော်ကို ဆက်လက်ထိန်းသိမ်းခြင်းပင်ဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများအတွက် သီတင်းကျွတ်လပြည့်နေ့သည် ကောင်းမှုကုသိုလ်အထူးရရှိသောနေ့ဖြစ်သည်။ ထိုနေ့တွင် မြန်မာနိုင်ငံတစ်ဝန်း တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးများ၊ ကောင်းမှုကုသိုလ် ပြုလုပ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ဘုန်းတော်ကြီးကျောင်းများတွင်လည်း ဥပုသ်သီတင်းသီလ ဆောက်တည်သူများဖြင့် ပြည့်နှက်လျက်ရှိသည်။ ဘာသာတရားကိုင်းရှိုင်းသည့် မြန်မာတို့သည် မြတ်စွာဘုရားအမှူးပြုသော အနန္တောအနန္တ ငါးပါးဂိုဏ်းဝင် သံဃာ၊ ဆရာ၊ မိဘများကိုကန်တော့လေ့ရှိကြသည်။

အထူးသဖြင့် မိဘများနှင့်သက်ကြီးဘိုးဘွား၊ ဆရာသမားများကို စိတ်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း ပြစ်မှားမှုများရှိခဲ့သော် ခွင့်လွှတ်ပေးရန် တောင်းပန်ကန်တော့ခြင်းဖြစ်သည်။ သက်ကြီးရွယ်အို၊ ဆရာ၊ မိဘများကလည်း တပည့်၊ သား၊ သမီးများကို လွန်ကဲစွာ ပြောဆိုပြုမူခဲ့မှုများရှိလျှင် ခွင့်လွှတ်ပေးပါရန် ပြန်လည်တောင်းပန်လေ့ရှိကြသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ကြီးသူနှင့်ငယ်ရွယ်သူတို့ကြား အကျိုတ်အခဲများ၊ အာဃာတများကို အပြန်အလှန် သင်ပုန်းချေကြခြင်းဖြစ်သည်။ ချစ်စရာကောင်းသော အလေ့အထပင်ဖြစ်သည်။

ထိုသို့ သက်ကြီးဘိုးဘွား၊ မိဘ၊ ဆရာသမားများကို ကန်တော့ပြီးချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွားသလို ခံစားရလေ့ရှိသည်။ လူကြီးသူမများ၊ မိဘ၊ ဆရာသမားများ၏ ပို့သသော ဆုတောင်းမေတ္တာသည် ကျွန်တော်တို့အပေါ် ကျရောက်လာနိုင်သည့် မကောင်းသော ဘေးအန္တရာယ်များကို ကျော်လွှားနိုင်စွမ်းရှိစေသည်။ သက်ကြီးရွယ်အိုများထံမှ အဖိုးတန်သော ဆုံးမစကားများကို နာကြားရသဖြင့် တန်ဖိုးမဖြတ်နိုင်သော အကျိုးတရားများစွာရရှိသည်။ ရှိသေထိုက်သူကို ရှိသေခြင်း၊ ကျေးဇူးရှိသူ မိဘ၊ ဆရာသမားများ၏ ကျေးဇူးတရားကို သိတတ်ခြင်းသည် မင်္ဂလာတရားပင်ဖြစ်သည်။ ထိုအလေ့အထသည် မြန်မာနိုင်ငံတွင်သာ တွေ့မြင်ရသည်။ ထို့ပြင် ပူဇာစ ပူဇနေယျာနံမင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတာမင်္ဂလာ၊ သောဝစဿတာ မင်္ဂလာတရားတော်များဖြင့် အကျိုးထူးများကိုခံစားနိုင်ကြောင်း ဘုရားရှင်က ဟောကြားထားသည်။

**❖ သီတင်းကျွတ်ကာလတွင် မိဘ၊ ဆရာသမားများကို ကန်တော့ရာတွင် ငွေနှင့်ပစ္စည်းတန်ဖိုးသည် အခရာမကျပေ။ ကျေးဇူးသိတတ်မှုသည်သာလျှင် အဓိကကျလျက်ရှိသည်။ မိဘ၊ ဆရာသမားများကလည်း လက်ဆောင်ပစ္စည်းကို မျှော်လင့်တောင့်တလေ့မရှိဘဲ တပည့်၊ သား၊ သမီးများ၏ ကျေးဇူးသိတတ်မှုစိတ်ဓာတ်ကိုသာ တမ်းတလေ့ရှိကြသည်။ အချို့သော ဆရာ၊ မိဘများသည် အကြောင်းအမျိုးမျိုးရာကာ တပည့်၊ သား၊ သမီးများကို မုန့်ဖိုးပေးလေ့ရှိကြသည်။ အထူးသဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ငွေကြေးတတ်နိုင်သူ မိဘ၊ ဆရာသမားများသည် လာရောက်ကန်တော့ကြသည့် တပည့်၊ သား၊ သမီးများကို ချီးမြှောက်ပေးလေ့ရှိကြသည်။ ❖**

သီတင်းကျွတ်ကာလတွင် မိဘ၊ ဆရာသမားများကို ကန်တော့ရာတွင် ငွေနှင့်ပစ္စည်းတန်ဖိုးသည် အခရာမကျပေ။ ကျေးဇူးသိတတ်မှုသည်သာလျှင် အဓိကကျလျက်ရှိသည်။ မိဘ၊ ဆရာသမားများကလည်း လက်ဆောင်ပစ္စည်းကို မျှော်လင့်တောင့်တလေ့မရှိဘဲ တပည့်၊ သား၊ သမီးများ၏ကျေးဇူးသိတတ်မှုစိတ်ဓာတ်ကိုသာ တမ်းတလေ့ရှိကြသည်။ အချို့သော ဆရာ၊ မိဘများသည် အကြောင်းအမျိုးမျိုးရာကာ တပည့်၊ သား၊ သမီးများကို မုန့်ဖိုးပေးလေ့ရှိကြသည်။ အထူးသဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ငွေကြေးတတ်နိုင်သူ မိဘ၊ ဆရာသမားများသည် လာရောက်ကန်တော့ကြသည့် တပည့်၊ သား၊ သမီးများကို ချီးမြှောက်ပေးလေ့ရှိကြသည်။

ကန်တော့ခံပစ္စည်းသည် အခရာမကျဟုဆိုရသော်လည်း သီတင်းကျွတ်ပွဲတော်ကာလ နီးကပ်လာချိန်တွင် ကုန်တိုက်များ၊ ဈေးများ၌ လက်ဆောင်ခြင်းများ အရောင်းသွက်လျက်ရှိသည်။ အချို့သော တပည့်များသည် သက်ကြီးရွယ်အို ဆရာသမားများကို မေတ္တာစစ်စစ်ဖြင့် ကန်တော့ကြသလို တချို့မှာမူ တန်ဖိုးကြီးမားသောပစ္စည်းများဖြင့် ဂါရဝပြုကာ အခွင့်အရေး တောင်းသည်များလည်းရှိကြသည်။ ထိုတန်ဖိုးကြီးပစ္စည်းများကို လက်ခံသူများရှိနေ၍ ရောင်းချနေရခြင်းဖြစ်သည်။ အမှန်တော့ မိမိအတ္တနှင့် လောဘကိုရှေ့တန်းတင်ပြီး မြန်မာဓလေ့ဖြစ်သည့် သီတင်းကျွတ်ပွဲတော်ကို အရောင်မဆိုးသင့်ဟု ရှုမြင်မိသည်။

သီတင်းကျွတ်ပွဲတော်ကာလတွင် အခြေခံပညာကျောင်းများ ပိတ်ထားသဖြင့် ကလေးများလည်းအနားရပြီး စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်နိုင်ကြသည်။ ကျောင်းပိတ်ထားသဖြင့် အညာကျေးလက်ဒေသများ၊ မွေးရပ်မြေများသို့ပြန်ကာ ဘိုးဘွား၊ မိဘ၊ ဆရာသမားများကို ကန်တော့ခွင့်ရရှိကြသည်။ ဆီမီးထွန်းသော အလေ့အထသည် မြန်မာနိုင်ငံတစ်ဝန်းတွင် လွှင့်ပျံ့နေပြီဖြစ်သည်။ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့ညများတွင် နေအိမ်များ၊ လမ်းများ၊ ဘုရား၊ ကျောင်းကန်များတွင် မြတ်စွာဘုရားအား ရည်မှန်းကာ ဆီမီးများထွန်းညှိပူဇော်ထားသည်မှာ ထိန်ထိန်လင်းလျက်ရှိသည်။ ထိုမြင်ကွင်းသည် လမ်းသွား၊ လမ်းလာ၊ ပွဲတော်ဆင်နွှဲသူများကို ပီတိဖြစ်စေပြီး ကုသိုလ်တရားများ ရရှိပွားများစေနိုင်သည်။ သို့သော် သီတင်းကျွတ်ကာလတွင် မီးရှူး၊ မီးပန်းများ၊ ဗြောက်အိုးများ ပစ်ဖောက်ခြင်းသည် ပျော်ရွှင်မှုမှသည် ဘေးအန္တရာယ်ဆီသို့ ဦးတည်စေနိုင်သည်။ ထို့ကြောင့် လူကြီးမိဘများ၊ သက်ဆိုင်ရာတာဝန်ရှိသူများက လူငယ်များကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ပေးသင့်သည်။

သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှစ၍ အိမ်ထောင်ပြုရန် ရည်ရွယ်ထားသည့် အပျို၊ လူပျိုများ ပျော်ရွှင်နိုင်ကြပြီဖြစ်သည်။ မြန်မာဓလေ့ထုံးတမ်းစဉ်လာအရ ဝါတွင်းကာလတွင် အိမ်ထောင်ပြုခြင်းကို ရှောင်ရှားလေ့ရှိကြသည်။ ဝါကျွတ်ပြီဆိုသည်နှင့် မင်္ဂလာပွဲများ ဆက်တိုက်ကျင်းပလာကြသည်။ ဖိတ်စာများလည်း တဖွဲဖွဲရောက်လာသည်။ အပျိုကြီး၊ လူပျိုကြီးများအတွက်မူ အိမ်ထောင်ပြုတော့မှာလားဆိုသည့် ချောင်ပိတ် မေးခွန်းများအတွက် ခေါင်းခဲရသောကာလပင်ဖြစ်သည်။

ဆိုရလျှင် သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ပြန်လည်ကြွမြန်းလာသည့် ဗုဒ္ဓမြတ်စွာဘုရားကို ဆီမီးထွန်းညှိပူဇော်ခြင်း၊ မြတ်ဗုဒ္ဓ၏ တပည့်သံဃာတော်များက ပဝါရဏာကျင်းပကြခြင်းနှင့် သား၊ သမီးများက ဘိုးဘွား၊ မိဘ၊ ဆရာသမားများကို ကန်တော့ကြခြင်း စသည့်ကောင်းမှုကုသိုလ်အဝဝကို ပြုလုပ်ဖြစ်ကြသည်။ မြန်မာ့လူမှုအသိုက်အဝန်းတွင် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ကြီးသူနှင့်ငယ်ရွယ်သူတို့ကြား အပြန်အလှန်နားလည်မှုနှင့် ခွင့်လွှတ်သည်းခံမှုများ ရရှိသောအချိန်အခါလည်း ဖြစ်သည်။ ထို့ကြောင့် သီတင်းကျွတ်လ ဆီမီးထွန်းပွဲတော်သည် ကျေးဇူးသိတတ်သော မြန်မာတို့အတွက် ကုသိုလ်တရားများနှင့် ထုံမွမ်းနေမည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။

# ပင်းတယမြို့နယ် ကျားကုန်းကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပင်းတယ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျားကုန်းခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသီဟန်လင်းနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများက ကျားကုန်းခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဖြင့် မွေးမြူရေးလုပ်ငန်းဖြစ်သော ဝက် ၃၅ ကောင် မွေးမြူထားရှိမှုနှင့် အသေးစား ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒေသဦးစီးမှူး ဦးသီဟန်လင်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) နှင့်ပတ်သက်၍ လိုအပ်သည်များ ရှင်းလင်းပြောကြားသည်။

ပင်းတယမြို့နယ် ကျားကုန်းခေတ်မီစံပြကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ဝက်၊ နွား မွေးမြူရေးနှင့် အသေးစားကုန်ထုတ်လုပ်ငန်းကို အသင်းအဖွဲ့လေးဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသီဟန်လင်းထံမှ သိရသည်။

**မင်းမြင့်မိုရ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ ငွေပြားဆွဲ၊ ငွေပြားနှင့် ရွှေတုံးပါ မင်္ဂလာလာဘ်ခေါ် တောင်ဆိတ်ရုပ်များ တင်ပို့မည်



**ရန်ကုန် အောက်တိုဘာ ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ ငွေပြားဆွဲ၊ ငွေပြားနှင့်ရွှေတုံးပါ မင်္ဂလာလာဘ်ခေါ် တောင်ဆိတ်ရုပ်များ တင်ပို့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်း ဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒါကာမြို့နှင့် စစ်တကောင်းမြို့တို့တွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များရှိပြီး အဆိုပါအရောင်းဆိုင်များက ငွေပြားဆွဲ၊ ငွေပြားနှင့်ရွှေတုံးပါ မင်္ဂလာလာဘ်ခေါ် တောင်ဆိတ်ရုပ်များကို မှာယူလျက်ရှိသည့်အတွက် နိုဝင်ဘာလတွင် ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒါကာနဲ့ စစ်တကောင်းက မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်တွေကို နယ်စပ်ကုန်သွယ်ရေးစခန်းကနေ ပို့ရတာရှိပါတယ်။ သူတို့အမိကမှာတာကတော့ ပန်းပုရုပ်လေးတွေနဲ့ ပန်းချီကားတွေဖြစ်ပါတယ်။ နိုဝင်ဘာလထဲမှာတော့ အလျား ကိုးလက်မ၊ အမြင့် ၁၃ လက်မ၊ ၃ လေးလက်မခွဲရှိတဲ့ ငွေပြားဆွဲ၊ ငွေပြားနှင့် ရွှေတုံးပါ မင်္ဂလာလာဘ်ခေါ် တောင်ဆိတ်ရုပ်တွေကို တင်ပို့ရမှာဖြစ်ပါတယ်။ နိုဝင်ဘာလမကုန်မီ အရုပ် ၅၀ တင်ပို့ရမှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ တစ်ရုပ်ကို ငွေကျပ် ၁၃၀၀၀၀ ဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ASH

# The Black Phone နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးရန် ယူနီဗာဆယ်နှင့် Blumhouse စီစဉ်

**နယူးယောက် အောက်တိုဘာ ၂၉**

The Black Phone ထိတ်လန့်သည်းဖို ဇာတ်ကား၏နောက်ဆက်တွဲဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီနှင့် Blumhouse ရုပ်ရှင်ကုမ္ပဏီတို့က စီစဉ်ထားကြောင်း အောက်တိုဘာ ၂၈ ရက် သတင်းများအရ သိရသည်။

The Black Phone နောက်ဆက်တွဲဇာတ်ကား၌ မူလဇာတ်ကားမှ သရုပ်ဆောင်များပြန်လည်ပါဝင်လာနိုင်မှုရှိ၊မရှိကို မသိရသေးကြောင်း သိရသည်။


သို့ရာတွင် အဆိုပါဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇွန် ၂၇ ရက်တွင် ရုံတင်ရန် ယူနီဗာဆယ်နှင့် Blumhouse တို့က စီစဉ်ထားသည်။

The Black Phone ဇာတ်ကားသည် ကလေးပြန်ပေးဆွဲသမားတစ်ဦးလက်မှ လွတ်မြောက်ရေးအတွက် ရုန်းကန်ခဲ့ရသော ကလေးနှစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားခြင်းဖြစ်သည်။

ဒါရိုက်တာ စကော့ဒါးရစ်ဆင် ရိုက်ကူးထားသည့် အဆိုပါဇာတ်ကားတွင် မင်းသား အီသန်ဟော့က ကလေးပြန်ပေးဆွဲသူ The Grabber အဖြစ် သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**Ref: Russia Today**

**Trs: KKO**




# Miss Cosmo World 2023 ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြုအလှမယ် ကြည်ဖြူခင် ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၉**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာလတွင် ကျင်းပမည့် Miss Cosmo World 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ကြည်ဖြူခင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

Miss Cosmo World 2023 ပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်မှစတင်ကာ နိုဝင်ဘာ ၂၉ ရက်ထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ကြည်ဖြူခင်အပါအဝင် နိုင်ငံပေါင်း ၃၀ ခန့်မှ နိုင်ငံကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ညီမဘက်က အကုန် Detail ပြင်ဆင်နေပါပြီ။ ဝတ်စုံက




အစ Designer တွေနဲ့ တိုင်ပင်ပြီး အကုန်သေချာ ကြိုပြင်ဆင်နေပါတယ်။ မြန်မာမှုအနုပညာလက်ရာကစ ကမ္ဘာကသိအောင် သေချာလေး ပြင်ဆင်နေပါတယ်။ National Gift ပေးဖို့အတွက် သေချာရွေးနေပါတယ်။ အရင်ကတည်းက ပွဲလေးတွေပြိုင်ခဲ့ဖူးတဲ့ အတွေ့အကြုံတွေနဲ့ သေချာလေးပြင်ဆင်ပြီး မြန်မာကို နိုင်ငံတကာက သတိထားမိအောင် ကြိုးစားမှာပါ"ဟု အလှမယ် ကြည်ဖြူခင်က ပြောပြသည်။

မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ကြည်ဖြူခင်သည် Environmental Consultant, Freelance MC အဖြစ် ဆောင်ရွက်နေပြီး လူမှုအကျိုးပြု လုပ်ငန်းများကိုလည်း ပြုလုပ်နေသူတစ်ဦးဖြစ်ကြောင်း သိရသည်။

ASH

# Wise Guys ဇာတ်ကားကို Alto Knights ဟူ၍ အမည်ပြောင်းလဲ

**နယူးယောက် အောက်တိုဘာ ၂၉**

မင်းသားကြီး ရောဘတ်ဒီနီရိုး ဦးဆောင်ပါဝင်သည့် Wise Guys ဇာတ်ကားကို Alto Knights ဟူ၍ ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ဇာတ်ကားအမည် ပြောင်းလဲထားကြောင်း အောက်တိုဘာ ၂၈ ရက် သတင်းများအရ သိရသည်။

ထို့ပြင် Alto Knights ဇာတ်ကားကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ရုံတင်မည်ဖြစ်ကြောင်း ဝါနာဘရားသားကုမ္ပဏီက အောက်တိုဘာ ၂၈ ရက်တွင် ကြေညာထားသည်။


Alto Knights ဇာတ်ကားသည် နယူးယောက် မာဖီးယားခေါင်းဆောင် ဖရင့်ကော့စတယ်လိုနှင့် ဗီတိုဂျီနိုဗီဆီတို့၏ အားပြိုင်ပွဲကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသားကြီး ရောဘတ်ဒီနီရိုးက ဖရင့်ကော့စတယ်လို နေရာနှင့် ဂျီနိုဗီဆီနေရာ နှစ်ခုစလုံးတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Alto Knights ဇာတ်ကားတွင် မင်းသားကြီး ရောဘတ်ဒီနီရိုးနှင့်အတူ မင်းသမီး ဒီဘရာမက်ဆင်း၊ ကတ်ရင်းနာဒပ်စီတို့လည်း ပါဝင်မည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို နီကိုလပ်ပီလီဂီက ရေးသားထားပြီး ဒါရိုက်တာ ဘာရီလီဗင်းစတုန်က ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

**Ref: Xinhua News**

**Trs: KKO**



# သဃ်န်းကျွန်းမြို့နယ် Thuwanabumi Event Park တွင် Overflow Festival ကို နိုဝင်ဘာ ၄ ရက်၊ ၅ ရက်တို့တွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် Thuwanabumi Event Park တွင် Overflow Festival ကို နိုဝင်ဘာ ၄ ရက်၊ နိုဝင်ဘာ ၅ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါ Overflow Festival တွင် တေးဂီတဖျော်ဖြေတင်ဆက်မည့် အဆိုတော် ဂျေမီက ပြောပြ၍ သိရသည်။

အဆိုပါ Overflow Festival တွင် တေးဂီတဖျော်ဖြေမှုအနေဖြင့် အဆိုတော်နှင့် သရုပ်ဆောင်ဦးရေ ၄၀ ကျော်က ပါဝင်ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ပြီး ဘတ်စကက်ဘောပြိုင်ပွဲ၊ Dance Competition အကပြိုင်ပွဲ၊ Pop-up Stores၊ Thrift Stores တို့အပြင် ပွဲတော်လာ ကလေးငယ်များအတွက်လည်း ပျော်ရွှင်ဖွယ်အစီအစဉ်များကို ထည့်သွင်းပေးထားကြောင်း သိရသည်။

"ဒီပွဲကြီးအတွက် နေ့တိုင်း အပြင်းအထန်လေ့ကျင့်နေတယ်။ နေ့တိုင်း Practice လုပ်နေတယ်။ အဲဒီမှာ ကလေးပွဲတွေကော၊ ကလေးတွေကိုပျော်အောင် လုပ်ပေးမဲ့အရာတွေအများကြီးပါ။ မိသားစုတွေလဲ ဈေးပတ်ဝယ်ပြီး တစ်မိသားစုလုံးလာပြီး ပျော်ရွှင်လို့ရမယ်။ နှစ်ရက်စလုံး Overflow ကျင်းပမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့က ပထမဆုံးရက်မှာ အကောင်းဆုံးဖျော်ဖြေမှာမို့ စောစောလာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"ဟု အဆိုတော် ဂျေမီက ပြောပြသည်။

အဆိုပါ Overflow Festival ၌ နိုဝင်ဘာ ၄ ရက်တွင် အဆိုတော် ဂျေမီ၊ ရဲလေး၊ Mary၊ မိုးထက်၊ Double J၊ Nj၊ Louz Xa Lone၊ Young P၊ 99 Symphony၊ YTX၊ Solo Bigboy၊ Young Kuu၊ Ceyyie၊ Thirty Six တို့က ဖျော်ဖြေမည်ဖြစ်ပြီး နိုဝင်ဘာ ၅ ရက်တွင် အဆိုတော် BG 18၊ ရဲရင့်အောင်၊ Bobby Soxer၊ Mairy၊ Paikyu၊ Minus၊ Milly တို့က ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing enjoys events on the sixth day of 24th Myanmar Traditional Cultural Performing Arts Competition





Senior General Min Aung Hlaing watches the dancing contest.

**Yangon October 29**

The 24th Myanmar Traditional Cultural Performing Arts Competition continued for the sixth day at MICC-II and the Training Theatre of the Ministry of Religious Affairs and Culture in Nay Pyi Taw today, attended by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

These competitions were also enjoyed by SAC Secretary Lt-Gen Aung Lin Dwe, Council members General Mya Tun Oo and Lt-Gen Yar Pyae, Union ministers, the chairman of Nay Pyi Taw Council, the commander of Nay Pyi Taw Command, deputy ministers, members of the panel of judges, managers, trainers, national brethren contestants from regions and states and officials.






Senior General Min Aung Hlaing watches a contestant participating in the singing competition.

First, the Senior General and party watched participation of dancing troupes from regions and states in the ethnic traditional/folk-dance open class, showing dancing and performances on natural beauties and traditional cultures.

The Senior General also viewed playing of Donmin event in the amateur (first class) men's Donmin contest.

The Senior General and party also viewed presentation of contestants in the song contest singing the song "Myanmar's soul, Myanmar's scene" with brilliant performances of singing in the uplift of national prestige and integrity song contest at the men's higher education level.



Senior General Min Aung Hlaing watches the Donmin playing contest.

The Senior General also enjoyed competition of contestants in the men's solo orcheatra amateur (second class) event at the Training Theatre of the Ministry of Religious Affairs and Culture.

After watching the competitions, the Senior General cordially greeted maestros from the panel of judges and contestants. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Command Centre to apply Telematics to control vehicles along Yangon-Mandalay expressway



Part of Yangon-Mandalay Expressway.

**Yangon October 29**

The Ministry of Construction on 27 October stated that telematics system will be applied by the command centre in controlling vehicles along Yangon-Mandalay expressway.

A large number of vehicles are rolling along Yangon-Mandalay expressway on a daily basis, causing traffic accidents.

According to the statistics issued by the Department of Road Transport Administration under the Ministry of Transport and Communications, there were 125 traffic accidents on the expressway from January to September 2023, leaving 70 dead and 254 injured.

During the same period in 2022, a total of 123 traffic accidents happened on the expressway, leaving 184 injured and 45 dead. So, this year's traffic accidents doubled the previous year's with excessing 70 more injured and 25 dead.

The expressway maintenance and supervisory body of the Department of Highways under the Ministry of Construction will apply the telematics system to control vehicles driving along the expressway on a daily basis from the command centre.

To operate such a project, open tender is invited to businesspersons. Now, they submit the open tender proposals to the department. These proposals must be sent to the expressway maintenance and supervisory body of the director (civil) office in Nay Pyi Taw, not later than 4 pm on 6 November.

The tender proposal must be attached to copy of company registration, company profile, at least five-year international experiences of applying the telematics system, service given in ASEAN countries, international recognition certificate for applied telematics system, sample records in Myanmar, sample devices, functions of the system in Myanmar and English, rapid operations of selected company, work schedules, all-inclusive service, the country origin of devices, price proposal in Myanmar kyat and other documents. For further information, dial 09-250902004.

336

# Locals from Yamethin plant over 48,600 acres of rain-fed rice in rain-fed crop growing season

**Yamethin October 29**

More than 48,600 acres of rain-fed rice have been planted in this year's rain crop planting season in Yamethin Township, Mandalay Region, said U Aung Myo Thant, township head of the Department of Agriculture.

The acres of rain-fed rice in the township were planted from the third week of May, and till today, the varieties of rain-fed rice planted is 42,997 acres of Manaw Thukha, 1,886 acres of Ayamin, 185 acres of Pearl Thwe, 2,899 acres of Sin Thukha and 681 acres of Taung Yar. The total cultivated acres are 48,648 acres. When the farmers plant the rice, they plant in accord with the guidelines of the department using scientific methods.

In order to ensure sufficient consumption of rice in Mandalay Region, 48,648 acres of rain-fed rice have been planted in the township this year. In the region, when the farmers cultivate rice acres, they are cultivating with various methods such as using the rainwater, cultivation with irrigation system, planting with river water pumping system and underground water system.



A paddy plantation.

185

# Govt. plans to provide basic fish farming and fish breeding by injection method trainings

**Mandalay October 29**

Basic fish farming and fish breeding by injection method trainings will be provided for those interested in fish farming in Mandalay Region, said U Tun Naung Win, Deputy Director of Mandalay Region's Thayetkone fishery station.

These two types of technology are mainly planned to be given to fish farmers who are interested in fish farming to understand fish farming methods. These courses will be held during the fourth week of this month and will be taught free of charge for two days at the Thayetkone fishery station.

In order to be able to raise healthy fish species and fry and produce and distribute good fish species, two types of techniques such as basic fish breeding and fish breeding by injection method trainings will be taught. The department is doing this with the aim of enabling fish farmers to raise freshwater fish in a systematic manner, ensuring the safety of fish food and being able to produce their own fish.

185

# US Weapons Production Deficiency Exposed Amid Ukraine, Israel Conflicts

**Moscow October 29**

Biden's support for Ukraine has revealed the limited capacity of the US defense industry to increase output. The Palestine-Israel conflict complicates this problem, as American arms production struggles to meet demand. Leading military experts are questioning the US' ability to honor its aid commitments while maintaining its own combat readiness.

While the Biden administration has reaffirmed its support for Ukraine and Israel in the latest escalation in the Gaza Strip and, at the same time, prioritized American security, experts have been skeptical about it.

Furthermore, a senior fellow at the Brookings Institution and a foreign policy expert, Michael O'Hanlon, told a US media outlet that "Any kind of a blanket statement like 'we can handle this, we got it' is too simplistic." The expert further contends that even if the Pentagon or President Joe Biden's administration has a point, it is a misrepresentation to describe their stance as an unquestionable fact.

In a recent prime-time speech, President Biden pledged to send more military aid to Ukraine and Israel, seeking Congress' approval for a $105 billion emergency package. Ukraine is set to get around $61 billion, while Israel will receive about $14 billion for air and missile defenses.

Sputnik

# Turkiye to Declare Israel 'War Criminal' to World Over Gaza - Erdogan

**Moscow October 29**

As Israel intensified its pummeling of the Gaza Strip amid the "second stage" of its war against Hamas in the enclave, ratcheting up the civilian death toll, Turkish President Recep Tayyip Erdogan attended a huge rally held by his country's governing Justice and Development Party at Ataturk Airport in Istanbul in solidarity with the Palestinians.

Turkiye will label Israel a "war criminal" for its actions in Gaza, Turkish President Recep Tayyip Erdogan said at a huge rally on Saturday.

The Turkish leader underscored that the Western world's politicians and their media were legitimizing the "massacre of the innocent people" in Gaza, reiterating that "Israel is committing war crimes." Erdogan also applauded "the determination of the people of Gaza" not to leave their city in the face of bombardments. The politician slammed the relentless Israeli strikes on the enclave, and the fact that "Israel does not care" that they have have resulted in an escalating civilian death toll.

Sputnik



# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်က ယူကရိန်းလေယာဉ်မှူးများကို လေ့ကျင့်သင်တန်းပေးမှုများစတင်



အမေရိကန်နိုင်ငံ အရီဇိုးနားလေတပ် အမျိုးသားအစောင့်တပ်ဖွဲ့သည် F-16 တိုက်လေယာဉ်များပျံသန်းမောင်းနှင်နိုင်ရန် ယူကရိန်းနိုင်ငံမှလေယာဉ်မှူးများကို လေ့ကျင့်သင်တန်းပေးမှု စတင်လိုက်ပြီဖြစ်သည်ဟု ယူကရိန်းဆိုင်ရာ အမေရိကန်သံအမတ် Bridget Brink က အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ပင်တဂွန်စစ်ဌာနချုပ်က နောက်ထပ် အမေရိကန်ဒေါ်လာ သန်း ၁၅၀ တန်ဖိုးရှိ စစ်လက်နက်နှင့် စက်ပစ္စည်းကိရိယာများကို ယူကရိန်းနိုင်ငံထံ ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

Brink က အဆိုပါလေ့ကျင့်မှုသင်တန်းကို ယူကရိန်းလေကြောင်းရန်ကာကွယ်ရေး စွမ်းအားများ တည်ဆောက်ခြင်းအတွက် မရှိမဖြစ် အစိတ်အပိုင်းတစ်ခုဟု ပြောဆိုခဲ့ပြီး ယူကရိန်းကိုပံ့ပိုးရန်အတွက် ဥရောပမိတ်ဖက်နိုင်ငံများနှင့် လုပ်ဆောင်ရခြင်းအတွက် အမေရိကန်နိုင်ငံအနေဖြင့် ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

ဒိန်းမတ်၊ နယ်သာလန်တို့နှင့်အတူ ယူကရိန်းသို့ F-16 တိုက်လေယာဉ်များ ပံ့ပိုးပေးနေသည့် မဟာမိတ်နိုင်ငံများ၏ ညွန့်ပေါင်းအဖွဲ့ကို အမေရိကန်ကဦးဆောင်သွားမည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး Lloyd Austin က ယခုလအစောပိုင်းတွင် ပြောကြားခဲ့ဖူးသည်။

ဒိန်းမတ်နှင့် နယ်သာလန် နှစ်နိုင်ငံသည် F-16 တိုက်လေယာဉ် ပဏာမ ခြေလှမ်းကို ဇူလိုင်လအစောပိုင်းက စတင်လုပ်ဆောင်ခဲ့ပြီး ဩဂုတ်လတွင် ယူကရိန်းသို့ ၎င်းတို့၏ တိုက်လေယာဉ်များ ပံ့ပိုးပေးအပ်ရန် အမေရိကန်ထံမှ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်သည်။ အမေရိကန်က ၎င်း၏ကိုယ်ပိုင်တိုက်လေယာဉ်များကို ယူကရိန်းသို့ စေလွှတ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ယူကရိန်း လေယာဉ်မှူးများသည် ပျံသန်းရေးလေ့ကျင့်မှုများ မစတင်မီ အင်္ဂလိပ်ဘာသာစကားသင်တန်းကို ပြီးအောင် တက်ရောက်ခဲ့ကြရသည်။ Austin က လာမည့်နွေဦးရာသီတွင် တိုက်လေယာဉ်များကို ပထမဆုံးအကြိမ် ယူကရိန်းသို့ ပို့ဆောင်ပေးနိုင်လိမ့်မည်ဟု ခန့်မှန်းတွက်ချက်ထားသည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများသည် နျူကလီးယားလက်နက်များ သယ်ဆောင်နိုင်သော F-16 တိုက်လေယာဉ်များကြောင့် လက်သင့်ခံနိုင်ဖွယ်မရှိဘဲ တင်းမာမှုများတိုးမြှင့်လာနိုင်သည်ဟု ရုရှားတို့ဘက်က သတိပေးမှုများ ပြုလုပ်နေသော်လည်း အကောင်အထည်ဖော်ရန် လုပ်ဆောင်နေခြင်းဖြစ်သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်ကယူကရိန်းကိုပေးပို့သွားမည့် F-16 တိုက်လေယာဉ်များသည် အခြား အနောက်နိုင်ငံထုတ် စစ်လက်နက်ပစ္စည်းများကဲ့သို့ပင် မီးလောင်ပျက်စီးသွားလိမ့်မည်ဟု သတိပေးထားသည်။

တစ်ချိန်တည်းတွင် ပင်တဂွန်စစ်ဌာနချုပ်သည် ယူကရိန်းသို့ လုံခြုံရေးအကူအညီ နောက်ဆုံးပေါ်ပက်ကေ့ချ်ပါ လက်နက်ပစ္စည်းများစာရင်းကို ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါစာရင်းတွင် NASAMS လေကြောင်းရန် ကာကွယ်ရေးစနစ်များအတွက် ဒုံးကျည်များ၊ HIMARS အတွဲလိုက် ဒုံးပစ်လောင်ချာသုံးဒုံးကျည်၊ အမြောက်များ၊ ၁၀၅ နှင့် ၁၅၅ မမ အမြောက်များအတွက် ကျည်များအပြင် TOW နှင့် Javelin တင့်ဖျက်ဒုံးကျည်စနစ်များအတွက် ခဲယမ်းများ အစိကပါဝင်ကြောင်း သိရသည်။

ပင်တဂွန်စစ်ဌာနချုပ်၏အဆိုအရ ၎င်းသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ရုရှားနှင့် ပဋိပက္ခများ မဖြစ်ပွားမီ ၂၀၂၁ ခုနှစ် ဩဂုတ်လကတည်းက ယူကရိန်းအတွက် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနပိုင်လက်နက်တိုက်များမှထုတ်နုတ်၍ ပံ့ပိုးပေးမည့် ၄၉ ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၆ ရက်က အိမ်ဖြူတော်၏ ကြေညာချက်တွင် ယူကရိန်းကို ပံ့ပိုးကူညီမှုသည် အမေရိကန်စစ်ဘက်ဆိုင်ရာ စက်မှုလုပ်ငန်းများကို ခိုင်မာအားကောင်းစေပြီး အမေရိကန်ပြည်သူများအတွက် ကျွမ်းကျင်သောအလုပ်အကိုင်များ ဖန်တီးပေးသည့် စမတ်ကျသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သည်ဟူ၍လည်းဖော်ပြထားသည်။ ခဲယမ်းများနှင့် စက်ပစ္စည်းကိရိယာများသည် ပင်တဂွန်၌ရှိပြီးသားလက်နက်သိုလှောင်ရုံများမှ တိုက်ရိုက်ပေးအပ်မည်ဖြစ်သည့်အတွက် စီးပွားရေးဆိုင်ရာအကျိုးသက်ရောက်မှုသည် ၎င်းတို့ကို အစားထိုးမှုအတွက် ထပ်မံအမှာစာပေးပို့ဝယ်ယူရန် စာချုပ်ချုပ်ဆိုခြင်းများဖြင့် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ရည်မှန်းသုံးသပ်ထားသည်။

**US begins training Ukrainian pilots ကို ဘာသာပြန်ဆိုထားပါသည်။**

## ပိုလန်နိုင်ငံက တောင်ကိုရီးယားထုတ် FA-50 တိုက်လေယာဉ်များ ထပ်မံရရှိ

ပိုလန်နိုင်ငံသည် ၎င်း၏လေတပ်အတွက် တောင်ကိုရီးယားထုတ် FA-50 တိုက်လေယာဉ်များ ထပ်မံလက်ခံ ရရှိခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါတိုက်လေယာဉ်များကို Warsaw Okecie မြို့တွင် လက်ခံရရှိခဲ့ပြီး လက်ရှိအချိန်ထိ စုစုပေါင်း FA-50 တိုက်လေယာဉ် ရှစ်စင်းကို ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

ပိုလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Mariusz Błaszczak ၏ အဆိုအရ တိုက်လေယာဉ် စုစုပေါင်း ၁၂ စင်းကို ယခုနှစ်ကုန်တွင် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ခိုင်မာသော ဆုံးဖြတ်ချက်များဖြင့် ကျွန်ုပ်တို့သည် ပိုလန်စစ်ဘက်ကို ခေတ်မီအားကောင်းအောင်လုပ်ဆောင်နေပြီး ပိုလန်ကောင်းကင်ယံလုံခြုံရေးကို တိုးမြှင့်လုပ်ဆောင်နေကြောင်း ပိုလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Mariusz Błaszczak က လူမှုကွန်ရက်တွင် ရေးသားခဲ့ကြောင်း သိရသည်။

ပိုလန်နိုင်ငံ၏ လိုအပ်ချက်များအတွက် FA-50PL တိုက်လေယာဉ်အုပ်ဖွဲ့စည်းမှုပုံစံတွင် နောက်ထပ်လေယာဉ် ၃၆ စင်းစာအတွက် အမှာစာပေးပို့ခဲ့ပြီးနောက် ပထမဆုံး FA-50 တိုက်လေယာဉ်ကို ယခုနှစ် ဇူလိုင်လက လက်ခံရရှိခဲ့ခြင်းလည်းဖြစ်သည်။ ပိုလန်လေတပ်သည်နိုင်ငံ၏လေကြောင်းပိုင်နက် နယ်နိမိတ်များကို ကင်းလှည့်ရန်၊ မဟာမိတ်နိုင်ငံများနှင့်အတူ မစ်ရှင်ထမ်းဆောင်မှုများတွင် ပါဝင်ဆောင်ရွက်ရန် အဆိုပါ တောင်ကိုရီးယားနိုင်ငံထုတ် တိုက်လေယာဉ်အသစ်များကို ဖြန့်ကြက်အသုံးပြုမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားထားသည်။ နောက်ထပ်လွှဲပြောင်းပေးပို့မှုများကို ၂၀၂၅ ခုနှစ်တွင် စတင်ရန် စီစဉ်ထားပြီး နှစ်နှစ်မှ သုံးနှစ်အတွင်း အပြီးသတ်မည်ဖြစ်သည်။



တောင်ကိုရီးယားနိုင်ငံ Korea Aerospace Industries (KAI) က ထုတ်လုပ်သည့် FA-50 တိုက်လေယာဉ်ကို NATO မဟာမိတ်အဖွဲ့၏ အရှေ့ဘက်ခြမ်းတွင် တင်းမာမှုများကြောင့် ပိုလန်နိုင်ငံအတွက် အရှိန်အဟုန်မြှင့်တင်၍ ထုတ်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ လက်ရှိ ပထဝီနိုင်ငံရေးအခြေအနေများအရ KAI အနေဖြင့် ထုတ်လုပ်မှုကို အရှိန်မြှင့်ရန် ပိုလန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက တောင်းဆိုထားခဲ့သည်။ သဘောတူလက်မှတ်ရေးထိုးစာချုပ် ချုပ်ဆိုချိန်မှ ပထမဆုံးတိုက်လေယာဉ် တစ်စင်းပို့ဆောင်ပေးချိန်ထိ အချိန်ကာလအားဖြင့် ရှစ်လသာကြာမြင့်ခဲ့သည်။

FA-50 တိုက်လေယာဉ်သည် အပေါ့စား Supersonic တိုက်လေယာဉ်အမျိုးအစားဖြစ်ပြီး အမြန်နှုန်း Mach 1.5 (တစ်နာရီလျှင် ၁၈၃၇ ကီလိုမီတာ/၁၁၄၂ မိုင်)ဖြင့် ပျံသန်းစစ်ဆင်နိုင်ကာ စစ်ဆင်ပျံသန်းနိုင်မှုခရီးအကွာအဝေး ကီလိုမီတာ ၁၈၀၀ (၁၁၁၈ မိုင်)နှင့် အမြင့်ဆုံးအမြင့်မီတာ ၁၄၆၀၀ (ပေ ၄၇၀၀၀) ရှိသည်။ ၎င်းတွင် အဓိကတပ်ဆင်ထားသော လက်နက်မှာ ဝေဟင်မှကြဲချနိုင်သော ဗုံးအမျိုးမျိုး၊ AGM-65 Maverick ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်များနှင့် AIM-9 Sidewinder ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များနှင့်အတူ 20mm စက်သေနတ်တို့ဖြစ်ကြောင်း သိရသည်။

**Poland Receives More South Korean FA-50 Fighter Jets ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်း တီလားဗီးယားငါးပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပန်းတနော် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်း တီလားဗီးယားငါးပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်စုက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက တီလားဗီးယားငါး ပိဿာချိန် ၄၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တီလားဗီးယားငါးပိဿာချိန် ၇၁၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ တီလားဗီးယားငါးတွေ ဝယ်လိုအားကောင်းနေတာကြောင့် ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရတယ်။ ငါးပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေပါ အဆင်ပြေနေပါတယ်။ အခု ငါးဝယ်လိုအား ကောင်းလာတာကြောင့် ငါးမွေးမြူသူတွေ ငါးအကောင်ရေ ထပ်တိုးမွေးလာတာ တွေ့ရပါတယ်။ ငါးဈေးကတော့ ပုံမှန်အခြေအနေမှာပဲရှိပါတယ်"ဟု ဒေါ်သက်သက်စုက ပြောပြသည်။

တီလားဗီးယားငါးသက်တမ်းသည် နှစ်လ ၁၅ ရက် သို့မဟုတ် သုံးလခန့် မွေးမြူရကြောင်း၊ ပန်းတနော်မြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေသည့် တီလားဗီးယားငါးတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိဈေးပေါက်နေကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်စုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းတုံမြို့နယ် ဟော့ပါစီး(ရေထွက်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မိုင်းတုံ အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟော့ပါစီး(ရေထွက်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ဟော့ပါစီး(ရေထွက်)ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



ဟော့ပါစီး(ရေထွက်)ကျေးရွာ၌ အရှည်ပေ ၄၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ ကျပ် ၁၅ သန်း၊ ကျေးလက်နေပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၀၁ သန်း စုစုပေါင်းငွေကျပ် ၁၉ ဒသမ ၀၁ သန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်စက်တင်ဘာလဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်းပြီးစီးမှုကြောင့် ဟော့ပါစီး(ရေထွက်)ကျေးရွာမှ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

# ဝေါမြို့နယ် တမံကြီးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တမံကြီးကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက တမံကြီးကျေးရွာရှိ တာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အရင်းဆပ်၊ အတိုးဆပ်နှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားပိုင်ခွင့်များ၊ ဖြစ်မှုဖြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက တမံကြီးကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၁၂ ဒသမ ၂ သန်း လွှဲပြောင်း ပေးအပ်သည်။

ဝေါမြို့နယ် တမံကြီးကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို ရန်ပုံငွေကျပ် ၁၂ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၉-၁၀-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဧးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ငွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်**

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များရှိ နေရာအချို့ကို အောက်တိုဘာလ ၂၇ ရက်တွင် သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့်နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသောလက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များပေါ် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်**

၁။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက် နံနက်တွင် လက်နက်ကိုင်သောင်းကျန်းသူများက ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဖက်ကာနှင့် သိန္နီဒေသကိုတိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူအရပ်သားများကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရရှိစေခြင်းနှင့် ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းတို့အပေါ် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ် အသင်းတော်(အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်**

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့နံနက်ခင်းက ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော်ဒေသကိုတိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူအရပ်သားများကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည့် လက်နက်ကိုင်သောင်းကျန်းသူများကို ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)က ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)**

## မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်**

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လားရှိုး၊ မူဆယ်၊ နမ့်ဖက်ကာစသည့်မြို့နယ်အချို့ကို အောက်တိုဘာ ၂၇ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့်အပြစ်မဲ့ပြည်သူတချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသော လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များပေါ် မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ ပြင်းထန်စွာကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟို အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်**

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များရှိ နေရာအချို့ကို အောက်တိုဘာလ ၂၇ ရက်တွင် သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတချို့ သေဆုံးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသော လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေး အဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်**

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များ၏ နေရာအချို့ကို အောက်တိုဘာလ ၂၇ ရက်တွင် သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသော လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာရှုတ်ချကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို)သဘောထားထုတ်ပြန်ချက်

**၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့**

**၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်**

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော် အပါအဝင် မြို့နယ်အချို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့ပြီး အပြစ်မဲ့ပြည်သူများကို သေကျေဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)အနေဖြင့် ပြင်းထန်စွာပြစ်တင်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့**

**၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်**

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံ၊ချင်းရွှေဟော်မြို့တို့ကိုသောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးမှုကြောင့် ဒေသခံပြည်သူများ သေဆုံးခဲ့မှုနှင့်ဒေသခံပြည်သူအချို့အား ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ကပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

**စာမျက်နှာ ၁၇ မှအဆက်**

ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင်"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊မန္တလေးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်"(ကြိုး)သီးချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာတီးခတ်ယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမဦးကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တိလမုဋ္ဌိဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့်ဇာတ်တော်ကြီး၏အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှစွမ်းရည် ပြသဟောပြောယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမဦးကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက်ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲ၌ "ပညာရွှေအိုး"ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဇေယျာသီရိရုပ်စုံအဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ကျူးသည့် အကအလှများ၊ဆိုငိုပြောပညာရပ်များ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "မဟော်သဓာ"ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရဲမိုးလွင်ဇာတ်အဖွဲ့က မူရင်းမဟော်သဓာဇာတ်တော်ကြီး၏တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆိုငိုပြောပညာရပ်များ၊အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့်ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကာလအတွင်းပြိုင်ပွဲဝင်များကို ကျန်းမာရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ နေထိုင်သွားလာစားသောက်နိုင်ရန်နှင့် စိတ်အေးချမ်းသာစွာ ပြိုင်ပွဲဝင်နိုင်ရန် လိုအပ်သည်များကို ကူညီစီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ပြိုင်ပွဲဝင်များနှင့်ပြိုင်ပွဲသို့လာရောက်ကြည့်ရှုအားပေးကြသည့် ဧည့်ပရိသတ်များအတွက် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာကိစ္စများစောင့်ရှောက်ပေးနိုင်ရန် တည်းခိုသည့်နေရာနှင့် ပြိုင်ပွဲကျင်းပသည့်နေရာများတွင် ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ထားရှိ၍ နေ့ညမပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြိုင်ပွဲဆိုင်ရာသတင်းအချက်အလက်များ ရရှိနိုင်ရေးအတွက်လည်း တည်းခိုဆောင်များတွင် ရုပ်မြင်သံကြားစက်များတပ်ဆင်ပေးခြင်း၊ နေ့စဉ်ထုတ်သတင်းစာများထားရှိပေးခြင်းအပြင် ပြိုင်ပွဲနှင့်ပတ်သက်သည့် နေ့စဉ်ထုတ်သတင်းလွှာများရိုက်နှိပ်ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သဇင်(FM) အသံလွှင့် အစီအစဉ်

**၃၀-၁၀-၂၀၂၃(တနင်္လာနေ့)**

၁။ ၀၈:၀၀
ယှဉ်ကျေးလိမ္မာဖို့နားဆင်စို့

၂။ ၁၀:၄၆
Master Chef

၃။ ၁၃:၃၀
Live For You

၄။ ၁၅:၀၀
Fighting Music

၅။ ၁၇:၀၀
သွေးချင်းတို့ဌာနေ

# Online လောင်းကစားနှင့်လိမ်လည်မှုများသည် မြန်မာနိုင်ငံမှတရုတ်ပြည်သူများကို လိမ်လည်ခြင်းမဟုတ်သလို တရုတ်နိုင်ငံမှလည်း မြန်မာပြည်သူများကို လိမ်လည်ခြင်းမဟုတ်ဘဲ ရာဇဝတ်မှုကျူးလွန်ထားသော ပြည်ပြေးလူလိမ်တစ်စုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က လုပ်ဆောင်နေခြင်းဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix New Media က ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် လာရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုအကျဉ်းချုပ်ကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**Phoenix Media**-အခုလိုလာရောက်ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဗိုလ်ချုပ် ဇော်မင်းထွန်း အခုလိုလာရောက်မေးမြန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တရုတ်နိုင်ငံက မီဒီယာများထဲမှ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့တွေ့ဆုံခွင့်ရတဲ့မီဒီယာလို့ မှတ်မိနေပါတယ်။ အဲဒီအချိန်က မြန်မာ့နိုင်ငံရေးကို စိတ်ဝင်စားတဲ့အချိန်မှာ Interview ရိုက်ကူးခဲ့တာဖြစ်လို့အောင်မြင်ခဲ့ကြောင်း သိရပါတယ်။မြန်မာနိုင်ငံရဲ့အခြေအနေမှန်ကိုသိရဖို့လာရောက်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**မေး။** မြန်မာနိုင်ငံမြောက်ပိုင်းမှာ Online လိမ်လည်မှုတွေကို ဘယ်အချိန်မှာ စတင်သိခဲ့ပါသလဲ။

**ဖြေ။** ၂၀၂၀-၂၀၂၁ မြန်မာနိုင်ငံမတိုင်မီ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတို့မှာဖြစ်ပွားခဲ့ပြီး ၂၀၂၁-၂၀၂၂ ကူးချိန်မှာ မြန်မာနိုင်ငံကို ရောက်လာခဲ့တာတွေ့ရပါတယ်။ အဲဒီလောင်းကစားလုပ်ငန်းလုပ်ကိုင်ကြတဲ့သူတွေဟာ ကမ္ဘောဒီးယားနိုင်ငံကနေပြေးလာပြီး မြန်မာနိုင်ငံတောင်ပိုင်းမှာရှိတဲ့ ရွှေကုက္ကိုလ်ဒေသမှာ လုပ်နေပြီဆိုတဲ့သတင်းရရှိခဲ့ပါတယ်။ အနောက်နိုင်ငံတွေကလည်း ရွှေကုက္ကိုလ်ဟာ တရုတ်အစိုးရရဲ့ မူဝါဒအရဆောက်ခဲ့တာဆိုပြီး ဝါဒဖြန့်ခဲ့တာကြောင့် တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား အထင်အမြင်လွဲမှားမှုတွေဖြစ်ခဲ့ပါတယ်။ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ပူးပေါင်းဆောင်ရွက်ခဲ့တယ်ဆိုပြီး စွပ်စွဲခဲ့လို့လည်း ကျွန်တော်ကိုယ်တိုင်ပဲ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ရှင်းလင်းခဲ့ရပါတယ်။ အဲဒီရွှေကုက္ကိုလ်စီမံကိန်းကိုတည်ဆောက်ခွင့်ပိတ်ပြီးနောက်မှာ မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့တွေဆီကို ရောက်လာခဲ့တာလည်းဖြစ်နိုင်ပါတယ်။ ၂၀၂၁-၂၀၂၂ အကူးမှာမှ မြန်မာနိုင်ငံမြောက်ပိုင်းမှာ Online လောင်းကစားမှုတွေလုပ်နေပြီဆိုတာသိခဲ့ရပါတယ်။ မြန်မာအစိုးရအနေနဲ့လည်း ၂၀၂၂ ခုနှစ်ကစပြီး ခြေရာခံ၊ ဖမ်းဆီးမှုတွေပြုလုပ်ခဲ့ပါတယ်။ သူတို့အနေနဲ့ တရုတ်ဘက်တင်မကဘဲ မြန်မာဘက်ကိုပါ ပစ်မှတ်ထားလုပ်ဆောင်တာကိုလည်းတွေ့ပါတယ်။ Onlineမှာလုပ်တာဆိုတော့ ထင်ရှားတာမရှိဘဲ အနေချောင်နိုင်၊ ချောင်တဲ့နေရာမှာ လုပ်တာလည်းဖြစ်ပါတယ်။

**မေး။** Online လောင်းကစားမှုတွေလုပ်ဆောင်နေတာကို သိသိခြင်းဘယ်လိုစီမံမှုတွေပြုလုပ်ခဲ့ပါသလဲ။ပူးပေါင်းဆောင်ရွက်မှုဟာ မြန်မာနိုင်ငံဘက်က စတင်ခဲ့တာလား၊ တရုတ်နိုင်ငံဘက်က စတင်ခဲ့တာလား။

**ဖြေ။** မြန်မာနိုင်ငံဘက်ကတော့ ဆိုရှယ်မီဒီယာကနေ စတင်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ခြေရာခံပြီး စုံစမ်းခြင်း၊ လက်လှမ်းမီရင် ဆက်သွယ်ရေးဥပဒေ၊ လောင်းကစားဥပဒေနဲ့အရေးယူခဲ့ပါတယ်။ သာမန်အနေထားနဲ့သာလုပ်ဆောင်နိုင်ခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့်မလုပ်ဆောင်နိုင်ခဲ့ပါဘူး။ တရုတ်နိုင်ငံဘက်မှ အကြောင်းကြားလာမှသာ နှစ်နိုင်ငံပူးပေါင်းပြီး အရှိန်အဟုန်နဲ့ နှိမ်နင်းတာတွေလုပ်ဆောင်ခဲ့ပါတယ်။

**မေး။** Online ပေါ်မှာ သိတဲ့တစ်ယောက်က သူထိန်းချုပ်ခံရတယ်လို့ လူကြီးတွေကို သိအောင်ပြောပေးပါဆိုပြီးပြောပါတယ်။ပူးပေါင်းဆောင်ရွက်တဲ့လုပ်ဆောင်မှုများကိုပြောပေးပါ။ ဖမ်းဆီးခဲ့တာ ဘယ်လောက်သိမ်းဆည်းရမိခဲ့ပါသလဲ။ တရုတ်လူမျိုး၊ မြန်မာလူမျိုး ဘယ်နှစ်ဦးပါပါသလဲ။

**ဖြေ။** ဖမ်းဆီးရမိခဲ့တာတော့ တစ်သောင်းနီးပါးရှိပြီး တကယ်ပြစ်မှုကျူးလွန်တာကတော့ သုံးရာနီးပါးရှိပါတယ်။ မြန်မာလူမျိုး ၅၀ ကျော်ပါဝင်ပြီး တရုတ်လူမျိုးရော အဲဒီဒေသမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်တွေပါ ပါဝင်ပါတယ်။ အသေးစိတ်ကိုတော့ သက်ဆိုင်ရာဌာနများက ပြောပြပေးမှာဖြစ်ပါတယ်။ ဆက်ပြီးလုပ်ဆောင်မှာတွေကို ပြောပြပါမယ်။ နံပါတ်တစ်အနေနဲ့ မြန်မာနိုင်ငံရဲ့ မူဝါဒကတော့ မြန်မာ့မြေကိုသုံးပြီး အိမ်နီးချင်းနိုင်ငံများရဲ့ အကျိုးစီးပွားကို ထိခိုက်စေမယ့်လုပ်ငန်းမျိုး၊အဖျက်အမှောက်လုပ်ငန်းမျိုး၊ မီဒီယာကနေ ဝါဒဖြန့်တာမျိုး၊ လိမ်လည်လောင်းကစားခြင်းမျိုးတွေကို လုံးဝလက်မခံဘဲ တိုက်ဖျက်သွားမှာဖြစ်ပါတယ်။ နံပါတ်နှစ်အနေနဲ့ Onlineလောင်းကစားလိမ်လည်မှုတွေနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံပူးပေါင်းပြီး အမြစ်ပြတ်အောင်လုပ်မယ်လို့ ကျွန်တော်တို့သန္နိဋ္ဌာန်ချထားပါတယ်။ ဒီနှစ်အောက်တိုဘာလ ၁၅ ရက်မှာလည်း တရုတ်နိုင်ငံရဲ့ အာရှရေးရာအထူးကိုယ်စားလှယ်နဲ့ ကျွန်တော်တို့ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့တွေ့ဆုံဆွေးနွေးရာမှာလည်း မြန်မာနိုင်ငံမှာဖြစ်နေတဲ့ Online လိမ်လည်မှုတွေကို အမြစ်ပြတ်အောင်ဆောင်ရွက်မယ်လို့ သန္နိဋ္ဌာန်ချမှတ်ထားပါတယ်။

**မေး။** ယခုအချိန် Onlineလိမ်ညာနေတဲ့အဖွဲ့ ဘယ်နှစ်ဖွဲ့လောက်ဖမ်းဆီးထားလဲ။တရုတ်နိုင်ငံက ထိခိုက်သူတွေအပေါ်ကို ဘယ်လိုဆောင်ရွက်ပေးဖို့ရှိပါသလဲ။

**ဖြေ။** “ဝ”နဲ့ မိုင်းလား၊ ကိုးကန့်နယ်မြေတွေမှာ ဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။ အဆိုပါဒေသများဟာ အထူးဒေသများဖြစ်ပါတယ်။ “ဝ”နဲ့မိုင်းလားဒေသဟာ ကျွန်တော်တို့အစိုးရရဲ့ ထိန်းချုပ်မှုအောက်မှာ မရှိတာကြောင့် တရုတ်နိုင်ငံဘက်က ဆောင်ရွက်ပြီးဖြစ်ပါတယ်။ကိုးကန့်ဒေသကတော့ ကျွန်တော်တို့ ထိန်းချုပ်မှုအောက်မှာရှိလို့ ဖမ်းဆီးရမိတာတွေကို တရုတ်နိုင်ငံဘက်ကို ပို့ဆောင်ပေးလျက်ရှိပါတယ်။ “ဝ”နဲ့ မိုင်းလားဒေသဟာ တရုတ်အစိုးရနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး ဆောင်ရွက်တာဖြစ်တဲ့အတွက် ငွေကြေးပမာဏ ဘယ်လောက်လဲဆိုတာတော့ ကျွန်တော်မသိပါဘူး။

**မေး။** အခုထပ်ပြီး ဘယ်နှစ်နေရာရှိပါသလဲ။ နှိမ်နင်းဖို့ဘယ်လောက်ကြာမယ်ဆိုတာကို တရုတ်ပြည်သူတွေက အရေးတကြီးသိချင်နေပါတယ်။

**ဖြေ။** တရုတ်နိုင်ငံက အထူးကိုယ်စားလှယ်လာရောက်ချိန်မှာ ဒီနှစ်အကုန် အမြစ်ပြတ်ချေမှုန်းဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ Online လောင်းကစားနဲ့ လိမ်လည်မှုဟာ ဒီမှာနှိမ်နင်းပြီးရင်လည်း ဘယ်ကိုရွှေ့ပြောင်းသွားမလဲဆိုတာ ခန့်မှန်းလို့မရပါဘူး။ တရုတ်နိုင်ငံနဲ့မြန်မာနိုင်ငံပူးပေါင်းပြီး လုပ်ဆောင်လို့ရတဲ့နေရာတွေမှာ ပူးပေါင်းစစ်ဆင်ရေးတွေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**မေး။** အများဆုံးဖမ်းဆီးရမိတဲ့ ဖူအာမြို့ဘက်ကရဲတွေက ၂၃၀၀ ကျော်ဖမ်းဆီးရမိပြီး လူတစ်ရာကျော်က ထွက်ပြေးနေတယ်လို့သိရပါတယ်။ အစိုးရကပါဝင်ပတ်သက်ခဲ့ပါသလား။ ဘယ်လိုနှိမ်နင်းခဲ့ပါသလဲ။

**ဖြေ။** “ဝ”နဲ့ မိုင်းလားဟာ အစိုးရရဲ့ကွပ်ကဲမှုအောက်ကလွတ်မြောက်နေပြီး အထူးဒေသဖြစ်တာကြောင့်သူတို့ဟာ သူတို့ရဲ့လက်နက်ကိုင်တပ်တွေနဲ့ သူတို့နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံအတွက် လောင်းကစားထက်ပိုပြီး ပြဿနာကြီးတာဖြစ်ပါတယ်။ “ဝ”နဲ့မိုင်းလားဘက်မှာ မြန်မာအစိုးရရဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦးမှမရှိပါဘူး။ “ဝ”နဲ့ မိုင်းလားမှာ တရုတ်စကားပြောတတ်သူသာများပြီး မြန်မာစကားပြောတတ်သူရှားပါတယ်။ တရုတ်ယွမ်ငွေကိုသာအသုံးပြုပြီး မြန်မာကျပ်ငွေ မသုံးတာလည်း သိပါတယ်။ အဲဒီအခြေအနေကို တရုတ်အစိုးရက သိမယ်ထင်ပါတယ်။ “ဝ”နဲ့ မိုင်းလားဘက်ကို တရုတ်စကားမတတ်ဘဲ ဝင်လို့မရပါဘူး။ UWSA နဲ့ မိုင်းလားလက်နက်ကိုင်အဖွဲ့တွေပါဝင်နေပါတယ်။ နောက်တစ်ခုက တရုတ်နိုင်ငံထဲက ဖူအာနဲ့ကူမင်းမြို့ပေါ်မှာ “ဝ”နဲ့ မိုင်းလားခေါင်းဆောင်တွေရဲ့ပိုင်ဆိုင်မှုတွေရှိပါတယ်။ မေးကြည့်ရင်သိနိုင်ပါတယ်။

**မေး။** ဒီမှာရှိနေတဲ့လိမ်ညာမှုတွေထဲမှာ တိုင်းရင်းသားအကြမ်းဖက်တွေရောပါလား။ သူတို့ထောက်ခံအားပေးတဲ့သူတွေပါလား။ မြန်မာအစိုးရရောပါလား။

ဖြေ။ “ဝ”နဲ့ မိုင်းလားကိစ္စမှာ မြန်မာအစိုးရက ပါဝင်မှုမရှိပါဘူး။ “ဝ”နဲ့ မိုင်းလားလက်နက်ကိုင်အဖွဲ့ဆိုတာ အပစ်ရပ်ထားတာကြောင့် တပ်ကဝင်လို့မရပါဘူး။ တပ်က ဝင်တာနဲ့တိုက်ပွဲဖြစ်ပြီး ငြိမ်းချမ်းရေးပျက်စီးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် တပ်အနေနဲ့ဝင်ရောက်ခြင်းမပြုတာဖြစ်ပါတယ်။ ခင်ဗျားအနေနဲ့ Online လောင်းကစားကို ကြီးကျယ်တဲ့ကိစ္စလို့ထင်တာလား။ အရင်က “ဝ”နဲ့ မိုင်းလားဒေသမှာ မူးယစ်ဆေးဝါးစိုက်ပျိုးခဲ့တာကြောင့် ၁၉၉၀-၁၉၉၁ ခုနှစ်မှာ အမေရိကန်က “ဝ”ခေါင်းဆောင်တွေ အားလုံးနီးပါးကို DEA ရဲ့မူးယစ်ဆေးတရားခံတွေအဖြစ် ကမ္ဘာသိကြေညာခဲ့ပါတယ်။ အဲဒီဒေသမှာ ဗကပတွေကြီးစိုးခဲ့တဲ့ဒေသဖြစ်ပြီး ဘိန်းစိုက်ပျိုးမှုတွေရှိခဲ့ပါတယ်။ အဲဒီနောက်မှာခွဲထွက်ပြီး မြန်မာအစိုးရနဲ့ ငြိမ်းချမ်းရေးရယူကာ အထူးဒေသအဖြစ် ဆောင်ရွက်နေတာဖြစ်ပါတယ်။ သူတို့ဟာ မြန်မာတိုင်းရင်းသားများသာဖြစ်ပါတယ်။ သို့သော် အစိုးရရဲ့ထိန်းချုပ်မှုအောက်မှ လွတ်နေပါတယ်။မြန်မာအစိုးရရဲ့ထိန်းချုပ်မှုအောက်မှာရှိတဲ့ “ဝ”နယ်မြေနဲ့ UWSA ရဲ့ “ဝ”နယ်မြေဆိုတာရှိပါတယ်။ ဒီပြဿနာတွေမဖြစ်ခင် ဘိန်းဖြူပြဿနာဖြစ်ခဲ့ပါတယ်။တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့က ဘိန်းပပျောက်ရေးအတွက် ဖိအားပေးခဲ့တာကြောင့် ဘိန်းပပျောက်ပြီးရာမရှူးသွပ်ဆေးပြားများ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒါကိုလည်း မြန်မာနဲ့တရုတ်ပူးပေါင်းပြီး နှိမ်နင်းခဲ့ရပါတယ်။ယခုတတိယအကြိမ်ကတော့ Online လိမ်ညာမှုထွက်ပေါ်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေဖြစ်တာကြောင့် “ဝ”နဲ့ မိုင်းလားခေါင်းဆောင်တွေနဲ့ ငြိမ်းချမ်းရေးစကားပြောကြားနေပါတယ်။ “ဝ”နဲ့ မိုင်းလားခေါင်းဆောင်တွေရဲ့ပိုင်ဆိုင်မှုက မြန်မာဘက်မှာမရှိပါဘူး။ တရုတ်ဘက်မှာပဲရှိပါတယ်။ဒါကို တရုတ်ပြည်သူတွေကိုလည်း သိစေချင်ပါတယ်။ အဖြစ်မှန်က ခင်ဗျားပြောတဲ့ Online လောင်းကစားကရတဲ့ငွေ ဘယ်ရောက်လဲဆိုတာက သူတို့လက်ထဲမှာပဲရှိနိုင်ပါတယ်။ “ဝ”ခေါင်းဆောင်တွေရဲ့ပိုင်ဆိုင်မှုကို တရုတ်နိုင်ငံ ဖူအာမြို့မှာရှိတဲ့ ပြည်သူတွေကို မေးကြည့်ရင်သိပါတယ်။ ဒါ့ကြောင့် “ဝ”တွေကို တရုတ်အစိုးရက ပံ့ပိုးပေးထားတယ်။ဘိန်းစိုက်တယ်လို့ အမေရိကန်က စွပ်စွဲတာပဲဖြစ်ပါတယ်။ အဲဒီနယ်ထဲမှာ (တစ်) ဘိန်းဖြူ၊ (နှစ်) WY ဆေးပြား၊ (သုံး) Onlineလိမ်လည်မှုတွေဖြစ်ခဲ့ပါတယ်။ဘာလို့သမိုင်းကြောင်းကို ပြန်ပြောလဲဆိုရင် တရုတ်နိုင်ငံသူနိုင်ငံသားတွေသိဖို့ လိုအပ်လို့ပါ။Onlineလိမ်လည်မှုကနေရတဲ့ငွေကြေးတွေဘယ်ရောက်နေလဲဆိုရင် “ဝ” နဲ့ မိုင်းလားခေါင်းဆောင်တွေရဲ့ပိုင်ဆိုင်မှု မြန်မာနိုင်ငံထဲမှာမရှိပါဘူး။ အိမ်၊ မြေကွက်၊ ကုမ္ပဏီဘယ်လောက်ရှိလဲဆိုတာ ဖူအာနဲ့ ကူမင်းမှာရှိတဲ့ ပြည်သူတွေကို မေးကြည့်ရင်ပေါ်လာပါလိမ့်မယ်။

**မေး။** မြန်မာအစိုးရအနေနဲ့ တရုတ်အစိုးရနဲ့ပေါင်းပြီး ဒီ “ဝ”နဲ့ မိုင်းလားဒေသကိုဖြေရှင်းဖို့ ဘယ်လိုစီစဉ်ထားလဲ။

**ဖြေ။** “ဝ”နဲ့ မိုင်းလားကို (တစ်) တရားဥပဒေနဲ့အညီနေထိုင်ဖို့၊ (နှစ်) တရားဝင်တဲ့ စီးပွားရေးလုပ်ငန်းတွေသာလုပ်ကိုင်ဖို့၊(သုံး) အဲဒီဒေသအတွင်း မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးအဖွဲ့တွေဖြစ်တဲ့ ရဲ၊ လဝက၊ အကောက်ခွန်တို့ပေးဝင်ဖို့ တရုတ်နဲ့ မြန်မာနှစ်နိုင်ငံပေါင်းပြီး ဖိအားပေးရမှာဖြစ်ပါတယ်။

**မေး။** အခုလို ပူးပေါင်းဆောင်ရွက်ဖြေရှင်းတယ်ဆိုတာကောင်းပါတယ်။ မြန်မာအစိုးရက သူတွေ ဒီOnlineလိမ်လည်မှုမှာ မပါဝင်ဘူးဆိုရင် ဘယ်သူတွေကပါဝင်နေလဲ။

**ဖြေ။** အဓိက ကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ Online လိမ်လည်တဲ့သူတွေကို ကာကွယ်ပေးနေတာဖြစ်ပါတယ်။ အဲဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကိုလည်း ပါဝင်ပတ်သက်ခြင်းမပြုဖို့ သတိပေးထားပြီးဖြစ်ပါတယ်။ အစိုးရဝန်ထမ်းများအနေနဲ့ လာဘ်ပေးလာဘ်ယူမှုများရှိနိုင်ပါတယ်။ ရှိခဲ့ရင်လည်း ပြင်းပြင်းထန်ထန်အရေးယူဖို့ဆောင်ရွက်နေပါတယ်။

**မေး။** တကယ်လို့များ မြန်မာဝန်ထမ်းတွေ ပါဝင်ရင် ဘယ်လိုဥပဒေအရဖြေရှင်းပေးမှာလဲ။

**ဖြေ။** Online လောင်းကစားဥပဒေများရှိပြီးဖြစ်တဲ့အတွက် ပြင်းပြင်းထန်ထန်အရေးယူမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံက အထူးကိုယ်စားလှယ်နဲ့တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းကာ အမြစ်ပြတ်ဆောင်ရွက်မယ်လို့ ပြောထားပြီးဖြစ်ပါတယ်။

**မေး။** အခု “ဝ”နှစ်ယောက်ကို ဖမ်းဝရမ်းထုတ်ပြန်တာ မြန်မာဘက်က သိပါသလား။

**ဖြေ။** “ဝ”ဒေသက UWSAအဖွဲ့ဝင်ဖြစ်ပါတယ်။ “ဝ”ဒေသမှာ အုပ်ချုပ်နေတဲ့အစိုးရအဖွဲ့ဝင်လည်းဖြစ်ပါတယ်။ တရုတ်နိုင်ငံကရော မြန်မာနိုင်ငံကပါ ဖမ်းဝရမ်းထုတ်ထားပြီးဖြစ်ပါတယ်။ သူတို့အနေနဲ့ မြန်မာနိုင်ငံထဲကိုဝင်လာစရာမရှိဘဲ အလုံခြုံဆုံးက သူတို့နယ်မြေပဲဖြစ်ပါတယ်။ ဒါ့ကြောင့် သူတို့နယ်မြေထဲမှာပဲ နေချင်ရင်နေ၊ ပြေးမယ်ဆိုရင်လည်း ပြည်ပနိုင်ငံဘက်ကိုထွက်ပြေးဖို့ပဲရှိပါတယ်။ တရုတ်နိုင်ငံဘက်မှ ဖိအားပေးနေပြီး မြန်မာနိုင်ငံဘက်မှ ဖမ်းဆီးရမိပါက တရုတ်နိုင်ငံနဲ့ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။** အဲဒီနှစ်ယောက်က မြန်မာ-တရုတ် ဖမ်းဝရမ်းထုတ်ထားကြောင်းသိရပါတယ်။ ဘယ်ကိုသွားမယ်လို့ထင်ပါသလဲ။ သူတို့ရဲ့လားရာနဲ့ သဲလွန်စတွေရောဘာတွေသိထားပါသလဲ။

**ဖြေ။** သူတို့“ဝ”နယ်မြေထဲက ထွက်သွားတဲ့အထောက်အထားမရှိသေးပါဘူး။

**မေး။** ဒီနှစ်ယောက်က တရုတ်နိုင်ငံသားလည်းဖြစ်ပြီး မြန်မာနိုင်ငံသားလည်းဖြစ်နေပါတယ်။

စာမျက်နှာ ၂၀ သို့



သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဝါလကင်းလွတ်သီတင်းကျွတ်အခါသမယတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ဆီမီးထွန်းညှိပူဇော်စဉ်။



သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဝါလကင်းလွတ်သီတင်းကျွတ်အခါသမယတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက မီးပုံးများ လွှတ်တင်ပူဇော်စဉ်။

☆ **ကျောဖုံးမှအဆက်**

ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများကို နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကာ နေ့ထူးနေ့မြတ်အခါသမယများတွင် အထူးစည်ကား များပြားလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့သည် ၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ဖြစ်ပြီး ဝါလကင်းလွတ် သီတင်းကျွတ်အခါသမယတွင် အများပြည်သူ ရှုံးပိတ်ရက်ဖြစ်သည်နှင့်အညီ နိုင်ငံတော်တစ်ဝန်းလုံးရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူး ကုသိုလ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများ၊ ဉပုသ်သီတင်းဆောက်တည်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ခုနစ်ရက်သားသမီး အလှူရှင်များအနေဖြင့်လည်း ဘုရားဖူးလာသူများကို အာဟာရဒါန စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဉယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဉယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်းများ၊ မီးပုံးများလွှတ်တင်ပူဇော်ခြင်းများ၊ လျှပ်ပန်းရောင်စုံ LED မီးပန်းစုံတို့ဖြင့် ပူဇော်ခြင်း၊ ဝတ်ရွတ်အသင်းများက ဝတ်ရွတ်ပူဇော်ခြင်းနှင့် မီးပုံးပျံများလွှတ်တင်ခြင်းကို ဆောင်ရွက်ကြသည်။



သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဝါလကင်းလွတ်သီတင်းကျွတ်အခါသမယတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရဟန်းရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိကြောင်း၊ ယနေ့သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင်လည်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူ ၆၀၀၈၁ ဦး လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း၊ မြန်မာတို့၏ နေ့ထူးနေ့မြတ်များနှင့် အခါကြီးရက်ကြီးနေ့များတွင်လည်း ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရှိရပြီး စတင်ဖူးမြော်ခွင့်ပေးခဲ့သည့်နေ့မှစ၍ ယနေ့ထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုသူ ရဟန်းရှင်လူ ဘုရားဖူးပြည်သူစုစုပေါင်း ၉၆၆၇၁၃ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

---

**စာမျက်နှာ ၁၉ မှအဆက်**

မြန်မာနိုင်ငံမှာ နှစ်နိုင်ငံသားဖြစ်လို့ရပါသလား။

**ဖြေ။** တရုတ်နိုင်ငံမှာရော နှစ်နိုင်ငံသားဖြစ်လို့ရလားလို့ မေးချင်ပါတယ်။ အဲဒါက ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ပြဿနာဖြစ်ပါတယ်။ Online လိမ်ညာမှုရဲ့နောက်ကွယ်က နက်ရှိုင်းတဲ့ပြဿနာဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ ဘိန်းဖြူပြဿနာ၊ ၂၀၀၀ ပြည့်နှစ်မှာ WY ဆေးပြားပြဿနာ၊ ၂၀၁၀ ခုနှစ်မှာ Online ပြဿနာဆိုပြီး ကိစ္စသုံးခုဖြစ်ခဲ့ပါတယ်။ အဲဒီနယ်မြေမှာ တရားဥပဒေစိုးမိုးရေးမလုပ်နိုင်ရင် ဒီလိုပြဿနာတွေ ဆက်ဖြစ်နေမှာပဲဖြစ်ပါတယ်။ ဘိန်းဖြူနဲ့ WY ပြဿနာကို တရုတ်ပြည်သူတွေ မသိခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့က ဘိန်းဖြူနဲ့ WY ဆေးပြားကို တရုတ်ဘက်ကို မသွင်းရဲဘဲ လာအိုနဲ့ ထိုင်းနိုင်ငံကတစ်ဆင့် အခြားနေရာတွေကို ဖြန့်တာဖြစ်ပါတယ်။ အဲဒီအဖွဲ့တွေရဲ့ စီးပွားရေးအရင်းအမြစ်ဟာ တရားမဝင်လုပ်ငန်းတွေကနေရခြင်းဖြစ်ပါတယ်။ Online လိမ်ညာမှုပြဿနာဖြစ်မှသာ တရုတ်လူမျိုးအများစု အလိမ်ခံရတာကြောင့် တရုတ်ကစတင်ခံစားရတာဖြစ်ပါတယ်။ Online လိမ်ညာမှုပြဿနာကို ဖြေရှင်းရုံနဲ့ပြီးသွားမှာ မဟုတ်ပါဘူး။ နံပါတ်တစ် အဲဒီနယ်မြေမှာ တရားဥပဒေစိုးမိုးမှုရှိအောင် လုပ်ရမှာဖြစ်ပါတယ်။ ဒါကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ နံပါတ်နှစ်အနေနဲ့ ရဲ၊ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့တွေကို နှစ်နိုင်ငံအစိုးရက ဝင်ခွင့်ရအောင်လုပ်နိုင်မှသာ ဒီပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

**မေး။** ပူးပေါင်းစစ်ဆင်ရေးစခန်း ဖွင့်ထားပါသလား။ အဲဒီအခြေအနေကို သိချင်ပါတယ်။

**ဖြေ။** မြန်မာနိုင်ငံမြောက်ပိုင်းမှာ ပူးပေါင်းစစ်ဆင်ရေးစခန်း ဖွင့်ထားတာမရှိပါဘူး။ တရုတ်နဲ့ မြန်မာနိုင်ငံအစိုးရ၊ ရဲတပ်ဖွဲ့တွေရဲ့ ဆက်သွယ်ဆက်ဆံမှုကတော့ စဉ်ဆက်မပြတ်ရှိပါတယ်။ ဒီကိစ္စဟာ တရုတ်ပြည်သူတွေသာမက မြန်မာပြည်သူတွေပါ နစ်နာပြီး မြန်မာနိုင်ငံရဲ့ သိက္ခာလည်းကျရပါတယ်။ သို့သော် သတိပြုရမှာက Online လိမ်ညာမှုကိစ္စကို ဖြေရှင်းရုံနဲ့ ဒီလိုကိစ္စတွေ ပြီးသွားမှာမဟုတ်ပါဘူး။ သမိုင်းကြောင်းကို သိရမယ်၊ အရင်းအမြစ်ကိုသိရမယ်၊ ပြဿနာဖြစ်စေတဲ့ အရင်းအမြစ်ကိုသိပြီး နှစ်နိုင်ငံပူးပေါင်းဖြေရှင်းရမှာဖြစ်ပါတယ်။

**မေး။** အခုလိုသေချာရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်။ အဲဒီအတွက် အခက်အခဲပြဿနာကဘာရှိသလဲ။

**ဖြေ။** "ဝ"နဲ့ မိုင်းလားနယ်မြေထဲ တရားဥပဒေစိုးမိုးရေးအဖွဲ့တွေ ဝင်ရောက်ဖို့ပဲဖြစ်ပါတယ်။ သူတို့နေရာမှာ ရဲ၊ လဝက စတဲ့အဖွဲ့တွေ အဝင်မခံပါဘူး။ ကျွန်တော်တို့ နှစ်နိုင်ငံအနေနဲ့ ဒီအတိုင်းလွှတ်ပေးထားရင် လာမယ့်နှစ်တွေမှာလည်း အခြားပြဿနာတွေ ဆက်ဖြစ်နေမှာဖြစ်ပါတယ်။ သူတို့ကြောင့် မြန်မာနဲ့ တရုတ်ပြည်သူတွေကြား အထင်မှားမှုတွေ ဆက်ဖြစ်နေမှာဖြစ်ပါတယ်။

**မေး။** အခုလိုမျိုးဖြေရှင်းပြီးရင် ဒေသခံပြည်သူတွေ စားဝတ်နေရေး ဘယ်လိုရှင်သန်မလဲ၊ ဘယ်လိုနည်းလမ်းတွေရှိပါသလဲ။

**ဖြေ။** အဲဒီဒေသက သာမန်ပြည်သူလူထုဟာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပဲလုပ်ပါတယ်။ "ဝ"တောင်ပိုင်းမှာ ရော်ဘာလုပ်ငန်းအဓိကလုပ်ပါတယ်။ "ဝ"နဲ့ မိုင်းလားပြည်သူတွေက စိုက်ပျိုးရေးလုပ်ငန်းနဲ့ စီးပွားရေးအခွင့်အလမ်းရှိပြီးဖြစ်တာကြောင့် စိတ်ပူစရာမလိုပါဘူး။ သာမန်ပြည်သူတွေအနေနဲ့ Online လိမ်လည်မှုနဲ့ မပတ်သက်ဘဲ ခေါင်းဆောင်ပိုင်းကသာ ပတ်သက်နေတာဖြစ်ပါတယ်။ ထွက်ပြေးနေတဲ့သူတွေဟာ "ဝ" လက်နက်ကိုင်အဖွဲ့က ခေါင်းဆောင်တွေဖြစ်ပါတယ်။ "ဝ" အကြီးအကဲ ပေါက်ယူချန်းနဲ့ ဆွေမျိုးတော်တဲ့သူလည်းဖြစ်ပါတယ်။ "ဝ"အစိုးရအဖွဲ့ထဲမှာ ပါဝင်တဲ့သူဖြစ်ပါတယ်။ ဒါဆိုရင် ခင်ဗျားတို့ ရိပ်မိမှာဖြစ်ပါတယ်။ Online လိမ်ညာမှုတွေကို သာမန်ပြည်သူတွေက မလုပ်နိုင်ဘဲ ဘယ်ကရောက်လာတာလဲ၊ ဘယ်သူတွေ အကာအကွယ်ပေးနေလဲဆိုတာသိနိုင်မယ်ထင်ပါတယ်။

**မေး။** အခု ဒီပူးပေါင်းစစ်ဆင်ရေးလုပ်တဲ့အခါမှာ တရုတ်က အကျိုးရှိရှိလုပ်ဆောင်မယ်ထင်ပါသလား။

**ဖြေ။** ဒီကိစ္စနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်နဲ့သာမက ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးတို့နဲ့လည်း တွေ့ပြီးဖြစ်ပါတယ်။ တရုတ်အစိုးရရဲ့ထောက်ပံ့ကူညီမှု အများကြီးရခဲ့ပါတယ်။ တရုတ်နိုင်ငံဘက်ကလည်း မြန်မာအစိုးရရဲ့ ပူးပေါင်းမှုကို အားရမှုရှိပါတယ်။ တရုတ်အစိုးရအနေနဲ့ ဒီကိစ္စကို တရုတ်ပြည်သူတွေ နစ်နာမှုရှိလို့ တရုတ်အစိုးရက အရေးကြီးကိစ္စအဖြစ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မြန်မာပြည်သူတွေ နစ်နာမှုရှိသလို သိက္ခာလည်းကျတာဖြစ်လို့ တရုတ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီဟာတွေလုပ်ဆောင်တာဟာ သာမန် တရုတ်၊ မြန်မာပြည်သူတွေ မဟုတ်ပါဘူး။ တရုတ်နဲ့ နိုင်ငံတကာမှာ ရာဇဝတ်မှုဖြစ်ပြီး တိမ်းရှောင်ထွက်ပြေးနေရတဲ့ လောင်းကစားလုပ်နေတဲ့သူတွေက ဦးဆောင်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံထဲက အပြစ်ရှိတဲ့သူလည်းရှိတယ်။ တရုတ်နိုင်ငံထဲက အပြစ်ရှိတဲ့သူလည်းရှိတယ်။ **တရုတ်တွေက မြန်မာတွေကို လိမ်တာမဟုတ်သလို မြန်မာတွေက တရုတ်ကို လိမ်တာလည်းမဟုတ်ပါဘူး။ ရာဇဝတ်မှုကျူးလွန်ထားပြီး အပြစ်ရှိတဲ့ ပြည်ပြေးလူတစ်စုက ကျွန်တော်တို့နှစ်နိုင်ငံလုံးကို လိမ်နေတာဖြစ်ပါတယ်။** အပြစ်ရှိတဲ့သူတွေကို ဖော်ထုတ်အရေးယူရမှာဖြစ်ပါတယ်။ အကာအကွယ်ပေးသူတွေကိုလည်း အရေးယူရမှာဖြစ်ပါတယ်။ နှစ်နိုင်ငံ နယ်စပ်မှာရှိတဲ့ ပြဿနာဖြစ်နိုင်တဲ့ နယ်မြေတွေကို တရားဥပဒေစိုးမိုးအောင် ဆောင်ရွက်ရပါမယ်။ ဒါမှ နှစ်နိုင်ငံရဲ့ ရေရှည်ချစ်ကြည်ရေး ခိုင်ခံ့မှာဖြစ်ပါတယ်။

**မေး။** အခု နှစ်နိုင်ငံက အစည်းအဝေးလုပ်ပြီးဖြေရှင်းနေတယ်ဆိုတော့ ဘယ်လိုနည်းလမ်းစီမံချက်တွေနဲ့ ဆောင်ရွက်နေပါသလဲ။

**ဖြေ။** (တစ်)နှစ်နိုင်ငံ သတင်းအချက်အလက်ဖလှယ်တာရှိပါတယ်။ (နှစ်) နှစ်နိုင်ငံ Online စောင့်ကြည့်ရေးအဖွဲ့တွေဖွဲ့ပြီး စောင့်ကြည့်နေပါတယ်။ (သုံး) လက်တွေ့ဖမ်းဆီးမှုရှိပါတယ်။ တရုတ်နိုင်ငံက မြန်မာဘက်မှာ သံသယရှိတဲ့စာရင်းပေးရင် လာတဲ့လမ်းကြောင်းစုံစမ်းပြီး လိုက်လံဖမ်းဆီးတာတွေရှိပါတယ်။ တချို့လူတွေက တရားဥပဒေချိုးဖောက်တာခိုင်လုံရင် ဖမ်းဆီးပါတယ်။ မခိုင်လုံရင် စောင့်ကြည့်တာ၊ မေးမြန်းတာတွေလုပ်ပါတယ်။ ပေးလို့ရတဲ့ အချက်အလက်တွေ အပြန်အလှန်ပေးပို့ပြီး တိုက်ဆိုင်စစ်ဆေးတာရှိပါတယ်။ ဒီသတင်းအချက်အလက်တွေကိုကြည့်ပြီး နှစ်နိုင်ငံ ဘာဆက်လုပ်ရမလဲဆိုတာ ဆွေးနွေးတာရှိပါတယ်။ အဲဒီအပေါ် မူတည်ပြီး နှိမ်နင်းဖမ်းဆီးတာတွေဆောင်ရွက်ပါတယ်။

**မေး။** အဲဒါဆိုရင် ကွင်းဆင်းဖမ်းဆီးဖို့ ရှိပါသလား။

**ဖြေ။** အဲဒါကို ကျွန်တော်ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒီနယ်မြေကို ဒီကိစ္စတစ်ခုပဲ ကုသလို့မဖြစ်ဘူး။ တရားဥပဒေစိုးမိုးရေးအဖွဲ့တွေ ဝင်ရောက်ဖို့လိုအပ်ပါတယ်။

**မေး။** အခုထိ ဝင်လို့မရသေးဘူးပေါ့။

**ဖြေ။** မှန်ပါတယ်။

**မေး။** အဲဒီကိုသွားမယ်ဆိုရင် မြန်မာအစိုးရနဲ့ ဒေသခံတွေ တိုက်ပွဲတွေရှိနိုင်ပါသလား။

**ဖြေ။** မှန်ပါတယ်။ ဒါကြောင့် တရုတ်-မြန်မာ ပူးပေါင်းပြီး တရားဥပဒေစိုးမိုးရေးဝင်ဖို့ လိုမယ်လို့ပြောခြင်းဖြစ်ပါတယ်။

Phoenix Media။ ကျေးဇူးတင်ပါတယ်။ အခုလို ရှင်းပြပေးတာ။

အထက်ပါ တွေ့ဆုံမေးမြန်းမှုအပြည့်အစုံအား Phoenic New Mediaတွင်လည်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား



ကျိုင်းတုံမြို့ ပန်ကွဲတောင်တော် ဗုဒ္ဓဥယျာဉ်ရှိ အဘယရာဇမုနိမြတ်စွာဘုရားကြီး၌ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများကို တွေ့ရစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်နိုင် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ ဆီမီးထွန်းညှိပူဇော်စဉ်။



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ သမိန်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဆုတောင်းပြည့်ဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ကျောက်ဆည်မြို့၌ မြန်မာ့ရိုးရာ ဆင်အကအလှပြိုင်ပွဲ ကျင်းပနေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၉**

သီတင်းကျွတ်လသည် မြန်မာရာသီ ၁၂ လတွင် သတ္တမမြောက်လဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်ကို မြတ်စွာဘုရားရှင်ဟောကြားပြီးဆုံးသည့်နေ့ဖြစ်သည့်အတွက် အဘိဓမ္မာဒေသနာတော်နေ့ ဖြစ်သည့်အားလျော်စွာ သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ်ရက်တစ်ရက်လည်းဖြစ်သည်။

သီတင်ကျွတ်လပြည့်နေ့ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေရှိ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့ဝန်ထမ်းဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူကြသည်။

၎င်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် စတုဒိသာကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာအကအလှ ဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာထုံးတမ်းအစဉ်လာများနှင့်အညီ ပြုလုပ်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီး သွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များနှင့် ကမ်းခြေများ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းများနှင့်ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများတပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများတပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူ အပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများလာရောက်အနားယူအပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများ လွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲပြုလုပ်



သံဃာတော်များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



သံဃာတော်များအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်နိုင်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၉**

ယနေ့သည် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလောင်းလှူခြင်းများကို ပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများနှင့် ဝါဆိုသင်္ကန်းများကို သတ်မှတ်နေရာအသီးသီးမှ ဆက်ကပ်လောင်းလှူပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။



သာသနာ့နွယ်ဝင်သီလရှင်များအား ကြို့ဂ်ဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

# အဘိဓမ္မာအခါတော်နေ့သီတင်းကျွတ်လပြည့်နေ့တွင် ဦးပိန်တံတားလူစည်ကား၍ အရှေ့ဘက်ခြမ်းတံတားကျိုးကျမှုဖြစ်ပွား



ဦးပိန်တံတား လူစည်ကား၍ အရှေ့ဘက်ခြမ်းတံတားကျိုးကျမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၉**

အဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ လာရောက်လာပတ်သူများ စည်ကားများပြားလျက်ရှိရာ အမရပူရမြို့ရှိ ဦးပိန်တံတား၌ လူများပြားသဖြင့် ယနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်က တောင်သမန်ဘက်ခြမ်း၊ တိုင်အမှတ် ၃၃၉ နှင့် ၃၄၀ ကြားပြိုကျမှုဖြစ်ပွားခဲ့ပြီး အမျိုးသား ရှစ်ဦး အမျိုးသမီး ၁၅ ဦး ပွန်းပဲ့ဒဏ်ရာရရှိခဲ့ကြောင်းနှင့် တံတားပျက်စီးရာသို့ တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အမြန်ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါဦးပိန်တံတားသည် ၁၈၄၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး နှစ်ပေါင်း ၁၇၀ ကျော်သက်တမ်းရှိပြီဖြစ်သည်။တံတားအရှည်မှာ ၁ ဒသမ ၂ ကီလိုမီတာအရှည်ရှိပြီး ကမ္ဘာပေါ်တွင် အရှည်ဆုံးကျွန်းသားတံတားဖြစ်ကာ မြန်မာ့ရှုခင်းကောင်းတစ်ခုနှင့် အပန်းဖြေလေ့လာရန် နေရာတစ်ခုအဖြစ် ကျော်ကြားလျက်ရှိသည်။

ယနေ့ အဘိဓမ္မာအခါတော်နေ့တွင် တံတားရှေ့ဘက်ခြမ်း စက္ကူပန်းခြံနှင့် အနောက်ဘက်ခြမ်း ကန်ဘောင်လမ်းဘက်တွင်လည်း စည်ကားလျက်ရှိပြီး လမ်းများပိတ်ဆို့နေ၍ တာဝန်ရှိများက အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



ဦးပိန်တံတား လူစည်ကား၍ အရှေ့ဘက်ခြမ်းတံတားကျိုးကျမှုကို တွေ့ရစဉ်။

## (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၉**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၇ နာရီ မိနစ် ၅၀ မှ စတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD Channel၊ MRTV News Channel၊ MRTV Farmers'Channel၊ MRTV Parliament Channel၊ MITV၊ MWD-HD Channel၊ MWD Variety HD Channel နှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် Online တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်း တိုက်ရိုက်(LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အင်္ဂလန်နိုင်ငံတွင် အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်ဖွယ်ရှိနေ



**လန်ဒန် အောက်တိုဘာ ၂၆**

အင်္ဂလန်နိုင်ငံတွင် လာမည့်ရက်ပိုင်းအတွင်း အားကောင်းသည့်လေဆင်နှာမောင်းတိုက်ခတ်ဖွယ်ရှိနေပြီး အန္တရာယ်ရှိသည့် အခြေအနေဖြစ်သည်ဟု အင်္ဂလန်အခြေစိုက် လေဆင်နှာမောင်းနှင့်မုန်တိုင်းသုတေသနအဖွဲ့ (TORRO) က ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လေဆင်နှာမောင်းသည် ပြင်းအား တစ်နာရီ မိုင် ၆၀ နှုန်းဖြင့် တိုက်ခတ်လာဖွယ်ရှိနေပြီး လေဆင်နှာမောင်း ဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက် ပျက်စီးမှုမြင့်မားနိုင်ကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်နိုင်သည့်မြို့များမှာ ဘရစ္စတိုမြို့၊ ဆမ်မာဆက်မြို့၊ ဂလူဆက်စတာရှိုင်းမြို့၊ ဒေါ်ဆက်မြို့၊ ဝီလ်ရှိုင်းယားမြို့နှင့် ဟမ်ရှိုင်းယားမြို့တို့ဖြစ်ကြောင်း TORRO အဖွဲ့က သတိပေးချက်ထုတ်ပြန်သွားခဲ့သည်။

"လာမဲ့ရက်ပိုင်းအတွင်း အားကောင်းတဲ့ လေဆင်နှာမောင်း တိုက်ခတ်ဖွယ်ရှိနေပါတယ်။ လေဆင်နှာမောင်းဟာ တစ်နာရီကို မိုင် ၆၀ နှုန်းနဲ့ တိုက်ခတ်ဖွယ်ရှိနေပြီးတော့ လေဆင်နှာမောင်း ဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက် ပျက်စီးဆုံးရှုံးမှုတွေ မြင့်မားနိုင်တယ်။ အန္တရာယ်ရှိတဲ့ အခြေအနေဖြစ်တဲ့အတွက်ကြောင့် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့လိုအပ်ပါမယ်။ လေဆင်နှာမောင်းဟာ ဒေါ်ဆက်မြို့နဲ့ ဟမ်ရှိုင်းယားမြို့ကို အဓိကဗဟိုပြုတိုက်ခတ်သွားနိုင်ပါတယ်။ လေဆင်နှာမောင်းနဲ့အတူ ဒေသတချို့မှာတော့ မိုးသည်းထန်စွာ ရွာသွန်းလာနိုင်ပါတယ်"ဟု TORRO အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လေဆင်နှာမောင်း ဖြတ်သန်းဖွယ်ရှိနေသည့် ဒေသများတွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လည်း TORRO အဖွဲ့က သက်ဆိုင်ရာဒေသအလိုက်မှ အာဏာပိုင်အဖွဲ့အစည်းများထံ အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# အီကွေဒေါနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စွမ်းအင်မလုံလောက်သည့်အခြေအနေကို ကူညီပေးရန်အတွက် ကိုလံဘီယာနိုင်ငံက လောင်စာရောင်းချပေးသွားမည်

**ကွီတို အောက်တိုဘာ ၂၆**

အီကွေဒေါနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စွမ်းအင်မလုံလောက်သည့်အခြေအနေကို ကူညီပေးရန်အတွက် အိမ်နီးချင်းကိုလံဘီယာနိုင်ငံက လောင်စာများရောင်းချပေးသွားမည်ဖြစ်ကြောင်း အီကွေဒေါအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အီကွေဒေါနိုင်ငံတွင် နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးသော မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး စွမ်းအင်လုံလောက်မှုရှိစေရေးအတွက် အီကွေဒေါအစိုးရက ကိုလံဘီယာအစိုးရနှင့် ဆွေးနွေးညှိနှိုင်းခဲ့ရာ ကိုလံဘီယာအစိုးရက အိမ်နီးချင်းနိုင်ငံကို ကူညီပေးရန် သဘောတူညီခဲ့ကြောင်း၊ အီကွေဒေါအစိုးရက မိုးခေါင်သည့်ပြဿနာကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများလည်ပတ်ရန် ခက်ခဲနေသဖြင့် လောင်စာအသုံးပြု၍ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် ကိုလံဘီယာအစိုးရထံမှ အကူအညီရရှိထားကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

"အယ်လ်နီညိုရာသီဥတုကြောင့် မိုးခေါင်တဲ့ပြဿနာနဲ့ ရင်ဆိုင်နေရတယ်။ မိုးခေါင်တဲ့အတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ



တွေလည်ပတ်ဖို့ အခက်အခဲရှိနေပါတယ်။ ပြည်တွင်းစွမ်းအင်လုံလောက်စွာရရှိရေးအတွက် လောင်စာအသုံးပြုပြီး စွမ်းအင်ထုတ်လုပ်သွားဖို့ စီစဉ်နေပါတယ်။ ကိုလံဘီယာနိုင်ငံက လောင်စာတွေ ရောင်းချပေးဖို့ သဘောတူညီထားပါတယ်။ လောင်စာအသုံးပြုပြီး လျှပ်စစ်စွမ်းအင် ၆၅၀ မဂ္ဂါဝပ်ထိ ထုတ်လုပ်နိုင်ဖို့ စီစဉ်ထားပါတယ်"ဟု အီကွေဒေါအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံအတွင်း ထုတ်ယူသုံးစွဲနေသည့် လျှပ်စစ်စွမ်းအင်၏ ၉၀ ရာခိုင်နှုန်းမှာ ရေအားလျှပ်စစ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ယူကွန်နယ်မြေနှင့် ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား

**အော့တာဝါ အောက်တိုဘာ ၂၆**

ကနေဒါနိုင်ငံ ယူကွန်နယ်မြေတောင်ဘက်ပိုင်းနှင့် ဗြိတိသျှကိုလံဘီယာပြည်နယ် မြောက်ဘက်ပိုင်းတို့တွင် အောက်တိုဘာ ၂၇ ရက်ညပိုင်းနှင့် အောက်တိုဘာ ၂၈ ရက် အစောပိုင်းက မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့သည်ဟု ကနေဒါမြေငလျင်စင်တာက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြေငလျင်နှစ်ကြိမ် လှုပ်ခတ်ခဲ့သည့်အတွက် မြေငလျင်လှိုင်းလှုပ်ခတ်မှုပြင်းထန်ခဲ့ပြီး အသေးစားပျက်စီးမှုတချို့ရှိခဲ့ကြောင်း၊ မြေငလျင်သည် မြေအောက်အနက် ၁၀ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အသေးစားပျက်စီးမှုတချို့ ရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူ၊ သေဆုံးသူမရှိခဲ့ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ယူကွန်နယ်မြေတောင်ဘက်ပိုင်းနဲ့ ဗြိတိသျှကိုလံဘီယာပြည်နယ်မြောက်ဘက်ပိုင်းမှာ အားကောင်းတဲ့ မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်ဟာ နှစ်ကြိမ်တိုင်တိုင် လှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ မြေငလျင်ဟာ မြေအောက်အနက် ၁၀ ကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပြီးတော့ ပထမတစ်ကြိမ်လှုပ်ခတ်ခဲ့တဲ့မြေငလျင်ပြင်းအားဟာ ၄ ဒသမ ၇ မဂ္ဂနီကျူရှိခဲ့ပြီး ဒုတိယတစ်ကြိမ်လှုပ်ခတ်ခဲ့တဲ့ မြေငလျင်က ပြင်းအား ၅ ဒသမ ၂ မဂ္ဂနီကျူရှိခဲ့ပါတယ်"ဟု ကနေဒါမြေငလျင်စင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင်လှိုင်းဒဏ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရသည့်ဒေသမှာ ယူကွန်နယ်မြေတောင်ဘက်ပိုင်း ဝိုက်ဟော့စ်ဒေသဖြစ်ပြီး မြေပြိုကျမှုတချို့ရှိခဲ့ကြောင်းလည်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက အတည်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။




၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)




၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။





၇။ အရေးပေါ် သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



# ကြွားဝါချင်သူ

မောင်ကြည်လင်(ရွှေကြိုးကြာ)




(၁)

"ဟေ့ မိပိုင် မိပိုင်"

စူးရှကျယ်လောင်သောအသံကြောင့် မိပိုင်သည် မီးဖိုချောင်အတွင်းမှ အိမ်ရှေ့သို့ထွက်လာ၏။

"ဘာတုံး မိသစ်၊ အသံကြီး အသံငယ်နဲ့"

"ဒီနေ့ ဆိုင်မထွက်ဘူးလား"

"မထွက်ဘူး၊ ညည်းက ဘာလိုချင်လို့လဲ"

"ငါးရှေ့ခြောက်လေး"

"အိမ်မှာ ငါးဆယ်သားလောက်ရှိသေးတယ်။ အခု ယူချင်ရင် ချိန်ပေးမယ်"

"အေး ယူမယ်"

"ညည်း အရင်အကြွေးလဲ မဆပ်သေးဘူး။ အခု အကြွေးထပ်ယူပြန်ပြီ"

"အေးပါဟယ် လကုန်လို့ လုပ်အားခရှင်းရင် လာပေးပါ့မယ်"

"ညည်း အမြဲပြောနေကျစကားပါအေ"

"ဟဲ့ ညှော်လိုက်တာ ဘာအနံ့လဲ"

"အမယ်လေး ကုန်ပြီ။ ငါးလေး အိုးကပ်ချက်ထားတာ ဒုက္ခပဲ"

"ဟီး ဟီး ညည်းကတော့ ဖြစ်လိုက်ရင် အသည်းအသန်ပဲဟေ့"

ထဘီမလျက် ရေးကြီးသုတ်ပျာဖြင့် မီးဖိုခန်းအတွင်း ပြေးဝင်သွားသော သူငယ်ချင်းဖြစ်သူ မိပိုင်ကိုကြည့်ကာ ရယ်လိုက်မိသော မိသစ်၏အသံကြောင့်-

"မိန်းမ ညည်းကြောင့် ညနေတော့ပွဲဖြစ်ပြီ"

နောက်မှကပ်ပါလာသော မိပိုင်၏ အသံကိုကြားသော်လည်း မိသစ်တစ်ယောက် နောက်သို့ပြန်လှည့်မကြည့်ဖြစ်ပေ။

(၂)

အိမ်ရှေ့ကုက္ကိုပင်မှအရွက်များက လေအငွေ့တွင် ဦးတည်ရာမဲ့ လွင့်ပါနေကြ၏။ ညနေဆည်းဆာချိန်မို့ ကျေးငှက်များ အုပ်စုဖွဲ့ပျံသန်းနေကြ၏။

"မိပိုင်"

ရုတ်တရက်ထွက်ပေါ်လာသောအသံကြောင့်-

"ဘာတုံးကိုဈာန် မူးလာရင်အေးအေးဆေးဆေးနေ"

"နင့်အသံကို ပြင်ဖို့အချိန်မီသေးတယ် မိပိုင်"

"မပြင်တော့ ရှင်ကဘာလုပ်ချင်လို့လဲ။ အမယ်လေး ရှင်သာ အချိုးကိုပြင်"

"ငါက ဘာအချိုးပြင်ရမှာတုံး"

"ညနေ ညနေ သောက်တဲ့အကျင့်ပေါ့ ကိုဈာန်ရဲ့"

"တစ်ခါတလေပါဟ။ နင်ကလဲ ငါပါလာသမျှတော့ အကုန်သိမ်းတယ်။ နင့်ကို မိငွေသိမ်းလို့ နာမည်ပြောင်းရမယ်"

"အမယ် ရှင်ကများပြောရသေး။ ကျွန်မလဲ အလုပ်နဲ့လက် ဇယ်စက်နေတာပါတော်"

"ငါထမင်းစားမယ်"

"ခူးစားပေါ့"

ဇနီးဖြစ်သူ၏ တင်းမာသောစကားသံကြောင့်-

"တော် မိပိုင်၊ ငါ လက်ပါမိတော့မယ်"

"ရိုက်ရဲ ရိုက်ကြည့်လေ ကျုပ်က ငြိမ်ခံမယ်ထင်လား"

"အေး ဒီလောက်ဖြစ်တဲ့ မိန်းမ ကဲကွာ"

"အမယ်လေး ကယ်ကြပါအုံး အရပ်ကတို့ရေ။ ကိုဈာန် မူးလဲသွားလို့"

ဇနီးဖြစ်သူကို ရိုက်ရန်ရွယ်လိုက်သော်လည်း မူးနေသောကြောင့် ခန္ဓာကိုယ်ကိုမထိန်းနိုင်ဘဲ ကိုဈာန်တစ်ယောက် မြေပြင်ပေါ်သို့ ခွေခေါက်ပစ်လဲသွားလေ၏။

(၃)

ကိုဈာန်နှင့် မိပိုင်သည် ကြိုးကြာကွင်းရွာတွင် နေထိုင်ကြသူများဖြစ်သည်။ ငယ်စဉ်ကပင် ကျောင်းနေဖက်များဖြစ်ကြသည်။ ထို့ကြောင့် သူငယ်ချင်းများ၏ စနောက်ခြင်းကို အမြဲခံခဲ့ရသူများဖြစ်ကြသည်။

ကာလတစ်ခု၏အရွေ့တွင် နှစ်ဦးသားမေတ္တာမျှကာ လက်ထပ်ပေါင်းသင်းခဲ့ကြလေသည်။ အိမ်ထောင်သက် ငါးနှစ်အတွင်း သုံးနှစ်အရွယ် သမီးလေးတစ်ဦးရရှိခဲ့သည်။ မိပိုင်သည် ညောင်လေးပင်ဈေးတွင် ကုန်စိမ်း၊ ကုန်ခြောက်လေးများရောင်းသည်။ သို့သော် မိပိုင်သည် အပေါင်းအသင်းများကြားတွင် အကြွားပိုသူ၊ နမော်နမဲ့နိုင်သူဟု သတင်းပျံ့နေသူဖြစ်သည်။ ကိုဈာန်ကမူ အလုပ်မရွေး ကုန်လည်းထမ်းသည်။ ဇနီးကိုလည်း ဈေးကူရောင်းသည်။ တစ်ခါတစ်ရံ ဆိုင်ကယ် ကယ်ရီဆွဲသည်။ တစ်ခါတစ်ရံတွင် အပေါင်းအသင်းများနှင့်ဆုံသောအခါ သောက်တတ်သောအကျင့်ကြောင့် မိပိုင်နှင့် ရန်ပွဲဆင်နွဲတတ်သည်။ သို့သော် ကိုဈာန် နိုင်ရိုးထုံးစံမရှိပေ။

(၄)

"မိပိုင် ရှိလားဟေ့"

ကျယ်လောင်သောအသံကြောင့် မိပိုင်ဈေးချိန်ရင်းဖြင့် မော့ကြည့်လိုက်၏။

"ဟင် မမစိုးပါလား"

ပြန်လည်နှုတ်ဆက်သံနှင့်အတူ မမစိုးကို မိပိုင်စေ့စပ်စွာကြည့်လိုက်၏။ မျက်နှာထက်တွင် ထူပိတ်နေသောမိတ်ကပ်များလိမ်းခြယ်ထားလျက် ရင်သားပေါ်တွင် အရောင်ဝင်းလဲ့နေသောဆွဲပြားကြီးကြောင့် မိပိုင် မျက်လုံးများပြူးကျယ်ဝိုင်းစက်လျက် မျက်တောင်ပင်မခတ်။

"အေး ညည်းနဲ့မတွေ့ရတာလဲကြာတော့ လာခဲ့တာ"

"ဟုတ်လား မမစိုး။ လာထိုင်အုံး။ ခဏနေ ဆိုင်သိမ်းတော့မှာ"

"အေးပါ"

"အအေးသောက်အုံး မမစိုး"

မိပိုင်သည် မမစိုးကို ဆိုင်အတွင်းနေရာထိုင်ခင်းပေးကာ အအေးဖြင့် ဧည့်ခံထားလိုက်၏။

ဈေးသိမ်းပြီမို့ ညောင်လေးပင်မြို့မဈေးကြီးအတွင်း ဈေးသည်၊ ဈေးဝယ်များ အလျင်လိုနေကြသည်။ အချို့ဆိုင်တံခါးများပိတ်နေကြ၏။ အချို့မှာ လက်ကျန်ဈေးဝယ်သူများကို ခပ်သွက်သွက်ရောင်းချနေကြ၏။ အချင်းချင်း အော်ဟစ်နှုတ်ဆက်သံများကိုလည်း ကျယ်လောင်စွာကြားနေရပြန်သည်။

"မမစိုး ရွာမှာ ကြာအုံးမှာလား"

"မကြာဘူး မိပိုင်။ မြို့မှာ ငါအလှူလုပ်မှာ။ ရွာက လူတွေ လာဖိတ်တာ"

"ဟုတ်လား မမစိုး"

"အေးလေ ညည်းလဲ လာခဲ့ရမယ်နော်"

"လာမှာပေါ့ မမစိုးရယ်၊ စိတ်ချပါ"

"ငါ ရွာလယ်က ဘကြီးဦးကြည်လင်အိမ်မှာ အိပ်မယ်။ ညဘက်အားရင် အလည်လာအုံး မိပိုင်"

"လာခဲ့မယ် မမစိုး"

ထို့နောက် မိပိုင်နှင့် မမစိုးသည် ကြိုးကြာကွင်းရွာလေးဆီသို့ သုံးဘီးအိုးဝေဖြင့် ပြန်ခဲ့ကြလေသည်။

(၅)

ညသည် လရောင်ကြောင့် မြင်ကွင်းရှင်းနေ၏။ လေတိုးသံကြောင့် သစ်ရွက်များအချင်းချင်းပွတ်တိုက်နေကြသည်။ သစ်ကိုင်းများပွတ်တိုက်သံက အိပ်မောကျနေသောပတ်ဝန်းကျင်ကို နိုးထစေပြန်သည်။

"မိပိုင် နင်ဘာလုပ်နေတာလဲ"

"အမယ်လေး ကိုဈာန်ရယ် အသံမပေး ဘာမပေးနဲ့ လန့်လိုက်တာ"

"ဒီအချိန်ကြီး ဘာလုပ်နေတာလဲ။ ငါတောင် တစ်ရေးနိုးပြီ မိပိုင်"

"ဟို ဟိုလေ ကျွန်မ"

"ဘာဖြစ်နေတာလဲ။ ပြစမ်း"

"အို"

"ဒုန်း"

ရုတ်တရက်လှမ်းဆွဲလိုက်သော ကိုဈာန်ကြောင့် မိပိုင်လက်ထဲမှ သေတ္တာငယ်လေးပြုတ်ကျသွားသည်။

"ဟင် ဒါတွေ ဒါတွေ"

"တိုးတိုးပြောစမ်းပါတော် သူများတွေကြားအုံးမယ်"

"ကဲ ပြောပါအုံး၊ ဒါတွေဘယ်ကရတာလဲ"

"ရွာမြောက်ပိုင်းက ဒေါ်ဆုဆီက ငှားလာတာ"

"ငှားပြီး ဘာလုပ်မလို့လဲ။ နင့်မှာလဲ မရှိတာလဲ မဟုတ် သူများဟာ ပျောက်မှဖြင့်"

"မပျောက်ပါဘူးတော်၊ မမစိုးတို့အလှူ ကျုပ်လိုက်သွားမလို့ အလှူမှာဝတ်ရအောင် ကျုပ်ငှားထားတာ။ စိတ်မချလို့ ခဏခဏဖွင့်ကြည့်နေတာပါတော်"

"ဟာ ဥစ္စာခြောက်မရယ် တော်ပြီပြန်သိမ်းလိုက်တော့။ လာအိပ်မယ် မိပိုင်"

မိပိုင်မှာ ခင်ပွန်းသည်ခေါ်ဆောင်ရာ အိမ်ခန်းဆီသို့အရွေ့တွင် လမင်းကြီးသည် တိမ်တိုက်များကြား ပြေးလွှားလျက်ရှိနေ၏။ လရောင်ပျောက်သွားချိန်တွင် မိပိုင်တို့အိမ်ခန်းလေးမှာ တိတ်ဆိတ်စွာ အိပ်မောကျသွားတော့သည်။

(၆)

"အမယ်လေး ရှာကြပါအုံး။ ဒီအိတ်ထဲ သေချာထည့်ထားတာ"

အလှူအပြီး အလှူရှင် မမစိုးနှင့် မိတ်ဆွေတချို့ အိမ်ရှေ့ဧည့်ခန်းတွင် စကားပြောနေကြစဉ် အိပ်ခန်းထဲမှ ထွက်ပေါ်လာသောအသံဖြစ်သည်။

"ဘာဖြစ်တာလဲ မိပိုင်"

"ကျွန်မ ပစ္စည်းထည့်ထားတဲ့အထုပ် ရှာမတွေ့တော့ဘူး မမစိုး"

မိပိုင်၏ငိုရှိုက်သံက ဝမ်းနည်းမှုကို ပေါ်လွင်စေ၏။

"ဟယ် သေချာကြည့်ပါအုံး၊ အိတ်များထည့်ထားလားလို့"

"အဝတ်အစားအိတ်ထဲမတွေ့ဘူး မမစိုး၊ ကူညီပါအုံး။ တန်ဖိုးက မနည်းဘူး။ အမယ်လေး ကိုဈာန်ရေ ရှင့်စကားနားမထောင်မိတာ ခုတော့ဒုက္ခတွေ့ပြီ"

မျက်ရည်များသုတ်လျက် ငိုညည်းနေသော မိပိုင်ကို မမစိုးနှင့်အပေါင်းအသင်းများက ကရုဏာမျက်လုံးများဖြင့် ကြည့်လျက်။

(၇)

အနီတချို့အဝါတစ်ဖုံဖြင့် တိမ်ရောင်များက ညနေဆည်းဆာကို အလှဆင်နေလျက်ရှိ၏။ နွားရိုင်းသိမ်းချိန်မို့ ကြိုးကြာကွင်းရွာ၏ မြေနီလမ်းမထက်တွင် ကလေးတစ်သိုက် ဆော့ကစားနေကြ၏။

"ကျွန်မ လယ်ရောင်းပြီး ပြန်ဆပ်ပါ့မယ် ဒေါ်ဆုရယ်"

မိပိုင်၏အသံက ဝမ်းနည်းမှုကို ဖုံးဖိမရစွာထွက်ပေါ်လာ၏။

"ကျွန်တော့်မိန်းမကြောင့်ဖြစ်ရတာ တောင်းပန်ပါတယ် ဒေါ်ဆု"

ဒေါ်ဆုသည် ကွမ်းယာကို ပါးစပ်အပြည့်ငုံလျက် အပြုံးအရယ်ကင်းမဲ့လျက်ရှိနေသည်။

"ညည်းက ကြွားချင်ဝါချင်လွန်းတာလေ မိပိုင်။ လူဆိုတာ ရှိတာနဲ့လှအောင်ဝတ်၊ ရတာနဲ့ဝအောင်စားပြီး ရိုးသားစွာနေရင် တန်ဖိုးရှိလူသားတစ်ယောက်ဖြစ်လာမှာ။ အခုတော့"

စကားဆက်မပြောဘဲ ကွမ်းဝါးနေသော ရပ်ဆွေရပ်မျိုးဒေါ်ငွေကြောင့် မိပိုင်၏ရှိုက်သံက ထွက်ပေါ်လာသည်။

"ကဲ ဒေါ်ဆု ဘယ်လိုဖြစ်စေချင်လဲပြောပါ။ ကျုပ်တို့လူကြီးတွေ ညှိပေးပါ့မယ်"

ရွာသူကြီးဦးကြည်လင်၏စကားကြောင့် အားလုံး၏

စာမျက်နှာ ၂၅ သို့ ➤

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၈၃၇ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၈၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၆၄၅၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၈၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင်မှာ ဝါ ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဧက ၅၈၀၀ ကျော်ထိစိုက်ပျိုးပြီးစီးပါပြီ။ မလွိုင်ဝါ၊ မိုးကြိုချည်မျှင်ရှည်ဝါ၊ မိုးချည်မျှင်ရှည်ဝါ၊ မိုးနောင်းချည်မျှင်ရှည်ဝါမျိုးတွေ စိုက်ပျိုးကြပါတယ်။ ဝါစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြို့နယ်အလိုက် ဝါစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၁၇၅ ဧက၊ ကနီမြို့နယ်တွင် ၅၈၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၂၃၁၇ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၁၇၆၀ စုစုပေါင်း ၅၈၃၇ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၂၁၈ ဧက၊ ကနီမြို့နယ်တွင် ဧက ၁၀၄၀၊ ဆားလင်းကြီးမြို့နယ်တွင် ၂၃၉၈ ဧက၊ ပုလဲမြို့နယ်တွင် ၁၇၉၇ ဧက စုစုပေါင်း ၆၄၅၃ ဧကဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ကဝမြို့နယ် ရစ်ကန်ကြီးကျေးရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကဝ အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေဖြင့် ရစ်ကန်ကြီးကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးမြင့်နိုင်ဦး၊ ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလိုင်နှင့် ဝန်ထမ်းများက ရစ်ကန်ကြီးကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)ဦးမြင့်နိုင်ဦးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရစ်ကန်ကြီးကျေးရွာ၌ လမ်းအရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီလမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ယခုနှစ် ဩဂုတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ **သန္တာ**



➤ စာမျက်နှာ ၂၄ မှအဆက်

အကြည့်က မိပိုင်ထံ ရောက်သွား၏။ လျော့ရိလျော့ရဲထုံးဖွဲ့ထားသော ဆံထုံး၊ ဒေါ်ဆုအား တောင်းပန်နေသောမျက်လုံး၊ ပူဆွေးသောကများစွာဖြင့် ဖြေဆည်နိုင်မှုကင်းမဲ့သောမျက်နှာ၊ သေသပ်မှုနတ္ထိဖြစ်နေသောအဝတ်အစားများက မိပိုင်၏သောကကို ဖုံးဖိမထားနိုင်ကြောင်းထင်ရှားနေ၏။

"ပစ္စည်းတွေအတွက် မိပိုင် အလျော်"

ဒေါ်ဆုသည် စကားကိုအဆုံးမသတ်။ ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်၏။

ထိုအချိန်တွင် မိပိုင်က ခင်ပွန်းသည်လက်ကို အားကိုးကြီးစွာဆွဲကိုင်လျက် ငိုနေသည်။ ထို့နောက် ဒေါ်ဆုက-

"ပစ္စည်းတွေအတွက် မိပိုင် အလျော်ပေးစရာမလိုပါဘူးကွယ်"

"ဟင်"

"ဟာ"

အေးဆေးတည်ငြိမ်စွာဖြင့်ထွက်ပေါ်လာသော ဒေါ်ဆုစကားအဆုံးတွင် လူများ၏ အံ့သြသောအမူအရာများထွက်ပေါ်လာကြသည်။

"တကယ်လားဗျ ဒေါ်ဆု၊ ဟုတ်မှလဲ ပြောပါဗျ"

"သိပ်ဟုတ်တာပေါ့ရှင်၊ မိပိုင်ကို ငှားလိုက်တဲ့ပစ္စည်းတွေက အတုတွေလေ၊ မိပိုင် နမော်နမဲ့နိုင်ပြီး ကြွားဝါတတ်တဲ့အကျင့်ကိုသိလို့ တမင်ကို အတုတွေငှားလိုက်တာပါ"

ဒေါ်ဆုစကားအဆုံးတွင် ရွာသူကြီးနှင့် အပေါင်းအပါများထံမှ ရယ်မောသံများထွက်လာလေသည်။

"ကဲ မိပိုင် ညည်းလဲ အကျင့်ဆိုးတွေပြင်၊ စည်းကမ်းရှိရှိ၊ စနစ်တကျ နေထိုင်ပေါ့အေ။ နောက်ဒါမျိုးထပ်မကြုံစေနဲ့"

"ဟုတ်ကဲ့ပါ ဒေါ်ဆုရယ်။ အခုမှပဲ ကျွန်မရင်ထဲပေါ့သွားတော့တယ်"

အိမ်အပြန်လမ်းတွင် လရောင်ကြောင့် မြေနီလမ်းကလေးကို အလှပိုစေ၏။

"ကျွန်မ တောင်းပန်ပါတယ် ကိုဈာန်"

ကိုဈာန် ဇနီးသည်ကို ငဲ့စောင်းကြည့်လိုက်၏။

"မလိုပါဘူး မိန်းမရာ လင်နဲ့မယားဆိုတာ အရင်းနှီးဆုံးမိတ်ဆွေတွေပါ။ နောင်မမှားအောင်နဲ့ ကြွားဝါချင်စိတ်၊ လိုချင်တပ်မက်စိတ်ကိုသာ ပယ်ဖျောက်လိုက်ပါ"

"ကျွန်မ နားလည်ပါပြီ ကိုဈာန်"

မိပိုင်သည် ကိုဈာန်၏လက်မောင်းလေးကို မှီတွဲကာ အလေးအနက်ထားကတိပေးလိုက်၏။ ထိုအချိန်တွင် လရောင်နှင့်အတူ လေပြည်လေညင်းက ဇနီးမောင်နှံနှစ်ဦး၏မျက်နှာပေါ်သို့ ကျရောက်လာလေတော့၏။

## ဝါကျွတ်ချိန်ခါ ပျော်စရာ

- သီတင်းကျွတ် မီးထွန်းပွဲ
ဆင်ယင်နွှဲ တူရာသီ၊
ကြာမျိုးစုံ သင်းထုံမွှေး
သွေးရောင်စုံညီ၊
စန်းနက္ခတ် အသဝနီ
တောက်ရှန်းကြည် သော်တာအဆင်း၊
တိုင်းတစ်ခွင် လွန်အေးချမ်း
ခမ်းနားစေမင်း။

- သက်ကြီးမိဘ ဆရာသမား
ပူဇော်ထား သည့်ချိန်ခါ၊
လက်ဆယ်ဖြာ ဦးထိပ်မိုး
ရှိခိုးနိမ့်စွာ၊
ကာယ ဝစီ မနောသုံးဖြာ
ကျူးလွန်ကာ ရှိပေလိမ့်၊
အပြစ်တွေ ကျေကာဖျောက်
ပျောက်ကွယ်စေမိန့်။

- တာဝတိံသာက မယ်နတ်သား
မြတ်တရား ဟောကြားနေ၊
မြတ်ဗုဒ္ဓ မွေးကျေးဇူး
ထူးဆပ်ခဲ့ပေ၊
လပြည့်ည ချိန်ခါမသွေ
ဆင်းသက်ပေ လူ့ရွာသို့၊
သာသနာ့ ရောင်ဝါအဆင်း
လင်းလက်စေဖို့။ ။

**ဇင်မင်းဆိုး(မိုလ်ကလေး)**

# မိုးကောင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**မိုးကောင်း အောက်တိုဘာ ၂၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပင်းဘောကျေးရွာအုပ်စု ကုန်းတန်းကြီးကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်း ကော်မတီဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၁၀ ဒသမ ၁၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကော်မတီဝင်များက ကုန်းတန်းကြီးကျေးရွာမှ နေကြာနှင့် အခြားဆီထွက်သီးနှံ စိုက်ပျိုးမည့်အသင်းသား ၁၆ ဦးကို ငွေကျပ် ၁၀ ဒသမ ၁၅ သန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

**သက်မာ**

# ရွှေးဖြစ်ဟောင်းအောက်မေ့ဖွယ် ပြောစရာလူရှားတယ်

**မင်းယဉ်စု**

တစ်ခါတလေကျတော့ **"ပင်စင်နာ"**ဘဝ ရင်မောလှတယ်။ ဝန်ထမ်းရယ်လို့လုပ်ခဲ့စဉ်ကာလတစ်လျှောက် ကြုံခဲ့ဆုံခဲ့ရတဲ့ **"ဘဝအမောာ"**တွေ၊ **"ဘဝအသော"**တွေကို ပြန်လှန်ကာ တွေးဆသတိတရနဲ့ အောက်မေ့လွမ်းလှတယ်။

ရှင်ကြီးဝမ်းထဲလဲ ဝင်ခဲ့ရ၊ ရှင်ငယ်ဝမ်းထဲလဲ နေခဲ့ရ၊ ကျားမြီးလဲ ဆွဲခဲ့ရ၊ ပျားရည်လဲ လျက်ခဲ့ရ။ ဩော်. . . လွမ်းမောစရာဘဝတွေပါ။ လွမ်းလဲလွမ်း မောလဲမောရပါတယ်လေ။

**"အဂေါ်ကြီး အရိပ်မြိုင်၊ အသက်ကြီး အသိပိုင်"** သတဲ့။ အသိပိုင်ပိုင်၊ မပိုင်ပိုင် အသက်ကြီးလာရင်တော့ ညောင်းပေတော့ **"ပင်စင်"**ပဲ။ ပင်စင်ယူစမနေတတ်ရင် သေတတ်တယ်နော်။ ကျောက်စရစ်တောမာခေါင်ခေါင်မှာ အတောင်ကျွတ်တဲ့ကြိုးကြာ ရေရှာမရသလို ဖြစ်တတ်တယ်နော်။ **"ပင်စင်နာ"**တွေ သတိထားကြဖို့ပါ။ မဟုတ်ရင် **ယောင်တောင်တောင်ကြောင်တက်တက် မောင်းကျောက်မှန်တဲ့ငှက်**လို ဖြစ်သွားတတ်တယ်နော်။

ဒီတော့ **"ပင်စင်နာ"**မဖြစ်အောင် ဘာလုပ်ရမလဲ။ နေတတ်ထိုင်တတ်ရမယ်လေ။ ဝန်ထမ်းဘဝတုန်းက တတ်ခဲ့တဲ့ပညာရပ်တစ်ခုလို မီးစဉ်ကြည့်ပြီး ကတတ်ရမယ်လေ။ ဘယ်တော့မှ အလကားမနေနဲ့။ အအားမနေနဲ့။ အလုပ်တစ်ခုမဟုတ်တစ်ခု အမြဲရှာကြံပြီး လုပ်နေရမယ်လေ။

မိသားစုရှိမယ်ဆိုရင်လဲ ဘယ်တော့မှ ဘယ်သူ့ကိုမှ အားကိုးမရှာနဲ့။ စကားပြောဖော်မရှာနဲ့။ ဒီခေတ်ကြီးမှာ ဘယ်သူမှ အလကား အအားနေလို့မရ။ လက်လှုပ်မှ ပါးစပ်လှုပ်ရမှာမို့ သူသူကိုယ်ကိုယ်အားလုံး ကိုယ်စီကိုယ်င အလုပ်ထွက်လုပ်နေကြရတာမဟုတ်လား။ ဘယ်သူမှ ကိုယ့်အနားလာပြီး အရေးတယူ စကားလက်ဆုံကျနေဖို့ အချိန်မရ၊ အခြေအနေ မပေးဘူး။ ဒါကို ကိုယ်က သိနားလည်ထားရမယ်လေ။ အဲဒီတော့ ကိုယ့်ဘာသာကိုယ် အလုပ်မရှိ အလုပ်ရှာပြီး တစ်ယောက်တည်းနေတတ်အောင်ကြိုးစား။ အဖော်ခင်ပေမဲ့ အဖော်ကိုမင်ဖို့ မကြိုးစားနဲ့တော့။

ကြုံဖူးပါတယ်။ ကျွန်တော်လဲ အဖော်မင်တတ်သူတစ်ယောက်ပါ။ ကိုယ့်လိုပဲ ဝန်ထမ်းဘဝမှာ အတူတူလုပ်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်ပင်စင်စားတွေကို လူစုပြီးစကားပြောဖို့ ကြိုးစားခဲ့ဖူးပါတယ်။ သေသူသေ ဟိုရောက်သည်ရောက် ရောက်သူရောက်နဲ့ အလိုရှိသလောက် လူမစုနိုင်ခဲ့ပါဘူး။ ထူးထူးခြားခြား စုလို့ရတဲ့ ဘဝတူ လူလေးငါးခြောက်ယောက်လောက်ကို စားသောက်ဆိုင်တစ်ဆိုင်မှာ ကိုယ်ကပဲအကုန်အကျခံပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောချင်ရာပြောလို့ရအောင် စီစဉ်ခဲ့ပါသေးတယ်။ ဒါပေမဲ့ မအောင်မြင်ဘူး။ ကိုယ်ဖြစ်စေချင်တာက ဝန်ထမ်းဘဝတုန်းကလို ကြုံခဲ့ဆုံခဲ့ရတဲ့အဖြစ်အပျက်ကလေးတွေကို အားရပါးရ ပြောစေချင်လိုက်တာ။ တကယ်ကြားရတာ

**❖ ကိုယ့်လိုပဲ ဝန်ထမ်းဘဝမှာ အတူတူလုပ်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက် ပင်စင်စားတွေကို လူစုပြီးစကားပြောဖို့ ကြိုးစားခဲ့ဖူးပါတယ်။ သေသူသေ ဟိုရောက်သည်ရောက် ရောက်သူရောက်နဲ့ အလိုရှိသလောက် လူမစုနိုင်ခဲ့ပါဘူး။ ထူးထူးခြားခြားစုလို့ရတဲ့ ဘဝတူ လူလေးငါးခြောက်ယောက်လောက်ကို စားသောက်ဆိုင်တစ်ဆိုင်မှာ ကိုယ်ကပဲအကုန်အကျခံပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောချင်ရာပြောလို့ရအောင် စီစဉ်ခဲ့ပါသေးတယ်။ ဒါပေမဲ့ မအောင်မြင်ဘူး။ ကိုယ်ဖြစ်စေချင်တာက ဝန်ထမ်းဘဝတုန်းကလို ကြုံခဲ့ဆုံခဲ့ရတဲ့အဖြစ်အပျက်ကလေးတွေကို အားရပါးရ ပြောစေချင်လိုက်တာ။ ❖**

ကတော့ "တစ်ယောက်က သူ့အိမ်တွင်းရေးပြဿနာတွေကို ချုံ့သံပါအောင် ညည်းညူပြတယ်။ တစ်ယောက်က သူ့စီးပွားရေးမပြေလည်တာတွေပြော။ နောက်တစ်ယောက်ကျတော့ သူ့ကျန်းမာရေးအခြေအနေတွေကိုပြော။ ဩော် . . . ရှေးဟောင်းနှောင်းဖြစ်ကလေးတွေ ကြားချင်ပါတယ်ဆိုကာမှ တကယ်ကြားရတာက စိတ်မချမ်းသာစရာတွေချည်း။ ဒီထက်ဆိုးတာက တစ်ယောက်က ပဋိစ္စသမုပ္ပါဒ်ကားချပ်ကြီးယူလာပြီး အားရပါးရတရားတော်တွေ ဟောကြားပို့ချတော်မူတယ်ဗျာ။ ကိုင်း မှတ်ကရော။

အဲဒီအခါကျတော့မှ ဇနီးသည်ရဲ့ ပင်စင်စားဘဝတူ သူငယ်ချင်းအပေါင်းအသင်းရောင်းရင်းတွေရဲ့ တွေ့ဆုံပွဲ (Gathering) ကို အထင်ကြီးလေးစားမိတော့တယ်။ သူတို့က အင်းစိန် GTI နဲ့ RITဆင်း အင်ဂျင်နီယာတွေပါ။ လုပ်ငန်းနယ်ပယ်အသီးသီးမှာ ကျင်လည်ရင်း အသက်ကလေးရလာတော့ ပင်စင်စားတွေဖြစ်လာကြတာ။ လစဉ် ပထမပတ်ရဲ့ တနင်္ဂနွေနေ့တိုင်း သူတို့ထိုင်နေကျ စားသောက်ဆိုင်ကြီးတစ်ဆိုင်မှာ ဆုံကြတယ်။ စားကြသောက်ကြကုန်ကျသမျှကို ဘယ်သူဘယ်ဝါရယ်မဟုတ် ကြုံတဲ့သူကရှင်း။ ရန်ပုံငွေအဖြစ် တစ်လ ၅၀၀၀ ကျပ်တော့ လူတိုင်းထည့်ရတယ်။ တစ်ခါတလေ အိမ်တစ်အိမ်မှာ ဒါမှမဟုတ် KTV ဆိုင်တစ်ဆိုင်မှာ ထပ်ချိန်းကြရင်း ဆိုကြကကြသေးတယ်။ သာရေးနာရေးတွေမှာလဲ လိုအပ်သလို လှူကြကူကြနဲ့ သဟဇာတညီညွတ်မျှတကြတယ်။

အဲဒီလို သူတို့အဖွဲ့ကလေးက ညီညီညွတ်ညွတ်နဲ့ စုစုစည်းစည်းကလေး လှုပ်ရှားနေတာကို ကျွန်တော်က ပထမတော့ အမြင်မကြည်ခဲ့ဘူး။ အလကား လူစုပြီး အတင်းအဖျင်းပြောနေကြတယ်ဆိုပြီး ဇနီးဖြစ်သူကို မလိုတမာပြောမိသေးတယ်။ အခု ကိုယ်တွေ့ကြုံတော့မှ ဇနီးသည်ကို ပြန်တောင်းပန်ရတယ်။ ဩော်. . . သူတို့အဖွဲ့က ညီညွတ်လိုက်တာ။ စုစည်းမှုကောင်းလိုက်တာ။ ငါတို့အဖွဲ့ကျတော့ **"ဘဝအသော"**တွေမကြားရဘဲ **"ဘဝအမောာ"**တွေချည်းပဲဆိုတော့ကာ ဆဒ္ဒန်ဆင်မင်းဇာတ်တော်ထဲက မုဆိုးကြီးသောနုတ္တရ်ပြောသလိုပဲ ပြောလိုက်ချင်တော့တယ်။ **"နားဝယ် လက်မစဲ ညီဇော်နံ့သည်ဟုရှုံ့သတဲ့ဘုရား"**။

ကျွန်တော်တို့တုန်းက ကျင်လည်ခဲ့ရတဲ့ ဝန်ထမ်းဘဝဟာ ဘာပဲပြောပြော စိတ်ညစ်စရာနဲ့ ပျော်စရာနှိုင်းယှဉ်ချိန်စက်ရင် ပျော်စရာက များခဲ့ပါတယ်နော်။ စာရေးဘဝကနေ အရာရှိဖြစ်တဲ့ထိ နိုင်ငံရဲ့အမှုတော်ကို ကျေပွန်စွာထမ်းခဲ့ရတဲ့ကာလဟာ ဦးဆွေးဆံမြည့်နှောင်းတမြည့်မြည့်နဲ့ အောက်မေ့စရာကောင်းလှတယ်။

အဲဒီတုန်းက စာရေးတစ်ယောက်ရဲ့လစာဟာ သူနဲ့ သူ့မိသားစုအတွက် ကောင်းကောင်းကြီး လုံလောက်ခဲ့ပါတယ်။ လစာနဲ့ ကုန်ဈေးနှုန်းက ညီညွတ်မျှတလေတော့ ဝန်ထမ်းတွေဟာ အများအားဖြင့် ဘယ်သူမှ အဂတိလိုက်စားဖို့ စိတ်ကူးမရှိခဲ့ကြဘူး။ ရရစားစားနဲ့ လောကကြီးက သာယာခဲ့တယ်။ တစ်ခါတလေ အတ္တသိပ်ကြီးမားတဲ့ အရာရှိဆိုးတွေနဲ့ကြုံရလို့ စိတ်ဆင်းရဲခဲ့ရတာကလွဲရင် ဝန်ထမ်းဘဝဟာ နှစ်လိုမွေ့လျော်ဖွယ်ကောင်းခဲ့တာ အမှန်ပါပဲ။

ဝန်ထမ်းဘဝမှာ တာဝန်အရ နိုင်ငံတော်စရိတ်နဲ့ ပြည်တွင်းဒေသအနှံ့အပြားကိုလဲ စုံနေအောင် ရောက်ခဲ့ဖူးပါရဲ့။ ပြည်ပနိုင်ငံရပ်ခြားကိုလဲ သွားခဲ့ဖူးပါရဲ့၊ မမြင်ဖူးတာတွေမြင်ဖူးပြီး မစားဖူးတာတွေလဲ အလျှံပယ်စားခဲ့သောက်ခဲ့ရဖူးပါရဲ့။ နိုင်ငံတော်ရဲ့ ကျေးဇူး အထူးကြီးမားလှပါပေတယ်။

အခုလို ပင်စင်စားဘဝရောက်ရှိချိန်မှာ နိုင်ငံတော်ဝန်ကို ထမ်းခဲ့စဉ်တုန်းက ကြုံခဲ့ဖူးသမျှ ရသအဖုံဖုံကို ဘဝတူရောင်းရင်း အပေါင်းအသင်းတစ်တွေနဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကို ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်နူးနူးနဲ့ ပြန်နူးချင်တယ်။ ဒီတော့ ကျွန်တော် ထပ်ပြီးကြိုးစားပါအုံးမယ်။ ဆွေရင်းမျိုးရင်းပမာ ပင်စင်နာတွေကို ပြန်စုအုံးမယ်။

ဒီတစ်ခါတော့ အိမ်တွင်းရေးတွေ မပြောကြစတမ်း၊ လူမှုရေး၊ စီးပွားရေး ပြဿနာတွေ မတင်ပြစတမ်း၊ အထူးသဖြင့် ပဋိစ္စသမုပ္ပါဒ်ကားချပ်ကြီးယူလာပြီး တရားမဟောစတမ်းဆိုတဲ့ စည်းကမ်းချက်တွေကြိုတင်ချမှတ်ပြီး ကျွန်တော် လူပြန်စုလိုက်အုံးမယ်။ ဩော်. . . ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ် ပြောစရာလူရှားတယ်လေလေ့။

## တိုက်ကြီးမြို့နယ် တောင်ရပ်ဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး



**တိုက်ကြီး အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ရပ်ဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တောင်ရပ်ဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

တောင်ရပ်ဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုလှိုင်**

## နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နမ့်စန် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မိုင်းစိတ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့် ကော်မတီများဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မိုင်းစိတ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သံသာ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၅၉၂၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၉၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ ၅၉၈၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၉၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးကာလ ခင်ဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၅၉၈၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၅၉၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၂၀၅ ဧကနှင့် ဖူးစားပြောင်း ၅၇၂၃ ဧက စုစုပေါင်း ၅၉၂၈ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၁၀၀၅ ဧကနှင့်ဖူးစားပြောင်း ၄၉၈၂ ဧက စုစုပေါင်း ၅၉၈၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကျေးသီးမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ကျေးသီး အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးသီးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဆေး၊ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ဝမ်ဆန်ကျေးရွာနှင့် နမ့်ကစ်ကျေးရွာတို့တွင် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းမှုများ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကျေးသီးမြို့နယ် ဝမ်ဆန်ကျေးရွာနှင့် နမ့်ကစ်ကျေးရွာတို့တွင် အရှည်တစ်မိုင် လေး ဖာလုံ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၇၄၉ သန်းဖြင့် သိန်းမြင့်မြတ်ပိုင်ကုမ္ပဏီက ဩဂုတ်လပထမပတ်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၇၇ အိမ်၊ လူ ၃၅၃ ဦးတို့အတွက် နွေရာသီရေရှားပါးသည့် ပြဿနာများပြေလည်ကာ သန့်ရှင်းသော သောက်ရေသုံးရေများ ရာသီမရွေး ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းထံမှ သိရသည်။

**ရှုသန်းဦးဝင်း**

# လေငန်းရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်နည်းလမ်းကောင်းများ

ပေါက်ပေါက်

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့ကြီး စတင်တည်ထောင်သည့် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတကာက "ကမ္ဘာ့လေဖြတ်ရောဂါနေ့- World Stroke Day" အဖြစ် သတ်မှတ်ကာ WHO နှင့်လက်တွဲ၍ ကမ္ဘာတစ်ဝန်းရှိပြည်သူများ လေဖြတ်ရောဂါခံစားရမှုနှင့် လျော့ကျစေရန်အတွက် ကာကွယ်ခြင်း၊ ကုသခြင်း၊ ပညာပေးခြင်းနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဦးနှောက်သွေးကြောပေါက်ခြင်းကြောင့် လေဖြတ်ရသကဲ့သို့ ဦးနှောက်သွေးကြောပိတ်ဆို့ခြင်းကြောင့်လည်း လေဖြတ်ခြင်းကိုဖြစ်စေသည်။ မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် လေဖြတ်၊ လေငန်းရောဂါဖြစ်ပွားနှုန်းများပြားနေပြီး လေ့လာမှုမှတ်တမ်းများအရ ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းက လေးဆ၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းက တစ်ဆရှိကြောင်း လေ့လာသိရှိရသည်။

**လေငန်းရောဂါ ကြောက်စရာ**

လေဖြတ်ခံရသူများသည် အသက်ဆုံးရှုံးလျှင် ဆုံးရှုံး၊ အသက်မဆုံးရှုံးလျှင် စကားမပြောနိုင်တော့ခြင်း၊ လမ်းမလျှောက်နိုင်ဘဲ အိပ်ရာထဲလဲနေခြင်း၊ လမ်းလျှောက်နိုင်သော်လည်း တရွတ်ဆွဲနေခြင်း၊ မျက်နှာတစ်ခြမ်းစောင်း၊ ပါးစပ်ရွဲ့ခြင်း၊ စကားပြောမပီသဘဲ အာလေးလျှာလေးဖြစ်ခြင်း စသည်ဖြင့် ဒုက္ခိတဘဝ ရောက်ကြရသည်။ ယခင်ကဲ့သို့ အကောင်းအပတိ ပြန်ဖြစ်ရန် အခွင့်အရေးလွန်စွာနည်းပါးပြီး ကံကောင်း၍ အကောင်းပကတိဖြစ်သည့်တိုင် နောက်ထပ်တစ်ဖန် လေဖြတ်လာနိုင်ပါသေးသည်။ အသက်ကြီးရင့်လာသည်နှင့်အမျှ လေဖြတ်နှုန်း တဖြည်းဖြည်းမြင့်တက်လာပြီး ပျမ်းမျှအသက် ၅၅ နှစ်မှ ၈၅နှစ်အတွင်း အသက် ၁၀ နှစ်တိုးသွားတိုင်း လေဖြတ်ရန်အခွင့်အလမ်း နှစ်ဆတိုးလာနိုင်သည်။

ခန္ဓာကိုယ်ကြီးတစ်ခုလုံး သွေးလည်ပတ်မှုညီညွတ်မျှတနေပါက လေငန်းရောဂါမဖြစ်နိုင်ပေ။ ထိုသို့ သွေးများကောင်းစွာလည်ပတ်နိုင်ရန်အတွက် နှလုံးကျန်းမာနေရန် အထူးလိုအပ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နှလုံးကျန်းမာရေးက လေငန်းရောဂါနှင့် တိုက်ရိုက်ဆက်နွှယ်နေသည်။ လေဖြတ်ခြင်းဝေဒနာသည် အသက်အရွယ်ကြီးရင့်သူများတွင်သာ ဖြစ်ပေါ်ခံစားရခြင်းမဟုတ်ဘဲ ကလေးငယ်များတွင်လည်း ဖြစ်ပေါ်ခံစားရနိုင်ပါသည်။ ကလေးလေဖြတ်ဝေဒနာသည် အများစုမှာ ဦးနှောက်အတွင်းမှ သွေးကြော တစ်ခု ပိတ်ဆို့သွားခြင်းကြောင့် လေဖြတ်ဝေဒနာ ဖြစ်ပေါ်ခံစားရလေ့ရှိသည်။

အမေရိကန်နိုင်ငံရှိ နှလုံးကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်း၏ လေ့လာဆန်းစစ်မှုများအရ သက်ကြီးပိုင်းအရွယ်ရောက်ချိန်၌ ခြေထောက်တစ်ဖက်တည်းပေါ် စက္ကန့် ၂၀ ကြာ မယိုင်မလဲ ဟန်ချက်ညီအောင် ခက်ခက်ခဲခဲ ကြိုးစားရုန်းကန်ရလေလေ၊ ထိုသူများတွင် လေဖြတ်နိုင်ခြေ အခွင့်အလမ်းပိုများလေလေဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် ခြေထောက်တစ်ဖက်တည်းပေါ် စက္ကန့် ၂၀ ကြာ ရပ်ကြည့်ခြင်းနည်းဖြင့် မိမိကိုယ်ကို လေဖြတ်နိုင်ခြေ ရှိမရှိ ကြိုတင်ခန့်မှန်းနိုင်သည်။

**အမျိုးသမီးများနှင့် လေငန်းရောဂါ**

ကမ္ဘာတစ်ဝန်း ပြောင်းလဲလာသည့် လူမှုရေးစနစ်များကြောင့် မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးငါးဦးလျှင် တစ်ဦးနှုန်း လေဖြတ်နိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံတွင် အမျိုးသားများသာမက အမျိုးသမီးများလည်း ဆေးလိပ်သောက်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးများ သုံးစွဲလာခြင်းတို့ ပြုလုပ်လာသည်ကို ယခင်ထက် ပိုမိုတွေ့ရှိရလာပြီး ၎င်းအချက်အလက်များက အမျိုးသမီးများ လေဖြတ်ရောဂါကို ပိုမိုဖြစ်ပွားစေသည်။

ထို့ပြင် လေဖြတ်ရောဂါဖြစ်စေသည့်အခြေအနေများဖြစ်သော ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ သွေးကြောရောင်ရောဂါ၊ ခေါင်းကိုက်ရောဂါ၊ နှလုံးခုန်မမှန်သည့်ရောဂါနှင့် စိတ်ကျရောဂါသည်အမျိုးသမီးများတွင် လေဖြတ်နိုင်ခြေ ပို၍အဖြစ်များလေ့ရှိကြောင်း သိရသည်။ သွေးကြောဖောင်းခြင်းသည် သွေးများက သွေးကြောနံရံကို အကြိမ်ကြိမ်တိုးခြင်းကြောင့်ဖြစ်သည်။ ထိုသို့မကြာခဏ ဖြစ်ပေါ်ခြင်းဖြင့် သွေးကြောနံရံပါးပြီး ပေါက်နိုင်သည်။ သွေးကြောနံရံများ ပေါက်ထွက်ပါက လေဖြတ်ခြင်းနှင့် နှလုံးသွေးကြောပေါက်ခြင်းကို ဖြစ်ပေါ်စေသည်။

❖ ခန္ဓာကိုယ်ကြီးတစ်ခုလုံး သွေးလည်ပတ်မှုညီညွတ်မျှတနေပါက လေငန်းရောဂါမဖြစ်နိုင်ပေ။ ထိုသို့ သွေးများကောင်းစွာလည်ပတ်နိုင်ရန် အတွက် နှလုံးကျန်းမာနေရန် အထူးလိုအပ်သည်။ တစ်နည်းအားဖြင့် ဆိုသော် နှလုံးကျန်းမာရေးက လေငန်းရောဂါနှင့်တိုက်ရိုက်ဆက်နွှယ်နေသည်။ လေဖြတ်ခြင်းဝေဒနာသည် အသက်အရွယ်ကြီးရင့်သူများတွင်သာ ဖြစ်ပေါ်ခံစားရခြင်းမဟုတ်ဘဲ ကလေးငယ်များတွင်လည်း ဖြစ်ပေါ်ခံစားရနိုင်ပါသည်။ ကလေးလေဖြတ်ဝေဒနာသည် အများစုမှာ ဦးနှောက်အတွင်းမှ သွေးကြောတစ်ခုပိတ်ဆို့သွားခြင်းကြောင့် လေဖြတ်ဝေဒနာ ဖြစ်ပေါ်ခံစားရလေ့ရှိသည်။ ❖

**ကိုယ်ဝန်ဆောင်များလည်း လေဖြတ်နိုင်**

အမျိုးသမီးများသည် သန္ဓေတားဆေးများ အသုံးပြုကြပြီး သဘာဝအရ ကိုယ်ဝန်ဆောင်မှုများကို ရှောင်လွှဲကြကြောင်း၊ ကိုယ်ဝန်သည်များသည် လေဖြတ်ရောဂါ ဖြစ်နိုင်ခြေပိုများပြီး ကိုယ်ဝန်ဆိပ်တက်ခြင်း၊ အသက်ကြီးမှကိုယ်ဝန်ဆောင်ခြင်း၊ သွေးကြောပေါက်ခြင်း၊ နှလုံးရောဂါရှိခြင်း၊ သွေးချိုရှိခြင်းနှင့် သွေးပျစ်ခြင်းတို့ကြောင့် ကိုယ်ဝန်သုံးလမှ ခုနစ်လကြားတွင် လေဖြတ်ခြင်းဖြစ်ပေါ်စေနိုင်ကြောင်း မြောက်ဥက္ကလာပ ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုထားသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ လက်ရှိ မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်စဉ် လေဖြတ်ခြင်းကြောင့် သေဆုံးသူမှာ လေးရာခိုင်နှုန်းမှ ၂၉ ရာခိုင်နှုန်းထိ တိုးမြင့်လာကာ လေဖြတ်ပြီးသေဆုံးသည့်လူနာ ၁၀ ဦးလျှင် ခြောက်ဦးမှာ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။

**လေဖြတ်ခါနီး ရှေ့ပြေးလက္ခဏာများ**

လေဖြတ်ခံရသူတချို့၌ ရက်လကြာရှည် တဖြည်းဖြည်း အချိန်ယူ၍ ရောဂါကြီးထွားကာ လေဖြတ်ကြသည်။ သို့သော် ဝေဒနာသည်အများစုကမူ ရုတ်ခြည်းဆိုသကဲ့သို့ လေဖြတ်ခါနီး ရှေ့ပြေးလက္ခဏာများပြလာက လေဖြတ်လေ့ရှိကြသည်။ လေဖြတ်နိုင်သည့် ရှေ့ပြေးလက္ခဏာများသည် ရေချိုးပြီးနောက် မျက်စိနီရဲခြင်း၊ ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း၊ မျက်ခွံနှင့် မျက်နှာကြွက်သားများ ဆတ်ခနဲလှုပ်ခြင်း၊ မကြာခဏ ဝမ်းချုပ်ခြင်း ဗိုက်ထဲလေပွခြင်း၊ ညအချိန် ထုံကျဉ်ပြီး လန့်နိုးခြင်း၊ ညအိပ်ပျော်နေစဉ် လျှာကိုက်မိခြင်း၊ ဆီး(ကျင်ငယ်) အနီရောင်သွားခြင်း၊ ပစ္စည်းများ ကိုင်တွယ်ရာတွင် မကြာခဏ လွတ်ကျတတ်ခြင်း၊ ဖိနပ်ကျွတ်ထွက်ခြင်း၊ လက်မောင်းကိုက်ခဲပြီး လက်မတွင်ထုံကျဉ်ခြင်း၊ ခြေတရွတ်ဆွဲ၍ လေးလံခြင်း၊ စကားပြောလေးခြင်း (အာလေးလျှာလေးဖြစ်ခြင်း)၊ အသက် ၄၅ ကျော် အမျိုးသားများ နေ့ရက်ကြာမြင့်စွာ ခြေနှင့်လက်များထုံကျဉ်ခြင်း၊ အမျိုးသမီးများသွေးဆုံးပြီးနောက် ခြေ၊ လက်များထုံကျဉ်ခြင်း၊ မျက်စိအမြင် ဝေဝါးခြင်း သို့မဟုတ် ရုတ်တရက် မှောင်မည်းသကဲ့သို့ဖြစ်ပြီးမှ ပြန်မြင်ရခြင်း စသည်တို့ဖြစ်သည်။

**လေငန်းရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်နည်းလမ်းကောင်းများ**

- ဆေးလိပ်နှင့် အရက်တို့ကို နှစ်ရှည်လများ စွဲမြဲသောက်ခြင်းက နှလုံးကို ဆိုးဆိုးရွားရွား ဒုက္ခပေးနိုင်သည်။ ထို့ပြင် လူမှုရေးနယ်ပယ်တွင် ထိခိုက်စေတတ်သည့် ဆေးလိပ်၊ အရက် သောက်သုံးခြင်းကို ရပ်တန့်က ရပ်စဲပါ။
- ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း၊ ပြုပြင်ဖန်တီးက ဓာတ်ပြောင်းလဲထားသည့် အစားအသောက်များကို ရှောင်ရှားခြင်း၊ အာဟာရပြည့်အစားအစာများကိုသာ ရွေးချယ်စားသောက်ခြင်း၊ အဆီဓာတ်များသောအစားအစာများရှောင်ခြင်း၊ သဘာဝအော်ဂဲနစ် သစ်သီးများကိုသာ စားသောက်ခြင်း စသည့် အလေ့အကျင့်ကောင်းများမွေးမြူပါ။ **"ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်မှကုသခြင်းထက် ပိုမိုကောင်းမွန်၏"** ဟူသော ကျန်းမာရေးဆောင်ပုဒ်ကို အမြဲသတိရှိနေစေလိုပါသည်။
- သွေးတိုးရောဂါမဖြစ်အောင် နေထိုင်စားသောက်ပါ။ နာတာရှည် သွေးတိုးရှိသူများက သွေးတိုးအတက်အကျကို မကြာခဏ တိုင်းတာစစ်ဆေးပါ။ သွေးထဲရှိမကောင်းသော LDL ကိုလက်စထရောပမာဏ လျော့ကျအောင် မိမိအသက်အရွယ်အလိုက် သင်တော်မည့် လေ့ကျင့်ခန်းမျိုး ပြုလုပ်ပေးပါ။
- သကြား၊ သကြားလုံး၊ ခရင်မ် စသည့်အချိုဓာတ်ကဲသော အစားအစာများ မစားပါနှင့်။ ပြုပြင်ဖန်တီးထားသော သစ်သီးဖျော်ရည်များ၊ အားဖြည့်အချိုရည်များ လျှော့သောက်ပါ။
- မကြာခဏ မူးဝေနောက်ကျိခြင်း၊ မျက်နှာ၊ လက်မောင်း၊ လက်ဖဝါးများတွင် ချွေးစေးများ ထွက်ခြင်း၊ မကြာခဏဆိုသကဲ့သို့ ခေါင်းကိုက်ခြင်း၊ လမ်းလျှောက်သည့်အခါ ဖြောင့်ဖြောင့်မလျှောက်နိုင်ဘဲ ယိမ်းယိုင်ခြင်းတို့က လေငန်းရောဂါ၏ ရှေ့ပြေးလက္ခဏာများဖြစ်၍ သတိပြုပါ။
- ဆိပ်ဖလူးပန်းပင်၏ဥကို ထောင်းပြီးလျှင် ထန်းလျက်ရည်နှင့် တစ်နေ့ သုံးကြိမ်နှုန်းဖြင့် တစ်လခန့်ကြာသည်ထိ သောက်ပေးပါက လေဖြတ်ဝေဒနာသည်များ ပကတိအတိုင်း ပြန်လည်ကောင်းမွန်လာနိုင်သည်။
- နှမ်းဆီ သို့မဟုတ် အုန်းဆီနှင့် စပါးလင်ဆီကို ရောစပ်၍ လေဖြတ်ရောဂါခံစားနေရသော အရေပြားထဲကို စိမ့်ဝင်အောင်ဖိလိမ်းပေးပါ။
- ကန့်ချပ်နီအပင်၏အမြစ်ကိုကြိတ်၍ မုန်ညင်းဆီ သို့မဟုတ် နှမ်းဆီတို့ဖြင့်ရောနယ်ပြီး လိမ်းပေးပါ။
- လိပ်ကျောက်ဆူးက အဆိပ်အတောက်ပြေစေပြီး လေငန်း၊ ဒူလာရောဂါတို့ကို ပျောက်ကင်းစေပါသည်။
- ရှောက်သီးနှင့် ရှောက်ရွက် များများစားပေးပါ။

**ရုတ်တရက် လေဖြတ်ခံရသည့်လူနာကို ရှေးဦးသူနာပြုစုနည်း**

လေဖြတ်နေသည့်လူနာကို ဆေးရုံ၊ ဆေးခန်းသို့ မပို့မီ အောက်ပါရှေးဦးသူနာနည်းများဖြင့် အချိန်မီ ပြုစုထားခြင်းဖြင့် အကြောသေခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ ခြေလက်လှုပ်မရခြင်း၊ စကားမပီသခြင်း စသည်တို့လုံးဝမဖြစ်နိုင်ကြောင်း တရုတ်ရိုးရာအပ်စိုက်ကုသနည်း ဆေးကျမ်းများတွင် အခိုင်အမာအကြံပြုထားပါသည်။ ထို့ကြောင့် မိသားစုနှင့် မိမိပတ်ဝန်းကျင်ကို ကယ်ဆယ်နိုင်ရန်အတွက် အောက်ဖော်ပြပါ ရှေးဦးသူနာပြုစုနည်းများကို လေ့လာမှတ်သားထားရန် လိုပါလိမ့်မည်။

- လူနာကို ရွှေ့ပြောင်းသယ်မခြင်း မပြုပါနှင့်။ ထိုသို့ ချက်ချင်းရွှေ့ပြောင်းလှုပ်ရှားမှုများက ဦးနှောက်သွေးကြောငယ်များကို လျင်မြန်စွာ ပေါက်စေပြီး လူနာ၏အခြေအနေ ပို၍ ဆိုးရွားသွားစေနိုင်သည်။
- လူနာကို လေဖြတ်သည့်နေရာမှာပင် အသာမ ထူပေးပြီး ပြန်လဲမကျအောင် ဘေးမှထိန်း၍ ထိုင်ခိုင်းထားပါ။
- သတိမေ့မြောနေသည့် လူနာကို လက်ချုပ်အပ် သို့မဟုတ် တွယ်ချိတ်ကို အရက်ပြန်ဆွတ်၍ လက်ချောင်း ဆယ်ချောင်း ထိပ်ဖျားများကို (ပဲစေ့ခန့်) သွေးတစ်စက်စီ ထွက်လာအောင် ဖောက်၍ ညှစ်ထုတ်ပေးပါ။ ထိုသို့သွေးထွက်ပြီး မိနစ်အနည်းငယ်အတွင်း လူနာ ပြန်လည်သတိရလာပါလိမ့်မည်။
- လူနာပါးစပ်ရွဲ့သွားပါက လူနာ၏ နားရွက် နှစ်ဖက်ကို နီလာသည်ထိ လက်ဖြင့်သာသာ ပွတ်ဖိခြေပေးပါ။ ပြီးနောက် နားရွက်အောက်ပိုင်း (နားပေါက်ဖောက်သည့်နေရာ)ကို အရက်ပြန်ဆွတ်ထားသော လက်ချုပ်အပ် သို့မဟုတ် တွယ်ချိတ်သုံး၍ နားတစ်ဖက်လျှင် နှစ်ပေါက်စီ ဖောက်ပေးပါ။ နားရွက်နှစ်ဖက်လုံးမှ (ပဲစေ့ခန့်) သွေးနှစ်စက်စီထွက်လာပါက မိနစ်ပိုင်းအတွင်း ရွဲ့နေသောပါးစပ် ပြန်တည့်သွားပါလိမ့်မည်။

**လေဖြန်းခြင်းအတွက် မျက်နှာလေ့ကျင့်ခန်း**

- ပါးဖောင်းလေ့ကျင့်ခန်းကို တစ်ခါလုပ်လျှင် ဆယ်ကြိမ်နှုန်းဖြင့် တစ်နေ့သုံးခါလုပ်ပါ။
- သွားစိ(သွားစေ့)လေ့ကျင့်ခန်းကို တစ်ခါလုပ်လျှင် ဆယ်ကြိမ်နှုန်းဖြင့် တစ်နေ့သုံးခါလုပ်ပါ။
- ပါးလျှာထိုး ဘယ်ညာလေ့ကျင့်ခန်းကို တစ်ခါလုပ်လျှင် ဆယ်ကြိမ်နှုန်းဖြင့် တစ်နေ့သုံးခါလုပ်ပါ။
- နှုတ်ခမ်းစူလေ့ကျင့်ခန်းကို တစ်ခါလုပ်လျှင် ဆယ်ကြိမ်နှုန်းဖြင့် တစ်နေ့ သုံးခါလုပ်ပါ။

အချုပ်အားဖြင့်ဆိုသော် လေဖြတ်လေငန်းရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ မကူးစက်တတ်သောရောဂါ ဖြစ်သော်လည်း ထိုရောဂါက ဝေဒနာသည်၏ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတို့ကို အတိဒုက္ခဖြစ်စေသဖြင့် အန္တရာယ်ရှိသည့်ရောဂါဖြစ်ပြီး လူ့ဘဝသက်တမ်းကို တိုတောင်းစေသည်။ သုတေသနရလဒ်များအရ အကယ်၍ လေငန်းရောဂါခံစားရသူတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက သာမန်လူများထက် သေဆုံးနိုင်ခြေ ၂ ဒသမ ၀၂ ဆ ပိုကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ မိမိကိုယ်တိုင်လည်း လေငန်းမဖြစ်အောင် နေ့စဉ်ဘဝတွင် ကျန်းမာရေးနှင့်အညီ နေထိုင်ပြုမူ စားသောက်သင့်ပြီး အကယ်၍ မိသားစုထဲတွင် လေငန်းရောဂါခံစားနေရသူရှိပါက လူသားချင်းစာနာစိတ်ဖြင့် အစဉ်ဖေးမစောင့်ရှောက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။

# လူငယ့်အားမာန် ဗလငါးတန်

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

"ငှါ့ညီပြောင်ဝင်း မောင်သစ်ဆင်း၊ မင်း၏ သားငယ် သက်နှစ်ဆယ်သည်၊ ဘယ်ဂုဏ်မျိုးကို ကြိုက်သနည်း၊ ရိုးဂုဏ်ဖြောင့်ဂုဏ် ယဉ်ကျေးဂုဏ်သည်၊ လူ့ဘုံလောက နှစ်သာရတည့်၊ သူကငြူစူ မကြည်ဖြူလည်း၊ ခွာရာမရ ကွာမကျ"လို့ ဆရာဇော်ဂျီက ညီသစ်ဆင်းကဗျာစုမှာ ရေးသားခဲ့ပါတယ်။ အသက် ၂၀ ရှိတဲ့ လူငယ်တစ်ယောက်ဟာ ဘယ်လို ဂုဏ်ဒြပ်ကို ကြိုက်သလဲလို့ မေးမြန်းထားတာဖြစ်ပါတယ်။ ရိုးသားတဲ့ဂုဏ်၊ ယဉ်ကျေးတဲ့ဂုဏ်တွေဟာ လူ့လောကရဲ့အနှစ်သာရဖြစ်ပြီး လူတစ်ဦးတစ်ယောက်က အဲဒီဂုဏ်တွေကို ခွာယူပေမဲ့ ကွာကာမကျကြောင်း ရေးသားထားတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လူငယ်တိုင်းဟာ ရိုးသားရပါမယ်။ ရိုးသားမှုဆိုတာက သူတစ်ပါးအပေါ် လိမ်ညာကောက်ကျစ်ယုတ်မာမှုမရှိတာ၊ လိမ်ညာကောက်ကျစ်ပြီးမှ ရရှိလာမဲ့အကျိုးကို မမျှော်ကိုးဘဲ ကိုယ့်ကိုယ်ကိုယ်အားကိုးတာတွေကို ခေါ်ဆိုပါတယ်။ လူငယ်တွေမှာ ဒီလိုခွန်အားတွေရှိလာဖို့ရာ ဘယ်လို အရည်အချင်းတွေနဲ့ ပြည့်စုံရမလဲဆိုရင် ဗလငါးတန်နဲ့ပြည့်စုံရပါမယ်။ ဗလဆိုတဲ့စကားရပ်ကို မြန်မာအဘိဓာန်မှာ "ခွန်အား"လို့ပြဆိုထားပါတယ်။ ဗလငါးတန်ဆိုတာက ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနဲ့ဘောဂဗလတို့ဖြစ်ကြပါတယ်။

ကာယဗလဆိုတာက ခန္ဓာကိုယ်ရဲ့ စွမ်းအားကို ခေါ်ဆိုပါတယ်။ လူငယ်တိုင်းဟာ ကျန်းမာကြံ့ခိုင်ရပါမယ်။ လူလုံးလူဖန် သန်မာထွားကြိုင်းမှုမရှိတာ၊ အားကောင်းမောင်းသန်မဖြစ်တာ၊ ကျန်းမာရေးချို့ယွင်းတာတွေ ဖြစ်ပေါ်နေရင် မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ နိုင်ငံ့အကျိုးတွေကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခြင်းမရှိတော့ပါ။ ခန္ဓာကိုယ်သန်မာထွားကြိုင်းစေဖို့ ကိုယ်လက်လှုပ်ရှားအားကစားကို လုပ်ဆောင်ပြီး အာဟာရရှိတဲ့ အစားအသောက်ကို ရွေးချယ်စားသောက်ရပါမယ်။ တစ်ကိုယ်ရေသန့်ရှင်းမှုရှိပြီး ရောဂါမကျရောက်အောင် ကြိုတင်ကာကွယ်ရပါမယ်။ ကျန်းမာရေးကိုထိခိုက်စေတဲ့ ဆေးလိပ်၊ ကွမ်းယာ၊ မူးယစ်ဆေးဝါး၊ အရက်၊ ဘီယာတွေကို မသုံးစွဲသင့်ပါ။ ဒါ့ပြင် ဓာတုဆေးတွေပါဝင်တဲ့ အစားအသောက်တွေ၊ ဓာတ်မြေသြဇာနဲ့ စိုက်ပျိုးထုတ်လုပ်ထားတဲ့ အသီးအရွက်တွေကိုလဲ မစားသောက်သင့်ပါ။ ကာယဗလမှာ စိတ်ခံစားချက်လဲ ပါဝင်ပါတယ်။ လူငယ်တွေမှာ စိတ်ချမ်းချမ်းသာသာနေထိုင်နိုင်ဖို့ အတွက် ဗုဒ္ဓဘာသာမှာပြဋ္ဌာန်းထားတဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ ဥပေက္ခာစိတ်တွေထားရှိရပါမယ်။ မေတ္တာဆိုတာ "သတ္တဝါတစ်ဦးဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ အာရုံပြုကာ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ခန္ဓာ့ဝန်ကို ကျန်းမာချမ်းသာစွာ ဆောင်ရွက်နိုင်ပါစေ"ဆိုပြီး ဆုတောင်းတာကို ခေါ်ဆိုပါတယ်။ ကရုဏာဆိုတာက "ဆင်းရဲတဲ့သတ္တဝါတစ်ဦးဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ အာရုံပြုကာ ဆင်းရဲဒုက္ခမှ လွတ်မြောက်ပါစေ"လို့ အကြိမ်ကြိမ်နှလုံးသွင်းတာကိုခေါ်ဆိုပါတယ်။ မုဒိတာဆိုတာကတော့ "ချမ်းသာတဲ့သူတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ အာရုံပြုပြီး မိမိတို့တရားသဖြင့်ရရှိထားတဲ့ ပစ္စည်းဥစ္စာတွေမဆုတ်ယုတ်ကြပါစေနှင့်"လို့ စိတ်ထဲမှာကြည်နူးနေတာကိုခေါ်ဆိုပါတယ်။ ဥပေက္ခာဆိုတာက "သတ္တဝါတစ်ဦးဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ အာရုံပြု၍ သတ္တဝါတို့သည်ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်"လို့ ဓမ္မဓိဋ္ဌာန်ကျကျတွေးခေါ်နေမှုကို ခေါ်ဆိုပါတယ်။ ဒါ့ပြင် သည်းခံစိတ်ထားရှိရပါမယ်။ "သည်းခံခြင်းသည် အောင်မြင်ခြင်းဖြစ်သည်"လို့ ဆိုစကားရှိပါတယ်။ ဒါပေမဲ့ အရာရာကို သည်းခံရမယ်လို့ မဆိုလိုပါ။ အနှောင့်အယှက်ပေးတဲ့ စိတ်ခံစားချက်တွေကို အာရုံမထားဘဲ တက်တက်ကြွကြွအလုပ်လုပ်ရပါမယ်။ အဆိုးနဲ့ကြုံလာတဲ့အခါ သင့်တင့်အောင် နှလုံးသွင်းရမဲ့ "ယောနိသောမနသီကာရကျင့်စဉ်" ကို လိုက်နာရပါမယ်။ ဆိုးညစ်ယုတ်မာတဲ့စိတ်ကို ဖယ်ရှားရပါ့မယ်။

ဉာဏဗလဆိုတာက ဉာဏ်ရဲ့စွမ်းအားကို ခေါ်ဆိုပါတယ်။ ဉာဏ်စွမ်းအားရှိစေဖို့ အသိပညာ၊ အတတ်ပညာ၊ နည်းပညာတွေကို လေ့လာဆည်းပူးရပါမယ်။ ဒီနေ့ခေတ်မှာ ဒေတာ(Data)အချက်အလက်တွေနဲ့ အလိုအလျောက်လုပ်ဆောင်နိုင်မှုတွေ ထွန်းကားနေပါတယ်။ ဒါပေမဲ့ လူငယ်တွေရဲ့ဉာဏ်စွမ်းအားကို ဥပေက္ခာပြုထားလို့မရပါ။ စက်ရုပ်နဲ့ လူငယ်တွေရဲ့ ဉာဏ်စွမ်းအားကိုမဖော်ထုတ်နိုင်ပါ။ ဉာဏ်စွမ်းအားဟာ အောင်မြင်မှုအတွက် အရေးပါအရာရောက်နေပါတယ်။ စက်ရုပ်တွေ၊ စက်ပစ္စည်းတွေနဲ့ အလုပ်လုပ်ကြတယ်ဆိုပေမဲ့ အဲဒါတွေကိုလူငယ်တွေရဲ့ ဉာဏ်ရည်နဲ့ ခိုင်းစေရပါတယ်။ စက်ခလုတ်ကိုလူငယ်တွေကပဲ ဖွင့်ရပါတယ်။ ဒီအချက်တွေကိုထည့်သွင်းစဉ်းစားကြည့်ပါ။ လူငယ်တိုင်းဟာ ဉာဏ်ရည်မြင့်မားအောင် အားထုတ်သင့်ပါတယ်။ ဉာဏ်စွမ်းရည် ကိုးမျိုးရှိကြောင်း လေ့လာမှတ်သားရပါတယ်။ အဲဒီ ကိုးမျိုးကတော့ တီထွင်ဖန်တီးမှုစွမ်းရည်၊ ဝေဖန်ပိုင်းခြားတွေးခေါ်မှုစွမ်းရည်၊ စိတ်ခံစားမှုဆိုင်ရာစွမ်းရည်၊ လူမှုဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်၊ ကြီးပွားတိုးတက်ချင်စိတ်နှင့် တက်ကြွစွာသင်ယူလိုမှုစွမ်းရည်၊ ဆုံးဖြတ်ချက်ချနိုင်သည့်စွမ်းရည်၊ ဦးဆောင်နိုင်မှုစွမ်းရည်၊ မတူကွဲပြားမှုနှင့် ယဉ်ကျေးမှုဆိုင်ရာစွမ်းရည်၊ အပြောင်းအလဲတွေကို လက်ခံနိုင်မှုစွမ်းရည်တို့ဖြစ်ကြပါတယ်။ စွမ်းရည်တွေ တိုးတက်အောင် လုပ်ဆောင်နိုင်ရင် ထူးချွန်ထက်မြက်တဲ့လူငယ်အဖြစ်ကို ရောက်ရှိမှာအသေအချာပဲဖြစ်ပါတယ်။

> ❖ လူငယ်တိုင်းဟာ ရိုးသားရပါမယ်။ ရိုးသားမှုဆိုတာက သူတစ်ပါးအပေါ် လိမ်ညာကောက်ကျစ်ယုတ်မာမှုမရှိတာ၊ လိမ်ညာကောက်ကျစ်ပြီးမှ ရရှိလာမဲ့အကျိုးကို မမျှော်ကိုးဘဲ ကိုယ့်ကိုယ်ကိုယ်အားကိုးတာတွေကို ခေါ်ဆိုပါတယ်။ လူငယ်တွေမှာ ဒီလိုခွန်အားတွေရှိလာဖို့ရာ ဘယ်လို အရည်အချင်းတွေနဲ့ ပြည့်စုံရမလဲဆိုရင် ဗလငါးတန်နဲ့ ပြည့်စုံရပါမယ်။ ဗလဆိုတဲ့စကားရပ်ကို မြန်မာအဘိဓာန်မှာ "ခွန်အား"လို့ ပြဆိုထားပါတယ်။ ဗလငါးတန်ဆိုတာက ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနဲ့ ဘောဂဗလတို့ဖြစ်ကြပါတယ်။ ❖

ထူးကဲတဲ့အကျင့်ရဲ့စွမ်းအားကို စာရိတ္တဗလလို့ ခေါ်ဆိုပါတယ်။ စာရိတ္တဟာအမူအကျင့်၊ အလေ့အထ၊ ကိုယ်ကျင့်တရားနဲ့ ဆက်နွယ်နေပါတယ်။ ဒါ့ကြောင့် လူငယ်တွေဟာ ခန္ဓာကိုယ်နဲ့သက်ဆိုင်တဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေ ယဉ်ကျေးသိမ်မွေ့ရမှာဖြစ်ပြီး စိတ်နဲ့သက်ဆိုင်တဲ့မကောင်းတဲ့အကြံ၊ အတွေးတွေကို မထားသင့်ပါ။ လူငယ်တစ်ဦးမှာ စာရိတ္တကောင်းရှိဖို့ လိုအပ်ပါတယ်။ စာရိတ္တကောင်းမွန်မှုပဲ ဘက်စုံတိုးတက်ပါမယ်။ စာရိတ္တကောင်းဖြစ်ပေါ်လာစေဖို့ ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဆိုတဲ့ မြန်မာမှုဓလေ့ထုံးတမ်းတွေကို လိုက်နာသင့်ပါတယ်။ ဒါ့ပြင် လူမှုရေးကျင့်ဝတ်တွေဖြစ်တဲ့ တပည့်ကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ လင်သားကျင့်ဝတ်၊ မယားကျင့်ဝတ်တွေနဲ့အညီ နေထိုင်ရပါမယ်။ တစ်ဦးနဲ့တစ်ဦး ကူညီရိုင်းပင်းတာ၊ ရိုသေမှုရှိတာ၊ ဂါရဝနိဝါတတရားထားရှိတာတွေဟာ စာရိတ္တမဏ္ဍိုင်ရဲ့ အခြေခံရေသောက်မြစ်တွေဖြစ်ကြပါတယ်။ ဒီအချက်တွေအတိုင်း လိုက်နာကျင့်သုံးရင် စာရိတ္တကောင်းမွန်တဲ့ လူငယ်တွေ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

မိတ္တဗလဆိုတာက မိတ်ကောင်းဆွေကောင်းရှိတာကိုခေါ်ဆိုပါတယ်။ လူငယ်တွေဟာ တစ်ဦး၊ တစ်ယောက်တည်း နေထိုင်လို့မရတာကြောင့် အပေါင်းအသင်းမိတ်ဆွေရှိရပါမယ်။ အချင်းချင်းယုံကြည်လေးစားမှု၊ အားထားမြတ်နိုးမှု၊ လေးစားစွာပေါင်းသင်းဆက်ဆံမှု၊ ပြေပြေပြစ်ပြစ်ပြောဆိုဆက်ဆံတတ်မှုတွေရှိရပါမယ်။ လူငယ်တွေမှာ မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်းတွေ ပေါ်များစေဖို့ လိုက်နာဆောင်ရွက်သင့်တဲ့အချက်တွေကို ဆရာကြီး ဦးနုရဲ့ မိတ္တဗလဋီကာကျမ်းမှာ "ပြုံးပါ။ ငြင်းခုံခြင်းအား ရှောင်ရှားပါ။ တစ်ဖက်သား၏အယူအဆကို အလေးဂရုပြုပါ။ သူတစ်ဦးတစ်ယောက်ကို မှားသည်ဟု ဘယ်တော့မှတိုက်ရိုက်မပြောပါနှင့်။ မိမိအမှားကို လျင်လျင်မြန်မြန်လေးလေးနက်နက်ဝန်ခံပါ။ ချိုချိုသာသာနှင့် စကားစပြောပါ။ တစ်ဖက်သား အလျင်အမြန် "အင်း"လိုက်အောင် ကြိုးစားပါ။ တစ်ဖက်သားကို သူပြောချင်တာဝအောင် ပြောပါစေ။ ဂရုတစိုက်နှင့်နားထောင်ပါ။ ကိုယ်ချင်းစာတတ်အောင်ကြိုးစားပါ။ ရိုးသားစွာချီးကျူးပါ။ ရက်ရက်ရောရောရှိပါစေ။ တိုက်ရိုက်သြဇာပေးမည့်အစား လိုရင်းကိုစွပြီးစီးစေမည့် မေးခွန်းများမေးပါ။ တစ်ဖက်သားကို အပြစ်မပြောမီ သင်၏အမှားများကိုဖော်ပြပါ။ သင်လုပ်စေချင်သောအလုပ်ကို တစ်ဖက်သားကို ဝမ်းမြောက်ဝမ်းသာစွာနှင့် လုပ်ချင်အောင်ခိုင်းပါ။ အခြားသူများအပေါ်တွင် အဟုတ်အဟတ်စိတ်ဝင်စားပါ။ မိမိမိတ်ဆွေတို့၏ နာမည်များကို မှတ်သားထားပါ။ တစ်ဖက်သားကို သူ့ကိုယ်သူ အထင်ကြီးလာအောင် လုပ်ပေးပါ။ စေတနာဖြင့် ချီးကျူးရန်မမေ့ပါနှင့်။ တစ်ဖက်သားကို ကြင်နာယုယပါ။ ရိုသေလေးစားပါ။ တစ်ဖက်သားဘက်မှနေ၍ အရာခပ်သိမ်းကို ဝေဖန်ပိုင်းခြားနိုင်အောင် စိတ်ကောင်း၊ စေတနာကောင်းနှင့်ကြိုးစားပါ။ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချစွာပြောဆိုတတ်ပါစေ။ အကြင်သူသည် ဤကိစ္စကို ဆောင်ရွက်နိုင်အံ့။ ထိုသူ၏နောက်သို့ တစ်ကမ္ဘာလုံးလိုက်အံ့၊ အကြင်သူသည် ဤကိစ္စကိုမဆောင်ရွက်နိုင်၊ ထိုသူသည် တစ်ယောက်တည်းနေရအံ့"လို့ရေးသားထားပါတယ်။

ဥစ္စာစနေပေါများတာကို ဘောဂဗလလို့ ခေါ်ဆိုပါတယ်။ လူငယ်တိုင်းဟာ လောကကြီးမှာ ဆက်လက်ရှင်သန်ရပ်တည်နေမှာဖြစ်လို့ ဥစ္စာစနေတွေလိုအပ်ပါတယ်။ ဥစ္စာစနေပေါကြွယ်ဝမှုပဲ ကိုယ့်ရဲ့စီးပွားရေး၊ လူမှုရေး၊ သူတစ်ပါးအရေးတွေကို ပိုမိုစွမ်းဆောင်နိုင်မှာဖြစ်ပြီး စိတ်ချမ်းသာမှုကိုရရှိစေပါတယ်။ ဥစ္စာစနေပေါများစေဖို့ ကြီးပွားချမ်းသာရေးနည်းလမ်းတွေကို သိရှိထားရပါမယ်။ ဗုဒ္ဓဘာသာမှ ဘုရားရှင်က ကြီးပွားချမ်းသာရေးနည်းလမ်းတွေကို ဟောကြားထားခဲ့ပါတယ်။ ဘုရားရှင်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ခုနစ်နှစ်အရွယ်ကလေးငယ်က ဖခင်သူဌေးကြီးကို "လောကမှာကြီးပွားတိုးတက်ချမ်းသာကြောင်း တရားတွေက ဘာတွေဖြစ်ပါသလဲ"ဟု မေးမြန်းခဲ့တာ ဖခင်က မဖြေနိုင်တာကြောင့် ဗုဒ္ဓဘုရားရှင်ထံ ဆက်လက်လျှောက်ထားခဲ့ရာ ကြီးပွားချမ်းသာကြောင်း နည်းလမ်းကောင်းခြောက်ဖြာကိုဟောကြားခဲ့ပါတယ်။ အဲဒါတွေကတော့ "ကျန်းမာရေးကောင်းမွန်ရမည်။ ကိုယ်ကျင့်သီလကောင်းမွန်ရမည်။ ပညာရှိတို့၏စကားကိုမှတ်သားနာယူရမည်။ အကြားအမြင် ဗဟုသုတပြည့်ဝရမည်။ တရားသဘောကိုအစဉ်လိုက်နာရမည်။ အလုပ်တစ်ခုကို တွန့်ဆုတ်စွာမပြုအပ်"တို့ဖြစ်ကြပါတယ်။ ဒီနည်းလမ်းတွေကို ရှင်းလင်းတင်ပြရရင် "အာရောဂျပရမာ လာဘာ" "ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်"လို့ဆိုထားခဲ့တာ လူငယ်တစ်ယောက်ဟာ ဥစ္စာဓနပေါများဖို့အတွက် ကြိုးပမ်းရာမှာ ကျန်းမာမှုက အရေးကြီးလှပါတယ်။ ကျန်းမာရေးမကောင်းရင် ကြီးပွားတိုးတက်ဖို့ရာမဆိုထားနဲ့ စားသောက်၊ သွားလာရာတွေမှာ အဆင်မပြေလှပါ။ ကိုယ်ကျင့်သီလလဲကောင်းရပါမယ်။ လုပ်ငန်းပိုင်းဆိုင်ရာ ဘယ်လောက်ပင်ကျွမ်းကျင်ပါစေ သီလမကောင်းရင် မှားယွင်းမှုတွေတွေ့ကြုံရပြီး သတင်းဆိုးနဲ့ ကျော်ကြားတတ်ပါတယ်။ အမှားနဲ့အမှန်၊ အဆိုးနဲ့အကောင်း၊ အကျိုးနဲ့အကြောင်း ဝေဖန်ပိုင်းခြားတတ်မှုကို ပညာရှိသူတော်ကောင်းတွေက နည်းပေးလမ်းညွှန်ကြပါတယ်။ ဒါကြောင့် ပညာရှိတွေရဲ့စကားကို မှတ်သားနာယူရပါမယ်။ လောကီလူမှုရေးနယ်ပယ်မှာ ဘောဂဗလပြည့်စုံဖို့ဆောင်ရွက်ရာမှာ လုပ်ကိုင်မှုချင်းတူညီပေမဲ့ အကြားအမြင်ဗဟုသုတရှိသူက အောင်မြင်မှုကိုပိုမိုရရှိစေပါတယ်။ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"ဆိုတဲ့ဆောင်ပုဒ်အတိုင်း ဥစ္စာစနေပေါများလိုသူ လူငယ်တွေဟာ တရားသဘောအမှန်ကို အစဉ်လိုက်နာရပါမယ်။ "တရားသဘော"ဆိုတာက ကောင်းတဲ့ သုစရိုက်တရားတွေကို လိုက်နာကျင့်သုံးပြီး မကောင်းတဲ့ အကုသိုလ်ဒုစရိုက်တွေ ရှောင်ရှားတာကိုခေါ်ဆိုပါတယ်။ ဒါ့ပြင် လူငယ်တစ်ဦးဟာ အလုပ်လုပ်တဲ့နေရာမှာ တွန့်ဆုတ်မနေရပါ။ "တွန့်ဆုတ်မှု" ဆိုတာက ပျင်းရိလေးလံမှုမရှိဘဲ နိုးနိုးကြားကြား ကြိုးကြိုးစားစားနဲ့ လုပ်ကိုင်တာကိုခေါ်ဆိုပါတယ်။ ပျင်းရိပြီး အချိန်ဖြုန်းနေရင် ဘောဂဗလကို မရရှိနိုင်ပါ။

အချုပ်အနေနဲ့ ဒီနေ့ခေတ်ဟာ ပညာခေတ်ဖြစ်တာနဲ့အညီ အရာရာကို ပညာနဲ့ပိုင်းဖြတ်ကြပါတယ်။ လူငယ်တွေ ပညာရှာမှီးရမှာဖြစ်သလို ဗလငါးတန်ကိုလဲ ဖြည့်ဆည်းရပါမယ်။ မြန်မာမှုနယ်ပယ်မှာ လူငယ်တွေ ဗလငါးတန်ပြည့်စုံဖို့ လူကြီးသူမတွေက ပြောဆိုဆုံးမလေ့ရှိကြပါတယ်။ လူငယ်တစ်ဦးချင်းကနေ လူငယ်အားလုံးထိ ဗလငါးတန်နဲ့ ပြည့်စုံနေရင် တိုင်းပြည်နဲ့လူမျိုးမှာ အစဉ်တိုးတက်နေမှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**

– **ဦးနု၏ မိတ္တဗလဋီကာကျမ်း**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၄၇၂၀၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၄၇၂၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၇၁၄၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၄၇၂၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းတိုင်းဒေသကြီးမှာ နေကြာ ၄၇၁၄၁ ဧကစိုက်ပျိုးဖို့ လျာထားတာ ဧက ၄၇၂၀၀ စိုက်ပျိုးပြီးပါပြီ။ ဒီနှစ် အထွက်နှုန်းကောင်းတဲ့ နေကြာမျိုးတွေ အဓိကထားစိုက်ပျိုးပါတယ်။ ပြည်ပကနေ စားအုန်းဆီတင်သွင်းရမှု သက်သာပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နေကြာဆီပိုမိုထုတ်လုပ်နိုင်အောင် ရည်ရွယ်ချက်နဲ့ စိုက်ပျိုးတာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေကြာစိုက်ပျိုးထားရှိမှုအနေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၁၄ ဧက၊ မုံရွာခရိုင်တွင် ဧက ၉၅၃၀၊ ယင်းမာပင်ခရိုင်တွင် ဧက ၁၆၀၉၀၊ ရွှေဘိုခရိုင်တွင် ၁၁၂၇ ဧက၊ ရေဦးခရိုင်တွင် ၄၉၉၆ ဧက၊ ကန့်ဘလူခရိုင်တွင် ၅၈၃ ဧက၊ စစ်ကိုင်းခရိုင်တွင် ဧက ၁၄၇၈၀၊ ကသာခရိုင်တွင် ဧက ၈၀ စုစုပေါင်း ၄၇၂၀၀ ဧကဖြစ်ကြောင်းသိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန်အတွက် ခရိုင်အလိုက် လျာထားမှုအနေဖြင့် မုံရွာခရိုင်တွင် ၉၄၆၆ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၆၀၆၆ ဧက၊ ရွှေဘိုခရိုင်တွင် ၁၁၃၁ ဧက၊ ရေဦးခရိုင်တွင် ၄၉၉၆ ဧက၊ ကန့်ဘလူခရိုင်တွင် ၆၂၈ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၄၇၆၅ ဧက၊ ကသာခရိုင်တွင်ဧက ၈၀၊ ကောလင်းခရိုင်တွင် ကိုးဧက စုစုပေါင်း ၄၇၁၄၁ ဧကဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

# ဘားအံမြို့နယ် ကော့ကဒါကျေးရွာ၌ ဂဝံလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ အောက်တိုဘာ ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကော့ကဒါကျေးရွာအုပ်စု ကော့ကဒါကျေးရွာ၌ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကော့ကဒါကျေးရွာ၌ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကော့ကဒါကျေးရွာ၌ အရှည် ပေ ၂၇၀၀၊ အကျယ် ၁၂ပေ၊ အမြင့် တစ်ပေရှိ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ပထမပတ်ကစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ကော့ကဒါကျေးရွာရှိ အိမ်ခြေ ၃၄၅ အိမ်၊ လူ ၂၂၈၅ ဦးအတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ပြောပြ၍ သိရသည်။ **ဆက်လူ**











ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART MANDALAY Wholesale- ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

"အဂတိပယ်ရှား ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှတ်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၀၉ (ရုံးချိန်အတွင်း)

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

**ကြို့တင် ကာကွယ် မီး အန္တရာယ်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

ကိုဗစ် -၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ရေတ်သီး၊ ရေတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



❖ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရေး အဓိကထား ဆောင်ရွက်ရမည့် အချက်(၄)ချက်ဖြစ်သည့် လုပ်ငန်းသစ်များ အစပျိုးရာတွင် တွေ့ကြုံရမည့် အခက်အခဲအတားအဆီးများ လျှော့ချရေး၊ ရင်းနှီးမတည်ငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ အသိပညာပေးခြင်းနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အားကောင်းစေခြင်း၊ သတင်းကွန်ရက်ချိတ်ဆက်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် သတင်းအချက်အလက်ဖြန့်ဝေမှု အားကောင်းစေခြင်းဖြင့် နိုင်ငံတကာထောက်ပံ့မှုကွင်းဆက် (International Supply Chain)ထဲသို့ ဝင်ရောက်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၂၇ ရက်တွင်ပြုလုပ်သော အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ဝါလကင်းလွတ်သီတင်းကျွတ်အခါသမယတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ပူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယခုနှစ် ဩဂုတ် ၁ ရက် ဒုတိယဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များကို ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့်

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

**Online** လောင်းကစားနှင့်လိမ်လည်မှုများသည် မြန်မာနိုင်ငံမှ တရုတ်ပြည်သူများကို လိမ်လည်ခြင်းမဟုတ်သလို တရုတ်နိုင်ငံမှလည်း မြန်မာပြည်သူများကို လိမ်လည်ခြင်းမဟုတ်ဘဲ ရာဇဝတ်မှုကျူးလွန်ထားသော ပြည်ပြေးလူလိမ်တစ်စုနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က လုပ်ဆောင်နေခြင်းဖြစ်

စာမျက်နှာ - ၁၉